# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် သောကြာနေ့။ Friday, 19 May 2017 (၈၉၂၉)


# တိကျမှန်ကန်သည့် စာရင်းအင်းများအသုံးပြုခြင်းဖြင့် အစိုးရနှင့် ပြည်သူ၊ နိုင်ငံတကာအသိုင်းအဝိုင်းအကြား ယုံကြည်မှုတိုးစေမည်

**နေပြည်တော် မေ ၁၈**

စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ (၂/၂၀၁၇)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီနာယကဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံဖွံ့ဖြိုးရေးအတွက် မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ လက်တွေ့ကျသည့် စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း၊ နိုင်ငံဖွံ့ဖြိုးမှုအတွက် ဦးစားပေးအရေးကြီးလုပ်ငန်းစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရေး အစရှိသည့် ကိစ္စရပ်များအတွက် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် အလွန်အရေးကြီးပါကြောင်း။

ထို့ကြောင့် လိုအပ်နေသည့် စာရင်းအင်းအချက်အလက်များ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်နှင့်တစ်ပြေးညီ ရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော၊ ခိုင်မာသော စာရင်းအင်းများဖြစ်စေရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for the Development of Statistics – NSDS) ကိုကာလရှည် အကောင်အထည်ဖော်ဆောင်ရေးစီမံချက်ကိုလည်း စာရင်းအင်းဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းရေးဆွဲနေပြီး အကောင်အထည်ဖော်ဆောင်ရန်လိုအပ်သည့် Trust Fund နှင့် နည်းပညာအကူအညီများ ရရှိစေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီအစည်းအဝေး၌ ကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

# လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အတွေ့အကြုံကောင်းများကို နိုင်ငံသူ နိုင်ငံသားများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ကောင်းစွာအသုံးချ

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**နေပြည်တော် မေ ၁၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက မကြာမီကာလက ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများက ရွေးကောက်တင်မြှောက်ပေးခဲ့သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကို လှိုက်လှဲစွာကြိုဆိုပါသည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စား ပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**



ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ကျင်းပစဉ်။


**ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီ**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၇

**ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၈

**ကန့်ကွက်စာများနှင့် စပ်လျဉ်း၍ အရေးယူရန်မရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်**

စာမျက်နှာ » ၉





ကြေးမုံ

# နိုင်ငံတော်အကျိုးစီးပွားကို ပြည်သူ့ကိုယ်စားလှယ်များဖော်ဆောင်

ဒုတိယအကြိမ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ယနေ့စတင်ကျင်းပနေပြီဖြစ်သည်။ ယနေ့စတင်ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြီးခဲ့သည့်ဧပြီလ ၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် အစားထိုးပြောင်းလဲသည့် တပ်မတော်သားကိုယ်စားလှယ်များက လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ကတိသစ္စာပြုကြသည်မှာ ထူးခြားမှုပင်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်နေသောယနေ့အချိန်အခါတွင် အခက်အခဲများနှင့်အကျပ်အတည်းများ၊ စိန်ခေါ်မှုများမှာ များပြားမည်ဖြစ်သည်။ ထို့အပြင် ပြည်သူတို့၏လူမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည်။ သို့သော် နိုင်ငံတော်၏မဏ္ဍိုင်ကြီးများဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ စတုတ္ထမဏ္ဍိုင်နှင့် ပြည်သူ့မဏ္ဍိုင်တို့ ဟန်ချက်ညီညီဖြစ်ထွန်းနေမည်ဆိုလျှင် နိုင်ငံအတွက် စိုးရိမ်ပူပန်ဖွယ်အကြောင်းမရှိချေ။

ဥပဒေပြုရေးမဏ္ဍိုင်တွင် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားအတွက် လွှတ်တော်များတွင် ဥပဒေပြုရေးလုပ်ငန်းများသာမက ပြည်သူ့အကျိုးစီးပွားမြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာ ဒုတိယအကြိမ်လွှတ်တော်ကာလအတွင်း နေ့စဉ်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ပြည်သူ့ကိုယ်စားလှယ်များသည် ဥပဒေပြုရေးလုပ်ငန်းများကို လွှတ်တော်များအတွင်း ဆွေးနွေးညှိနှိုင်းအတည်ပြုဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်နေရုံမျှဖြင့် မလုံလောက်ချေ။

ပြည်သူများ၏ ပကတိအခြေအနေမှန်များ၊ ပကတိလိုအပ်ချက်များနှင့် ကင်းကွာခြင်းမပြုသင့်ချေ။ ထို့ကြောင့် လွှတ်တော်များကျင်းပခြင်းမပြုမီ လွှတ်တော်များနားချိန်ကာလများတွင် မိမိတို့အား ရွေးချယ်တင်မြှောက်ပေးခဲ့သော မဲဆန္ဒနယ်မြေများအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ လူမှုဘဝလိုအပ်မှုများကို ကွင်းဆင်းလေ့လာမှတ်သားဆောင်ရွက်ခဲ့ကြပြီး လွှတ်တော်များပြန်လည်စတင်သောအခါ ပြည်သူ့အကျိုးစီးပွားအတွက် လက်တွေ့ကျကျ ဖြည့်ဆည်းအကောင်အထည်ဖော်ပေးနိုင်ရေးဆောင်ရွက်ပေးလိမ့်မည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်း ငါးဆယ်ကျော်ရှိနေပြီး လူဦးရေမှာလည်း တစ်နေ့တခြားတိုးပွားနေသဖြင့် ပြည်သူတို့လိုအပ်ချက်များမှာလည်း တစ်နေ့တခြားမြင့်မားနေသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူများ၌ တည်သည်ဟုဆိုထားသည်။ သို့ရာတွင် သန်းပေါင်းများစွာသော ပြည်သူတို့သည် ၎င်းတို့၏အရေးအရာကိစ္စများကို မိမိတို့ကိုယ်တိုင်စုဝေး၍ ဆုံးဖြတ်ခြင်းမပြုနိုင်ချေ။ ထို့ကြောင့် ပြည်သူတို့က ကာလအပိုင်းအခြားသတ်မှတ်၍ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံတော်၏ အရေးအရာကိစ္စများကို တာဝန်ယူစဉ်းစားဆုံးဖြတ်ပေးကြရသည်။

ပြည်သူအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို လိုအပ်သလို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းတို့ကို ပြုကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့နှင့်အမြဲတစေ ရင်းနှီးစွာဖြင့် ထိတွေ့ဆက်ဆံရသဖြင့် ကိစ္စအဝဝတွင် ပြည်သူတို့၏သဘောထား၊ ဆန္ဒတို့ကို သိရှိပြီးဖြစ်သည်ဟု ယူဆရသည်။ ပြည်သူတို့၏ သဘောထား၊ ဆန္ဒကို လိုက်လျော၍လည်းကောင်း၊ ပြည်သူတို့၏ အကျိုးကျေးဇူးကို ထောက်ရှု၍လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့အကျိုးစီးပွားများကို ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ကြပေလိမ့်မည်။

လွှတ်တော်များသည် ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ဘဝ အမှန်ကို ထင်ဟပ်ပြသသော ကြေးမုံပြင်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့က ရွေးချယ်ထားကြသူများဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူတို့နှင့်မကင်းကွာဘဲ ပြည်သူတို့နှင့်တစ်သားတည်းရှိကာ စစ်မှန်သောပြည်သူ့ဆန္ဒများကို လွှတ်တော်များတွင် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ထိရောက်စွာသယ်ပိုးကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

Union Peace Conference - 21st Century Panglong (Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

Union Peace Conference - 21st Century Panglong - second session

## မြန်မာဗုဒ္ဓဘာသာနိုးကြားရေးအသင်း(ရန်ကုန်)၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းမှာ ပုဒ်မ ၄(စ)နှင့် ညီညွတ်မှုမရှိသည့်အတွက် ဒေသဆိုင်ရာလိုအပ်ချက်များအခြေခံကာ ဥပဒေနှင့်အညီဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်ကောင်စီ**
**ဥတ္တရခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံး**
**သတင်းထုတ်ပြန်ချက်**
**၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်**
**( ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် )**

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် (၂၀-၅-၂၀၁၇)ရက်နေ့၌ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ပြုရန် မြန်မာဗုဒ္ဓဘာသာနိုးကြားရေးအသင်း(ရန်ကုန်)မှ ဦးကျော်မျိုးသက်က လျှောက်ထားခဲ့ပါသည်။ အစိုးရအနေဖြင့် နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် လျှောက်ထားသူများအနေဖြင့်လည်း ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

၂။ ယခုအချိန်သည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကျင်းပရန် ပြင်ဆင်နေသည့်ကာလဖြစ်သဖြင့် ပြည်ထောင်စုနယ်မြေ၏ တည်ငြိမ်အေးချမ်းရေးသည် လွန်စွာအရေးကြီးသည့် အချိန်ကာလဖြစ်ပါသည်။

၃။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးကို သုံးစွဲဆောင်ရွက်လိုသောနိုင်ငံသား၊ အဖွဲ့အစည်းများသည် ယင်းသို့ဆောင်ရွက်ခွင့်ရရှိရေးအတွက် ကြိုတင်အသိပေးတင်ပြရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄(စ)အရ တာဝန်ရှိပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်ကို တင်ပြရမည်ဖြစ်ပါသည်။ ဦးကျော်မျိုးသက်က ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ပြုရန် လျှောက်ထားရာတွင် ယင်းသို့ ပုဒ်မ ၄(စ)အရ တင်ပြရမည့်ညှိနှိုင်းသဘောတူညီချက်မပါရှိသဖြင့် ၎င်း၏အသိပေးတင်ပြချက်သည် ဥပဒေပါလိုအပ်ချက်နှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိရပါသည်။ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလိုသူများ၏ အခွင့်အရေးဆုံးရှုံးမှုမရှိစေရေးအတွက် တင်ပြလျှောက်ထားသူများနှင့် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ၂၀၁၇ ခုနှစ်၊ မေ ၁၈ ရက် ၁၃၀၀ အချိန်တွင် တွေ့ဆုံညှိနှိုင်းခဲ့ကြရာ-

(က) ရန်ကုန် (သို့မဟုတ်) မန္တလေးမှ လာရောက်မည့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်မည့်သူများသည် အောက်ပါလမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့်လာရောက်ရန် သဘောတူခဲ့ကြပါသည်-

(၁) ရန်ကုန်ဘက်မှ ဝင်ရောက်ပါက တောင်စဉ်အေး သကြားစက်မှ ရန်ကုန်-မန္တလေး(လမ်းဟောင်း)အတိုင်း လယ်ဝေးမြို့နယ်၊ အင်ဘုကွေ့လမ်းဆုံအထိ၊ အင်ဘုကွေ့လမ်းဆုံမှ ရာဇဌာနီလမ်းအတိုင်း ရွှေပြည်တော်ဝင်လမ်းနှင့်ဆုံသည်အထိ (ကံ့ကော်ပန်းအဝိုင်း)၊ ၎င်းလမ်းဆုံမှ ရွှေပြည်တော်ဝင်လမ်းအတိုင်း နေပြည်တော်မြို့ပတ်လမ်း (V-4 လမ်း)နှင့် ဆုံသည်အထိ၊ ၎င်းလမ်းဆုံမှ နေပြည်တော်မြို့ပတ်လမ်း (V-4 လမ်း)အတိုင်း ပျဉ်းမနား-တောင်ညိုကားလမ်းနှင့်ဆုံသည့် (V-4 လမ်း)အထိ၊ (V-4 လမ်း)လမ်းဆုံမှ ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်းအထိ။

(၂) မန္တလေးဘက်မှဝင်ရောက်ပါက တပ်ကုန်းမြို့နယ်အတွင်း ရန်ကုန်-မန္တလေး(လမ်းဟောင်း) မိုင်တိုင်အမှတ်(၂၇၈/၄) မှ နေပြည်တော်-တပ်ကုန်း အမှတ်(၂)လမ်းအတိုင်း သီရိမဏ္ဍိုင်လမ်းနှင့် ဆုံသည်အထိ၊ ၎င်းလမ်းဆုံမှ သီရိမဏ္ဍိုင်လမ်းအတိုင်း နေပြည်တော်မြို့ပတ်လမ်း (V-4 လမ်း)နှင့် ဆုံသည်အထိ၊ ၎င်းလမ်းဆုံမှ နေပြည်တော်မြို့ပတ်လမ်း (V-4 လမ်း)အတိုင်း ပျဉ်းမနား-တောင်ညိုကားလမ်းနှင့် ဆုံသည့် (V-4 လမ်းဆုံ)အထိ၊ (V-4 လမ်းဆုံ)မှ ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်းအထိ။

(ခ) ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်မည့် ကြာမြင့်ချိန်ကို ၂ နာရီထက် မပိုစေရန် သဘောတူကြပါသည်။

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရာတွင် အသုံးပြုမည့်ပိုစတာ၊ ဆိုင်းဘုတ်နှင့် ကြွေးကြော်သံစာသားများကို သဘောတူကြပါသည်။

၄။ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အပိုဒ်(၂)ပါ အခြေအနေများအရ ငြိမ်းချမ်းစွာစုဝေးမည့်အင်အားကို (၃၀၀)ဦးခန့်ဖြင့်ဆောင်ရွက်ရန် ညှိနှိုင်းခဲ့သော်လည်း ဦးကျော်မျိုးသက်နှင့်အဖွဲ့က အင်အား(၁၅၀၀၀)ခန့် စုဝေးခွင့်ပြုရန် တောင်းဆိုပြီး ၎င်းတို့က ဆက်လက်ဆွေးနွေးညှိနှိုင်းခြင်းမပြုသဖြင့် စုဝေးမည့်လူအင်အားနှင့်စပ်လျဉ်း၍ နှစ်ဖက်သဘောတူညီမှုမရရှိခဲ့ပါ။

၅။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို ဥပဒေနှင့်အညီ စနစ်တကျ ကျင်းပနိုင်ရေးအတွက် နှစ်ဖက်အပြန်အလှန် နားလည်မှုရှိစွာဖြင့် ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါသည်။ ခရိုင်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဒေသဆိုင်ရာလိုအပ်ချက်များကိုအခြေခံ၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၈**

ရန်ကုန်(ရွှေဈေး) ၉၀၅၀၀၀ - ၉၀၅၀၀၀ မန္တလေး(ရွှေဈေး) ၉၀၅၀၀၀ - ၉၀၅၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၅ ကျပ်၊ | ၇၀၅/၇၁၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၀ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၅ ကျပ်၊ | ၇၃၀/၇၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀/၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၂၆. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၆၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၅. ၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၁၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၃. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၂. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၂. ၃၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

❖ **ရှေ့ဖုံးမှ**

စာရင်းအင်းလွှမ်းခြုံမှု အားကောင်းနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍ စာရင်းအင်းများကို ရယူနိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်နိုင်ရေး၊ စာရင်းအင်းဥပဒေ ပြဋ္ဌာန်းပြီးပါက အာဏာသက်ရောက်စေရေးအတွက်လည်း ဆက်လက်တွန်းအားပေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ Stakeholder များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် Platform တစ်ရပ်ထူထောင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အဓိကကျသည့်အတွက် အင်နှင့်အားနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့်စာရင်းအင်းများကို အသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်မည်ဖြစ်ပါကြောင်း။

ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု တိုးတက်မှုအခြေအနေကို သုံးသပ်နိုင်သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ပါသတ်မှတ်ချက်များ အကောင်အထည်ဖော်ရေး၊ ညွှန်းကိန်းများ တိုးတက်ဖြစ်ပေါ်လာစေရန်အတွက်လည်း မိမိနိုင်ငံနှင့်ကိုက်ညီသည့် အဓိပ္ပာယ်သတ်မှတ်ချက်များ၊ နည်းလမ်းများကို ဌာနဆိုင်ရာများက ပူးပေါင်းဝိုင်းဝန်းပြီး အဖြေရှာကြရန် လိုအပ်ပါကြောင်း။

SDGs ပန်းတိုင်များ၊ ဆန်ဒိုင်းမူဘောင်ပါသတ်မှတ်ချက်များ၊ အောင်မြင်စေရေးအတွက် ကဏ္ဍဆိုင်ရာ၊ ဒေသန္တရဆိုင်ရာ ရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြရန်၊ နှစ်တိုနှစ်ရှည် စီမံကိန်းများမှာ ထည့်သွင်းအကောင်အထည်ဖော်နိုင်ရေး၊ ညွှန်းကိန်းများ တိုးတက်စေရေးကိစ္စများ ဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စာရင်းအင်းအချက်အလက်များ မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးနှင့်စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အားနည်းချက်နှင့် လိုအပ်ချက်များ၊ ဆောင်ရွက်ရန်နည်းလမ်းများ၊ လိုအပ်ချက်များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ဒေသအလိုက်၊ နယ်ပယ်ကဏ္ဍအလိုက် အတွေ့အကြုံများအပေါ်အခြေခံ၍ အခက်အခဲ၊ လိုအပ်ချက်နှင့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတက ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် လက်တွေ့ကျသည့်မူဝါဒများကို ခိုင်မာအောင်ဆောင်ရွက်သည့်နေရာတွင် အရည်အသွေးရှိသည့် စာရင်းအင်းများ မရှိမဖြစ်အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့်ကဏ္ဍများ၊ နေရာဒေသများနှင့် ဦးစားပေးဖော်ထုတ်မှုများတွင် စာရင်းအင်းမှန်ကန်မှုများ လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ခေတ်စနစ်နှင့်ကိုက်ညီသည့် မြန်မာနိုင်ငံ စာရင်းအင်းဥပဒေသစ် ရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိပြီး မကြာမီ ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ(National Strategy for the Development of Statistics-NSDS)အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ ဖော်ဆောင်နိုင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ(Business for Peace-B4P)အကြောင်း သတင်းမီဒီယာများအား အသိပေးပွဲပြုလုပ်စဉ်။** (ဓာတ်ပုံ-ဖိုးထောင်)

## ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများတွင် စီးပွားရေးလုပ်ငန်းရှင်များ အထောက်အကူပြုပါဝင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများအမည်ဖြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့်အတူ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများတွင် အထောက်အကူပြုနိုင်ရန်ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ(Business for Peace -B4P)အကြောင်း သတင်းမီဒီယာများအား အသိပေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် ပြုလုပ်သည်။

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက "နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းရေးအဓိကကျသလို စီးပွားရေးပတ်ဝန်းကျင်ကောင်း တစ်ခုဟာလည်း ရေရှည်တည်တံ့ခိုင်မြဲပြီးစစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် အဓိကကျပါတယ်။ အဓိကကတော့ United Nations Global Compact Network (UNGC)က ကျင့်သုံးနေတဲ့ အချက်(၁၀)ချက်ကို လိုက်နာကျင့်သုံးဖို့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်တွေမှာ ပုဂ္ဂလိက ကဏ္ဍ အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ကျင့်သုံးရမယ့် ကျင့်စဉ်တွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ပါ"ဟု ပြောသည်။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် United Nations Global Compact Network တို့သည် ပြည်သူလူထု၏ ရေရှည်တည်တံ့သော လူမှုစီးပွားရေးဘဝ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဝိုင်းဝန်းအကောင်အထည်ဖော်ရန်အတွက် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ(B4P)အား ပူးပေါင်းဆောင်ရွက်ရန် ဧပြီ ၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

"စီးပွားရေးလုပ်ငန်းရှင်တွေ ငြိမ်းချမ်းရေးကို ဘယ်လိုအထောက်အကူပြု အကူအညီပေးလို့ရလဲဆိုတော့ အလုပ်အကိုင် ဖန်တီးမှုတွေပေးမယ်။ ဝန်ထမ်းတွေ အရည်အသွေးတက်အောင် လုပ်ပေးလို့ရတယ်။ နောက်နည်းပညာတွေသုံးပြီး အဲဒီဒေသတိုးတက်အောင် လုပ်ပေးဖို့လိုပါတယ်။ ဒါတွေ လုပ်ပေးနိုင်ရင် အဲဒီဒေသအတွက် ငြိမ်းချမ်းရေးလုပ်ငန်းတွေ လုပ်ပေးတာပါပဲ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်ချိန်က နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAOs)နဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းပဲ ပါဝင်နေတာတွေ့ရပါတယ်။ အခုချိန်မှာတော့ ကွက်လပ်တစ်ခုဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍကလည်း ကိုယ့်နိုင်ငံရဲ့ ငြိမ်းချမ်းရေးမှာပါဝင်ဖို့ ကတိကဝတ်ပြုရမယ်။ ကတိကဝတ်ပြုတဲ့နေရာမှာ ပြည်တွင်းမှာသာမက နိုင်ငံတကာရဲ့ ကတိကဝတ်တွေဖြစ်တဲ့ UNGC နဲ့ B4P ကို လက်မှတ်ထိုးပါ"ဟု United Nations Global Compact Network Myanmar (UNGC Network Myanmar)၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ အောင်ထွန်းသက်က ငြိမ်းချမ်းရေးတွင် လုပ်ငန်းရှင်များအနေဖြင့် ပါဝင်နိုင်သည့် အခြေအနေကို ပြောသည်။

ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ Business for Peace (B4P)လုပ်ကိုင်နိုင်ရန် ကုလသမဂ္ဂ၏ တာဝန်ကျေသောလုပ်ငန်းများဆိုင်ရာကွန်ရက်ဖြစ်သည့် Global Compact (GC)သို့ ဝင်ရောက်ရန်လိုအပ်မည်ဖြစ်သည်။ Global Compact ၏ အချက်(၁၀)ချက်ကို လိုက်နာ၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးပါက လုပ်ငန်းတွင် ကုလသမဂ္ဂ၏ Global Compact ကို တပ်ခွင့်ရမည်ဖြစ်သည်။ Global Compact (GC)ရရှိပါက သဘာဝပတ်ဝန်းကျင်၊ အဂတိလိုက်စားမှုပပျောက်ရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးကို လိုက်နာသူဖြစ်ကြောင်း အသိအမှတ်ပြုခံရမည်ဖြစ်သည်။

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေက "အခုဆို ၂၀၁၁ လောက်ကစတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကြောင့် မြဝတီ-ကော့ကရိတ်လမ်းဟာ အေးချမ်းလာတယ်။ ဒီလိုပဲ ငြိမ်းချမ်းလာတာနဲ့အမျှ အလုပ်အကိုင် အခွင့်အလမ်းဆိုတာ ရှိလာမှာပဲ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)မှာ ကြားကာလဆိုတဲ့ အစီအစဉ်တစ်ခုရှိတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့အစိုးရနဲ့ တစ်ဖက်က တာဝန်ရှိသူတွေ ဆွေးနွေးနေတာရှိတယ်။ ငြိမ်းချမ်းရေးအသီးအပွင့်က ဒေသကလူတွေ ခံစားရဖို့ဖြစ်တယ်"ဟု ငြိမ်းချမ်းရေးကြောင့် ရရှိလာမည့်စီးပွားရေး အခြေအနေကို ပြောသည်။

တာဝန်ကျေသော စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝ တည်ငြိမ်မှုကို ဖော်ဆောင်နိုင်ရန်၊ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ "Business for Peace (B4P)"ကို ဒေသခံလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လာစေရေးအတွက် ကုန်သည်/စက်မှုအသင်းချုပ်သည် မေလဒုတိယ ပတ်အတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ သွားရောက်ခဲ့ပြီး ဒေသခံပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပြည်နယ်အစိုးရတို့ကို ညှိနှိုင်းခဲ့သည်။ မေလနောက်ဆုံးပတ်တွင် မန္တလေးမြို့သို့ ထပ်မံသွားရောက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးအတွက် ဖော်ဆောင်နေသည့် ယခုနှစ်တွင် Global Compact (GC)အဖွဲ့ဝင် တစ်သောင်းအထိရရှိရန် ဆောင်ရွက်မည်ဟု ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business for Peace-B4P)အကြောင်း သတင်းမီဒီယာများအား အသိပေးပွဲတွင် ဒေါက်တာ အောင်ထွန်းသက်က ပြောကြားထားသည်။

**(ရဲခေါင်ညွှန့်)**

## အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ်တွင်ရှုံးနိမ့်


**ဗီယင်ကျန်း မေ ၁၈**

၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများတွင် ဖိလစ်ပိုင်က မြန်မာကို သုံးဂိုး-နှစ်ဂိုး၊ ထိုင်းက ကမ္ဘောဒီးယားကို ခြောက်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် တတိယနေရာလုပွဲသာ ကစားရတော့မည်ဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း မြန်မာအသင်းတိုက်စစ်မှူး ဆုပြည့်ပြည့်ကျော်က(၄၇၊ ၅၂)မိနစ်တွင် နှစ်ဂိုးဆက်ပြန်သွင်းခဲ့သောကြောင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သော်လည်း နှစ်ဂိုးပြန်ပေးခဲ့ရသောကြောင့် မြန်မာအသင်း ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား၊ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

# လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀၀၀ ထုတ်လုပ်နိုင်မည့် အဏုမြူဓာတ်ပေါင်းဖိုများတည်ဆောက်ရန် အိန္ဒိယအစိုးရအတည်ပြု



**နယူးဒေလီ မေ ၁၈**

စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀၀ ထုတ်လုပ်နိုင်မည့် အဏုမြူဓာတ်ပေါင်းဖို ၁၀ လုံးတည်ဆောက်ရန် အိန္ဒိယအစိုးရအဖွဲ့က အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအဏုမြူလျှပ်စစ်ဓာတ်အား အစီအစဉ်အရ ဓာတ်ပေါင်းဖို အသစ်များတည်ဆောက်ရန် လိုအပ်သည်။ အသစ်တည်ဆောက်ရန် ရည်မှန်းထားသော ဓာတ်ပေါင်းဖိုများက ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အားပမာဏမှာ နိုင်ငံတစ်နိုင်ငံလုံးတွင် လက်ရှိထုတ်လုပ်နေသော လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်းထက် ပိုမိုများပြားမည်ဖြစ်သည်။

အဏုမြူစွမ်းအင်ထုတ်လုပ်မှုကို အကြီးအကျယ်မြှင့်တင်ရန် ရည်မှန်းထားသော အိန္ဒိယနိုင်ငံ၌ အေပီ-၁၀၀၀ အမျိုးအစားဓာတ်ပေါင်းဖိုများ တည်ဆောက်ပေးရန် အိန္ဒိယနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော အမေရိကန် ဝက်စ်တင်ဟောက်စ် ဓာတ်ပေါင်းဖိုတည်ဆောက်ရေးကုမ္ပဏီ ပြိုလဲလုနီးပါး အခြေအနေနှင့်တွေ့ကြုံခဲ့ရပြီးနောက် ဝန်ကြီးချုပ်နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့က အထက်ပါအတိုင်း တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။

ဝက်စ်တင်ဟောက်စ် လျှပ်စစ်ဓာတ်အားကုမ္ပဏီသည် ဒေဝါလီခံရန် တရားရုံးတော်သို့ ဦးတိုက်လျှောက်ထားခဲ့ရာ ယင်းကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံအကြား ရရှိခဲ့သောသဘောတူညီချက်အတိုင်း ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ သံသယပွားမှုများကို ဖြစ်ပေါ်စေခဲ့သည်။

အသစ်တည်ဆောက်မည့် ဓာတ်ပေါင်းဖိုများကို အိန္ဒိယနိုင်ငံရှိ ရေလေးဓာတ်ပေါင်းဖို ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ဒီဇိုင်းပုံစံရေးဆွဲပေးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လျှပ်စစ်ဓာတ်အားအများစုကို ကျောက်မီးသွေးမှ ထုတ်ယူသည်။ အိန္ဒိယနိုင်ငံ၌ လောလောဆယ်ကာလတွင် နျူကလီးယားဓာတ်အားပေး စက်ရုံ ၂၂ ရုံ ဖွင့်လှစ်ထားပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၇၈၀ ထုတ်လုပ်နိုင်စွမ်းရှိသည်။ အစိုးရ၏ မူဝါဒအရ ပြည်တွင်းဖြစ် ဓာတ်ပေါင်းဖိုများကို ထုတ်လုပ်သွားရန် 'ပြည်တွင်းဖြစ်ကို အားပေးပါ'ဟူသော ရည်မှန်းထားသည်။

**ရိုက်တာ။**

# ပြုံယမ်းအပေါ် နိုင်ငံတကာဖိအားများမြင့်တက်နေသော်လည်း ပြုံယမ်းနှင့် မော်စကို သင်္ဘောသွားလာမှုခရီးစဉ် ပြန်လည်ဖွင့်လှစ်

**ပြုံယမ်း မေ ၁၈**

ပြုံယမ်း၏နျူကလီးယားလက်နက်ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာ ဖိအားများမြင့်တက်လျက်ရှိသော်လည်း မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့အကြား သင်္ဘောသွားလာမှုခရီးစဉ် ပုံမှန်လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၁၇ ရက်က မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ရာဆန်အထူးစီးပွားရေးဇုန်ရှိ ရာဂျန်ဆိပ်ကမ်းတွင် အဆိုပါသင်္ဘောလမ်းကြောင်း ပြန်လည်ဖွင့်လှစ်မှု အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ဆိုသည်။ အဆိုပါသင်္ဘောလမ်းကြောင်းသည် ရာဂျန်ဆိပ်ကမ်းမှ ရုရှားနိုင်ငံအရှေ့ဖျားဆုံးဒေသရှိ ဗလာဒီဗိုစတုတ်ခ်မြို့သို့ ပြေးဆွဲမည်ဖြစ်သည်။

သင်္ဘောခရီးစဉ် ပြေးဆွဲခြင်းကြောင့် နှစ်နိုင်ငံ ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု ရှိစေသည့်အပြင် နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးသွားလာမှုလုပ်ငန်းများကိုပါ အကျိုးအမြတ်ဖြစ်ထွန်းစေသည်။

မေ ၁၇ ရက်က သင်္ဘောဖြတ်သန်းသွားလာမှု ပထမဆုံးလမ်းကြောင်းကို ရာဂျန်ဆိပ်ကမ်းမှ ဗလာဒီဗိုစတုတ်ခ်မြို့သို့ စတင်ခုတ်မောင်းခဲ့ရာ မွန်းတည့်ချိန်မတိုင်မီတွင် ရောက်ရှိခဲ့သည်။ လောလောဆယ်အချိန်တွင် တစ်ပတ်လျှင် အသွား၊ အပြန်တစ်ကြိမ်ခန့်သာ သင်္ဘောခုတ်မောင်းပြေးဆွဲမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# ဗင်နီဇွဲလား၌ မငြိမ်မသက်ဖြစ်နေသော ပြည်နယ်တွင် လုံခြုံရေးထိန်းသိမ်းရန် စစ်သည် ၂၅၀၀ စေလွှတ်

**ဆန်ခရစ္စတိုဘယ် (ဗင်နီဇွဲလား) မေ ၁၈**

ဗင်နီဇွဲလားနိုင်ငံ၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများနှင့်အတူ မငြိမ်မသက်ဖြစ်နေသော နယ်စပ်ဒေသရှိ ပြည်နယ်တစ်ခုတွင် လုယက်မှုများဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးထိန်းသိမ်းနိုင်ရန် အစိုးရအဖွဲ့က စစ်သည် ၂၅၀၀ ကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုလံဘီယာနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော တာချီရာပြည်နယ် မြို့တော်ဆန်ခရစ္စတိုဘယ်၌ လုယက်မှုများ ဖြစ်ပွားစဉ်အတွင်း အသက် ၁၅ နှစ်အရွယ် လူငယ်လေးတစ်ဦး သေနတ်ကျည်ထိမှန်ခံခဲ့ရပြီး သေဆုံးခဲ့ရသည်။ ဆန်ခရစ္စတိုဘယ်ရှိ ဈေးဆိုင်များနှင့် စီးပွားရေးလုပ်ငန်းအများစုကို ပိတ်ထားကြောင်း၊ မြို့တော်ရှိ ဆင်းရဲသားများနေထိုင်ရာ ရပ်ကွက်များတွင် ဘက်စ်ကားများ မီးရှို့ခံရပြီး လုယက်မှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း သတင်းတွင်ဖော်ပြသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအသင်း(အိုပက်)အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေးပြဿနာများကို ရင်ဆိုင်နေရပြီး အခြေခံစားသောက်ကုန်များနှင့်ဆေးဝါးများ ဈေးကွက်အတွင်းမှ ပျောက်ကွယ်ခဲ့ရာ ပြည်သူများမှာ မကျေမနပ်ဖြစ်ကြရပြီး အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ဆန္ဒပြသူများက လမ်းများပေါ်တွင် အတားအဆီးများကို ချခဲ့ကြပြီး ဆင်းရဲသားအများစုနေထိုင်ရာ ရပ်ကွက်များတွင် ဈေးဆိုင်များ လုယက်ခံခဲ့ကြရသည်။

ထိုစဉ်အတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗင်နီဇွဲလားအရေးအခင်းနှင့် ပတ်သက်၍ မေ ၁၇ ရက်က ဆွေးနွေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၌ အစိုးရတပ်ဖွဲ့များနှင့် အတိုက်အခံဆန္ဒပြသူများအကြား ရက်သတ္တပတ်အတန်ကြာမျှ အဓိကရုဏ်းများ ဆက်တိုက်ဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၄၃ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဗင်နီဇွဲလား ပဋိပက္ခနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တံခါးပိတ်အစည်းအဝေးကျင်းပရန် အမေရိကန်က တောင်းဆိုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအချို့က အစည်းအဝေး ခေါ်ယူခြင်းကို ကန့်ကွက်ခဲ့သည်။

**ရိုက်တာ။**

■



## အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုအတွင်း တာလီဘန်စစ်သွေးကြွ ၁၀ ဦးသေဆုံး

**ကွမ်ဒုဇ် မေ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့များ၏ လေယာဉ်များက နိုင်ငံမြောက်ပိုင်း ကွမ်ဒုဇ်ပြည်နယ်ရှိ တာလီဘန်အဖွဲ့ဝင်များ ခိုအောင်းရာ ကွာလာဇမ်ခရိုင်အတွင်း မေ ၁၈ ရက် နံနက်အစောပိုင်းက စီးနင်းတိုက်ခိုက်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၁၀ ဦးသေဆုံးကြောင်း၊ သေဆုံးသူများအနက် တာလီဘန်အဖွဲ့၏ အုပ်စုခေါင်းဆောင်တစ်ဦး ပါဝင်ကြောင်း ယင်းပြည်နယ်အုပ်ချုပ်ရေးမှူး မာဘူဘူလာစောရတ်က ပြောကြားသည်။

မေ ၁၈ ရက် နံနက်ပိုင်းတွင် ချာဂူလ်တာပါဒေသရှိ တာလီဘန်များပုန်းခိုရာ ဒေသတစ်ခုကို အစိုးရတပ်ဖွဲ့၏ လေယာဉ်များက လေကြောင်းမှတိုက်ခိုက်ခဲ့ရာ အာဖဂန်တာလီဘန်အဖွဲ့မှ တပ်မှူးကွာရီဦမာတူလာ အပါအဝင် စစ်သွေးကြွ ၁၀ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့များသည် ကွာလာဘီး-ဇယ် ခရိုင်အား နှစ်ရက်အတွင်း သိမ်းယူနိုင်ခဲ့ပြီး ယင်းဒေသအတွင်း လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ။**

### ❍ လွှတ်တော်ကိုယ်စားလှယ်မှ

အစည်းအဝေးများ ရပ်နားထားစဉ် ကာလတွင် မိမိတို့၏ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ၌ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသကဲ့သို့ နိုင်ငံသားပြည်သူများ၏ ဘဝနှင့်ဆန္ဒ အသံများကိုလည်း မြင်တွေ့ကြားသိခဲ့ကြပြီးဖြစ်သည့်အတွက် ပဉ္စမပုံမှန်အစည်းအဝေးကာလတွင် ရလဒ်ကောင်းများ ပိုမိုရရှိမည်ဟု မျှော်လင့်ပါကြောင်း။

ယနေ့ စတင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလသည် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းတစ်နှစ်ကျော်ကာလ ဒုတိယနှစ်သက်တမ်း၏ အစပိုင်းလည်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ယခုကာလအတွင်း ထိုက်သင့်သည့် လွှတ်တော်ဆိုင်ရာ အတွေ့အကြုံကောင်းများ ရရှိနေကြပြီဟု ယုံကြည်ပါကြောင်း၊ ယခု အတွေ့အကြုံကောင်းများကို နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ကောင်းစွာအသုံးချနိုင်ရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

**အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်**

ယခုကျင်းပမည့် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပါအဝင် ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲကျန်ရှိသည့် ဥပဒေကြမ်းများကို ဆွေးနွေးအဆုံးအဖြတ်ရယူခြင်း၊ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ သီးသန့်ရန်ပုံငွေမှခွဲဝေသုံးစွဲခဲ့သည့်ကိစ္စ၊ အရှေ့တောင်အာရှသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စ၊ အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း တည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်၌လည်း မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စများ အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့ထားသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ယနေ့အထိ ၂၂၃ မြို့နယ်မှ လုပ်ငန်းပြီးစီးကြောင်း တင်ပြခဲ့ပြီး ၁၀၃ မြို့နယ် တင်ပြရန်ကျန်ရှိနေသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို ခွင့်ပြုခဲ့ပြီးဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့်နှင့် အဆိုပြုချက်များကို အချိန်မီတင်ပြဆောင်ရွက်ကြရန်လည်း ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပဆဲကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း (၂၁) ရာစုပင်လုံတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါလျှင် ပြည်သူများ မျှော်လင့်တောင့်တနေကြသည့် ငြိမ်းချမ်းရေးကို မလွဲမသွေမုချရရှိမည်ဟု အခိုင်အမာယုံကြည်ကြောင်း ပြောကြားသွားသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

**အရေးကြီးသည့် ညီလာခံကြီး**

ယနေ့ (၂၁)ရာစုပင်လုံသည် ဖက်ဒရယ်ပြည်ထောင်စုထူထောင်သည့်အခါ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် ပြည်ထောင်စုကြီးကို အခိုင်မာဆုံး၊ အကောင်းဆုံး၊ အငြိမ်းချမ်းဆုံး ဖြစ်အောင် ဖော်ဆောင်ပေးမည့် အရေးကြီးသည့် ညီလာခံကြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ညီလာခံကြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ပါဝင်သည့် အဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကျရာကဏ္ဍအသီးသီး၌ ပူးပေါင်းပါဝင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူအားလုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို အဓိကထားပြီး ဥပဒေပြုရေးအပါအဝင် အခြားသော လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအားလုံးအတွက် ထာဝရတည်တံ့ ခိုင်မြဲသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ပေါ်ထွန်းလာရေး ပြည်သူနဲ့အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**သီးသန့်ရန်ပုံငွေတောင်းခံ**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၁၁၃၃၃ ဒသမ ၁၂၂ သန်းခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးကာကွယ်ရေးတာတမံများ ပြန်လည်ပြုပြင်ရေး၊ ပျက်စီးဆုံးရှုံးခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးရေးနှင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်း၊ တံတားများ ပြန်လည်ပြင်ဆင်ရေးတို့အတွက် သီးသန့်ရန်ပုံငွေတောင်းခံရန် ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ရန်ပုံငွေပမာဏကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က ငွေကျပ်သန်း ၁၁၃၃၃ ဒသမ ၁၂၂ (၁၁ ဒသမ ၃၃၃ ဘီလီယံ) ကို သုံးစွဲခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ရေဘေးကာကွယ်ရေးတာတမံများ ပြန်လည်ပြုပြင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၄၁၉၀ ဒသမ ၆၆၇ (၄ ဒသမ ၁၉၁ ဘီလီယံ)၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်သီးနှံများ၊ ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်သူလယ်သမားများအား ထောက်ပံ့ကြေးပေးခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၄၆၆၄ ဒသမ ၈၃၁ (၄ ဒသမ ၆၆၄ ဘီလီယံ)၊ ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးလက်လမ်း၊ တံတားများ ပြင်ဆင်ရန်အတွက် ကျပ်သန်း ၂၄၇၁ ဒသမ ၃၀၀ (၂ ဒသမ ၄၇၁ ဘီလီယံ)ကို ခွဲဝေသုံးစွဲခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကျပ်သန်း ၁၁၃၂၆ ဒသမ ၇၉၈ (၁၁ ဒသမ ၃၂၆ ဘီလီယံ) ကို ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်နိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သီးသန့်ရန်ပုံငွေဆိုသည်မှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကျရောက်မှုကဲ့သို့သော အရေးပေါ်ကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း ဘတ်ဂျက်လျာထားမှုတွင် ပါဝင်ခဲ့ခြင်းမရှိသော်လည်း မဖြစ်မနေ သုံးစွဲရန် လိုအပ်လာမှုများအတွက် ပြည်ထောင်စုအစိုးရက သုံးစွဲနိုင်ရန် သီးသန့်လျာထားပေးသော အသုံးစရိတ်တစ်ရပ်ဖြစ်ပါကြောင်း။

**အကျုံးဝင်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်ပြသော သီးသန့်ရန်ပုံငွေမှ တောင်းခံသည့် အသုံးစရိတ်များမှာ ၂၀၁၆ခုနှစ် မိုးရာသီတွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် တာတမံများ၊ လမ်း၊ တံတားများ ပြန်လည်ပြုပြင်ရန်နှင့် သီးနှံများ ပျက်စီးမှုအတွက် အစားထိုးပြန်လည်စိုက်ပျိုးခြင်း၊ ရာသီချိန်နှင့် လိုက်လျောညီထွေသောသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းတို့အတွက် သီးနှံအလိုက်ထောက်ပံ့ခြင်းတို့အတွက် သုံးစွဲခဲ့ခြင်းဖြစ်ပါသဖြင့် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်တွင် အကျုံးဝင်မှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ် ၁၁၃၃၃ ဒသမ ၁၂၂ သန်း သုံးစွဲခဲ့ခြင်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန်တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ် ၁၁၃၃၃ ဒသမ ၁၂၂ သန်းခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စ**

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အရှေ့တောင်အာရှ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းကို အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကမ္ဘာ့ဘဏ်ထံမှ ရယူမည့် ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၄ သန်းနှင့်အတူ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၅ သန်းဖြင့် အရှေ့တောင်အာရှသဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု စီမံကိန်းကို အဓိကအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုကို ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများမှာ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံရန်ပုံငွေ ထူထောင်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ မြို့ပြရေကြီး၊ ရေလျှံမှုအန္တရာယ်များအား စီမံခန့်ခွဲခြင်း၊ အများပြည်သူ ဝန်ဆောင်မှုအဆောက်အအုံများ ပိုမိုဘေးကင်းလုံခြုံမှုရှိစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းနှင့် စီမံကိန်း စီမံခန့်ခွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်ခြင်းတို့ဖြစ်ပါကြောင်း။

**အတည်ပြုပေးနိုင်ရန်**

ချေးငွေရယူမည့် သဘောတူညီချက်အရ ဆိုင်းငံ့ကာလ ၆နှစ်၊ ပြန်ဆပ်ကာလ ၃၂နှစ် စုစုပေါင်း ချေးငွေ သက်တမ်း ၃၈ နှစ်ဖြစ်ပါကြောင်း၊ အတိုးမဲ့ချေးငွေဖြစ်ပြီး ဝန်ဆောင်ခအဖြစ် တစ်နှစ်လျှင် သုည ဒသမ ၇၅ ရာခိုင်နှုန်း ပေးရမည်ဖြစ်ပါကြောင်း၊ ချေးငွေ ပြန်လည်ပေးဆပ်မှုအစီအစဉ်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ချေးငွေ အမေရိကန်ဒေါ်လာ ၁၀၄ သန်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ချေးငွေ ပြန်လည်ပေးဆပ်ရာတွင် ရန်ကုန်မြို့တော်ရေပေးဝေခြင်း တိုးမြှင့်မှုစီမံကိန်းမှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်မှ စ၍ တစ်နေ့လျှင် ရေဂါလန် သန်း ၄၀ ဖြန့်ဝေနိုင်မည် ဖြစ်သည့်အတွက် သီလဝါအထူးစီးပွားရေးဇုန်သို့ ရေတစ်ဂါလန် ၄ကျပ်နှုန်းဖြင့် တစ်ရက်လျှင် ရောင်းချမည့် ရေဂါလန် ၁၀ သန်းအတွက် တစ်နှစ်ဝင်ငွေ ၁၄ ဒသမ ၆ ဘီလီယံကျပ်မှ ထုတ်နုတ်ပေးဆပ်သွားမည်ဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ချေးငွေ အမေရိကန်ဒေါ်လာ သန်း၂၀ အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နှစ်အလိုက်ထည့်သွင်းတောင်းခံ၍ ပေးဆပ်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်ထံမှ သက်သာမှုရှိသော ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၄ သန်း ရယူရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းကို အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အိန္ဒိယသမုဒ္ဒရာဒေသတွင်း ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့်ဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## အင်းတိုန်တံတားဆောက်လုပ်ပြီးစီး၍ ဒေသခံများနှင့်ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာသွားလာ


**ထီးချိုင့် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နှင့် အင်းတော်မြို့နယ် ကျောင်းကုန်းရွာဆက်သွယ်ထားသည့် ကျောင်းကုန်း - ထီးချိုင့် လမ်းအပိုင်းပေါ်ရှိ မိုင်တိုင်အမှတ် ( ၈၀/၈၁ ) ကြား တံတားအမှတ် (၁၉) ကိုဆောက်လုပ်ပြီးစီး၍ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ခရီးသွားများ၏ပြောပြချက်အရ သိရသည်။

"မနှစ်က ဒီနေရာမှ သစ်သားတံတားလေးပါ၊ တံတားကနိမ့်လည်းနိမ့် မိုးများလို့ချောင်းရေကျလာတဲ့အခါ တံတားပေါ် ထိရေရောက်တယ်။ ကားကြီးတွေဆို မဖြတ်ရဲဘူး။ ရေခန်းအောင်စောင့်ပြီးမှဖြတ်ရတယ်။ မိုးအဆက်မပြတ်ရွာရင် ဒီမှာညအိပ်စောင့်ရပါတယ်။ ဖြစ်ချင်တော့ မနှစ်ကကျွန်တော့်ကားပေါ် မှာတင်လာတာက ကုန်စိမ်းတွေပါ။ အချိန်မီမရောက်လို့တင်လာတဲ့ကုန်စိမ်းတွေ ပျက်စီးခဲ့ဖူးပါတယ်။ ဒီနေရာမှာ အခုလို သံကူကွန်ကရစ်တံတားကြီးဆောက်လုပ်လိုက်တဲ့အတွက် အချိန်မရွေးဖြတ်သန်းသွားလာလို့ရပါပြီ။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာလို့ ဒေသအတွက်ရော ခရီးသွားပြည်သူတွေအတွက်ပါအဆင်ပြေပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ကချင်ပြည်နယ် ဖားကန့်သို့ သွားရောက်မည့် အဝေးပြေးကုန်တင်ကားသမားတစ်ဦးက ဝမ်းသာကျေနပ်စွာပြောပြသည်။

အဆိုပါ အင်းတိုန်တံတားအမှတ်(၁၉) သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားမှာအလျား ပေ ၄၀၊ အကျယ် ၂၄ ပေ၊ အမြင့် ၂၁ ဒသမ ၆ လက်မ ရှိပြီး ချဉ်းကပ်လမ်းမှာတစ်ဖက်လျှင် ပေ ၂၀၀ နှင့် အကျယ် ၁၈ ပေရှိသည်။ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၀ အကုန်ကျခံ၍လမ်းဦးစီးဌာနမှတာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

"တံတားရဲ့ မြေထိန်းနံရံတည်ဆောက်ထားတဲ့အပေါ် ပြည်သူတချို့ ကျွန်တော်တို့ဌာနအပေါ် အမြင်လွဲမှားနေတာရှိပါတယ်။ ဒီတံတားအတွက် ကုန်ကျစရိတ်တောင်းခံစဉ်က မြေထိန်းနံရံအတွက်ကုန်ကျစရိတ်မတင်ထားလို့ ခွင့်ပြုရန်ပုံငွေမရှိပေမယ့် ဒီတံတားရေရှည်ခိုင်ခန့်မှုရှိအောင် ၊ချောင်းရေကျလာရင်ပါလာတဲ့ အမှိုက်သရိုက်နဲ့ဒိုက်တွေက တံတားကို တိုက်စားတဲ့ဒဏ်ခံနိုင်ဖို့ စေတနာထားပြီး ဒီမြေထိန်းနံရံကို ကျောက်အစားကတ္တရာပုံးခွံထဲကို ကျောက်နဲ့သဲထည့်ပြီး စနစ်တကျစီပေးထားခြင်းဖြစ်ပါတယ်"ဟု လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ( ၂ )ဦးဝေဖြိုးအောင်က ပြောပြသည်။



**ကျော်ခဲ ( မြို့နယ်/ပြန်ဆက် )**

# လူဆိုတာ အတူတူပဲ

**အောင်အောင်(IR)**

> **မိသားစုတန်ဖိုးထားမှုကနေ နိုင်ငံတကာ ငြိမ်းချမ်းရေးကိစ္စတွေအထိ ပြောဆိုဆွေးနွေးနေရင် ပြီးနိုင်မယ်မဟုတ်ပါဘူး။ ဆိုချင်တာက အာရှတန်ဖိုးပဲပြောပြော၊ ဥရောပတန်ဖိုးပဲဆိုဆို လူသားချင်း ခင်မင်ရင်းနှီးစိတ်၊ မိသားစုသံယောဇဉ်စိတ်၊ လူ့အဖွဲ့အစည်းအပေါ် တန်ဖိုးထားမှုတွေကတော့ အတူတူပဲဖြစ်ပါတယ်။**

စာရေးသူရဲ့လက်ရှိအလုပ်က နိုင်ငံရေးနဲ့ပတ်သက်ပါတယ်။ သတင်းပြန်ကြားရေးနဲ့ ပတ်သက်ပါတယ်။ ထူးခြားသတင်းတွေဆို စိစစ်လေ့လာသုံးသပ်ရတယ်ဆိုတော့ ဒီနိုင်ငံမှာ နိုင်ငံရေးက ဘယ်သောအခါမှ အေးချမ်းတည်ငြိမ်တယ်ဆိုတာမျိုးမရှိတော့ စာရေးသူအလုပ်က ပူလောင်တယ်လို့ ပြောလို့ရပါတယ်။ နေ့စဉ် ပူပူလောင်လောင်သတင်းတွေဖတ်၊ လုပ်ဖော်ကိုင်ဖက်တွေကို သုံးသပ်တင်ပြ၊ ဖြစ်နိုင်ခြေကို ခန့်မှန်းတွက်ချက်၊ အစီရင်ခံစာတွေရေး၊ နိုင်ငံရေးဆိုင်ရာခရီးစဉ်တွေကို စီစဉ်၊ ဒီလိုနဲ့ တစ်နေ့ကုန်သွားပါတယ်။ နောက်တစ်နေ့၊ နောက်တစ်ပတ်၊ နောက်တစ်လဒီလိုပါပဲ။ ကိုယ်ကျွမ်းကျင်ဝါသနာပါတဲ့အလုပ်ဖြစ်လို့ စိတ်မညစ်လှပေမယ့် ကောင်းသတင်းနည်းပါးလှတဲ့ မြန်မာ့နိုင်ငံရေးသတင်းတွေကို ဖတ်ရှုသုံးသပ်မိတိုင်း စိတ်မော၊ လူမောဖြစ်ခဲ့ရပေါင်းများခဲ့ပြီ။ တစ်ခါတလေ ရုံးမှာ လုပ်ဖော်ကိုင်ဖက်တွေနဲ့ နိုင်ငံရေးအကြောင်းမဟုတ်ဘဲ လူမှုရေးကိစ္စတွေ၊ မိသားစုကိစ္စတွေပြောဖြစ်တယ်။

ဒီလိုနဲ့ တစ်နေ့လုပ်ဖော်ကိုင်ဖက် နိုင်ငံခြားသားတစ်ဦးကို မြန်မာတွေ မိသားစုသံယောဇဉ် ကြီးမားကြောင်း၊ တစ်ဦးတည်းနေနေတာကို အရွယ်ရောက် အသက်ရနေပြီဖြစ်ပေမယ့် အမေက စိတ်မချကြောင်း၊ အိမ်ထောင်မကျသေးတဲ့ စာရေးသူကို ကလေးတစ်ယောက်လိုမြင်နေကြောင်း၊ ကလေးတစ်ယောက်လို အမြဲသတိပေးဆုံးမနေကြောင်း ရင်ဖွင့်ပြောဆိုဖြစ်ပါတယ်။ မင်းတို့ဆီမှာတော့ ဒါမျိုးရှိချင်မှရှိမယ်။ ငါတို့ အာရှတိုက်မှာတော့ အာရှတန်ဖိုးလို့ ဆိုရမလား။ မိသားစုတန်ဖိုးတွေကို အလေးထားတယ်စသဖြင့် ဆွေးနွေးဖြစ်ပါတယ်။ နိုင်ငံခြားသားမိတ်ဆွေက မိသားစုသံယောဇဉ်ဆိုတာကို လက်ခံပေမယ့် စာရေးသူပြောသလို အာရှမှ မိသားစုသံယောဇဉ်ကြီးတယ်၊ အနောက်နိုင်ငံတွေကတော့ ဒီလိုမျိုး မိသားစုသံယောဇဉ်မရှိလှဘူးဆိုတာမျိုး သွယ်ဝိုက်ပြောဆိုတာကို လက်မခံပါဘူး။ သူက သူတို့ဆီမှာလည်း မိသားစုသံယောဇဉ်ကြီးကြောင်း၊ ရှိကြောင်း၊ မိသားစု အတူတကွနေနိုင်တဲ့ အခွင့်အရေးကို အမြဲစဉ်းစားကြောင်း၊ သို့သော် လိုအပ်တာထက် မပိုကြောင်း၊ မိမိခြေထောက်ရပ်တည်နိုင်ဖို့ကို ဦးစားပေးကြောင်း၊ သံယောဇဉ်ထက် ဖြစ်သင့်တာကို ဦးစားပေးကြောင်း၊ အခွင့်သင့်တာနဲ့ မိသားစုပြန်လည်ပေါင်းစည်းတွေ့ဆုံကြကြောင်း ရှည်ရှည်ဝေးဝေးရှင်းပြပါတယ်။

စာရေးသူအတွေးက ၂၀၁၀ ခုနှစ်လောက်ဆီရောက်သွားတယ်။ ကျောင်းပထမနှစ်ပြီးဆုံးလို့ ၂၀၁၀ ခုနှစ်မှာ စာရေးသူ နယူးယော့ပြည်နယ် ဆီယာကျူစ်မြို့ (Syracuse)မှာရှိတဲ့ အဖွဲ့အစည်းတစ်ခုနဲ့ အလုပ်သင်အဖြစ် သုံးလကြာအလုပ်လုပ်ရတယ်။ အလုပ်သင်ကာလ ဆီယာကျူစ်မြို့မှာရှိတဲ့ မစ္စတာဒစ် (Richard D Jenks) လို့ခေါ်တဲ့ အမေရိကန်ကြီးတစ်ဦးရဲ့ အိမ်မှာနေထိုင်ဖြစ်တယ်။ မစ္စတာဒစ်တို့ ဘိုးဘွားတွေဟာ အင်္ဂလန်ကနေ အမေရိကကို ၁၇၀၀ ပြည့်နှစ်ဝန်းကျင်ကနေ ပြောင်းရွှေ့လာတာလို့သိရတယ်။ ဆိုရရင် အမေရိကန်အစစ်ကြီးပေါ့။ အားလပ်ရက် စနေ၊ တနင်္ဂနွေဆိုရင် မစ္စတာဒစ်နဲ့ မြို့တွင်း၊ မြို့ပြင်လျှောက်လည်ဖြစ်တယ်။ တစ်ခါတလေလည်း အိမ်မှာပဲနေပြီး စကားတွေပြောဖြစ်တယ်။ မျက်နှာချင်းဆိုင်မှာ သူ့ညီအိမ်ရှိတယ်။ သူ့ညီမကလည်း သူ့ဆီ မကြာမကြာလာလည်တယ်။ စာရေးသူအမြင်မှာ သူတို့ မောင်နှမတွေကြည့်ရတာ မြန်မာမိသားစုတစ်စုလိုပဲ။ သံယောဇဉ်ကြီးလှတယ်ပေါ့။ မစ္စတာဒစ်နဲ့ အဲဒီအကြောင်း ဆွေးနွေးဖြစ်တော့ သူ့ညီနဲ့သူ အိမ်နီးချင်းအဖြစ်နေနိုင်အောင် ဘယ်လိုကြိုးစားပြောင်းရွှေ့ခဲ့ရကြောင်း၊ အသက်တွေကြီးပြီဖြစ်လို့ မောင်နှမတွေအားလုံး စုစုစည်းစည်း နေထိုင်နိုင်ဖို့ဟာ သူ့ရည်မှန်းချက်ဖြစ်ကြောင်း ပြောပါတယ်။

ဒီလိုပဲ ကျောင်းပြီးလို့ အိမ်မပြန်ခင်ကျောင်းမှာ ခင်မင်တဲ့ မစ္စတာဒင်းမ် (Dean Storelli) ဆိုတဲ့ တက္ကသိုလ်ဆရာတစ်ဦးက ဖိတ်ကြားလို့ သူ့အိမ်မှာ ညစာသွားစားဖြစ်တယ်။ မစ္စတာဒင်းမ်ဟာ အီတလီနိုင်ငံသားဖြစ်ပြီး သူတို့ဘိုးဘွားတွေက နှစ်ပေါင်းရာချီကတည်းက အီတလီကနေ အမေရိကကို ရွှေ့ပြောင်းလာခဲ့တာဖြစ်ပါတယ်။ ညစာသွားစားတယ်ဆိုပေမယ့် အိမ်ကို စောရောက်နေတာမို့ သူ့အိမ်အတွင်း၊ အပြင်နေရာအနှံ့လျှောက်ပြရင်း သူ့ကလေးတွေအကြောင်း ပြောပြပါတယ်။ သူ့မှာ ဆယ်ကျော်သက် ကလေးသုံးယောက်ရှိပါတယ်။ အကြီးတစ်ယောက်ဆို တက္ကသိုလ်တောင်တက်နေပါပြီ။ ညစာမစားခင် ညစာစားပွဲပြင်ဆင်ဖို့ သူ့ကလေးတွေကို တစ်ဦးချင်း ဘာလုပ်ရမယ်ဆိုတာ စီမံခန့်ခွဲပါတယ်။ ညစာစားပြီးတော့လည်း အိမ်ရှေ့မှာ ဂီတာတီးနေတဲ့ အကြီးကောင်လေးကို သူနဲ့အတူ ပန်းကန်တွေဆေး သန့်ရှင်းရေးလုပ်ဖို့ ခေါ်ပါတယ်။ စာရေးသူက ဝင်ကူဖို့လုပ်တာကိုလည်း ဧည့်သည်မို့လို့ အေးအေးသာနေပါဆိုပြီး ကူညီခွင့်မပြုပါဘူး။ ညစာစားပြီးမပြန်ခင် မစ္စတာဒင်းမ်ကို မင်းတို့ မိသားစုက မြန်မာမိသားစုတစ်စုလိုပဲလို့ဆိုတော့ သူကဘာကိုဆိုလိုသလဲလို့ မေးပါတယ်။ မိသားစုအတွင်း အခုလို နီးနီးကပ်ကပ်လုပ်ဆောင်တာ၊ ကလေးတွေ အရွယ်ရောက်နေပေမယ့် ဖခင်ဖြစ်သူက ကလေးတွေ ဘာလုပ်ရမယ်ဆိုတာ ဝင်ရောက်ပြောဆိုနေတာ ထူးဆန်းသလိုဖြစ်မိတယ်လို့ဆိုတော့ မစ္စတာဒင်းမ်က ပြုံးပါတယ်။ ကလေးတွေကို လွတ်လပ်ခွင့်ပေးတယ်ဆိုတာ အတိုင်းအတာရှိကြောင်း၊ အခုဆို အမေရိကမှာ စီးပွားရေးကျဆင်းလို့ လူငယ်အတော်များများဟာ မိသားစုနဲ့အတူ နေထိုင်ကြရကြောင်း၊ မိသားစုနဲ့ နေထိုင်တာဖြစ်လို့၊ မိဘနဲ့ နေထိုင်တာဖြစ်လို့ မိသားစုစည်းကမ်း၊ အိမ်စည်းကမ်းလိုက်နာဖို့လိုကြောင်း ရှင်းပြပါတယ်။

စာရေးသူတို့ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့၊ ကြားခဲ့ဖူးတဲ့၊ ဖတ်ခဲ့ဖူးတဲ့ ရုပ်ရှင်တွေ၊ အတွေ့အကြုံတွေ၊ စာအုပ်တွေအပေါ် အခြေခံပြီး အနောက်နိုင်ငံသားတွေဆိုတာ မိသားစုသံယောဇဉ် သိပ်မရှိလှဘူး။ လွတ်လပ်ခွင့် အလေးပေးတယ်။ သားသမီးတွေ အသက် (၁၈)နှစ်ပြည့်နှစ်ရင် အိမ်ခွဲနေကြတယ်။ အကူအညီတောင်းရင် မပေးတတ်ဘူး။ နွေးထွေးမှုမရှိဘူး။ အသက်ကြီးသွားရင် အဘိုးကြီး၊ အဘွားကြီးတွေအနားမှာ သား၊ သမီးတွေမရှိတတ်ဘဲ ခွေးလေးတွေ၊ တုတ်ကောက်တွေ အဖော်ပြုပြီး အထီးကျန်တယ်စသဖြင့် သူတို့လူ့အဖွဲ့အစည်းကို ရှုမြင်လေ့ရှိခဲ့တယ်။ အဲဒီလို ရှုမြင်တာဟာ မှန်တာလည်းရှိ၊ မှားတာလည်း ရှိပါတယ်။ သို့သော် စာရေးသူ အတွေ့အကြုံအရကတော့ လူဆိုတာ အခြေခံက အားလုံး အတူတူပဲဖြစ်တယ်။ မိသားစု သံယောဇဉ်ကြီးတယ်။ မိသားစုအတူနေချင်ကြတယ်။ ခင်မင်ရင် ဖိတ်ခေါ်တတ်တယ်။ သို့သော် ကလေးတွေရဲ့ အနာဂတ်၊ မိဘတွေရဲ့ အခန်းကဏ္ဍ၊ မိသားစုကိစ္စ စီမံခန့်ခွဲမှုတွေကတော့ အနောက်နဲ့ အရှေ့ဟာ ကွဲပြားမှုရှိမှာဖြစ်ပါတယ်။ အရှေ့မို့လို့ မိသားစု သံယောဇဉ်ကြီးတယ်။ အနောက်မို့လို့ မိသားစုသံယောဇဉ်နည်းတယ်ဆိုတာမျိုး တရားသေမတွက်ကြဖို့ ဖြစ်ပါတယ်။ လူဆိုတာ ခံစားစိတ်မှာ အတူတူပဲဖြစ်ပါတယ်။

စာရေးသူ အမေရိကမှာ ကျောင်းပြီးတော့ မြန်မာနိုင်ငံပြန်မယ်လုပ်တော့ ခင်မင်တဲ့ အမေရိကန် မိသားစုတစ်စုက မပြန်ခင် သူတို့အိမ်မှာ တစ်ရက်၊ နှစ်ရက်လာနေဖို့ ဖိတ်ခေါ်ပါတယ်။ ရင်းရင်းနှီးနှီးကို ဖိတ်ခေါ်တာပါ။ ကျေးဇူးတင်ကြောင်းပြောပြီး သွားတော့မနေဖြစ်ခဲ့ပါ။ ပြီးခဲ့တဲ့လက စာရေးသူ ရခိုင်ပြည်နယ်ကို အလုပ်ကိစ္စနဲ့ ခရီးထွက်ဖြစ်တယ်။ ခရီးစဉ်တစ်လျှောက် အတူပါလာတဲ့ နိုင်ငံတကာက သံတမန်တွေနဲ့လည်း ရင်းနှီးသွားခဲ့တယ်။ တစ်နေ့မနက်ဘက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်ခြား ခြံစည်းရိုးနားဆီ လမ်းလျှောက်ကြရင်း နိုင်ငံခြားသံတမန်တစ်ဦးက စာရေးသူကို ဘန်ကောက်ကို မကြာမကြာ အလည်လာသလားလို့မေးတယ်။ မကြာမကြာ မလည်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံမှသာ လည်ဖြစ်ကြောင်း၊ ပြည်ပထွက်ရင် ဘန်ကောက်လေဆိပ်ကိုတော့ ခဏတဖြုတ်ဝင်ဖြစ်ကြောင်း ပြောမိပါတယ်။ သူက စာရေးသူကို ဘန်ကောက်ရောက်ရင် တစ်ရက်၊ နှစ်ရက် ဆိုပါက သူ့အိမ်မှာ ဝင်ရောက်တည်းခိုနိုင်ကြောင်း ဖိတ်ခေါ်ပါတယ်။ ခင်မင်ရင်းနှီးကြောင်း ထင်ရှားစွာပြသတဲ့ အချက်ပြမှုဖြစ်ပါတယ်။ ခင်မင်ရင်းနှီးတဲ့ အမေရိကန်၊ ဥရောပသားတွေနဲ့ တွေ့လို့ နိုင်ငံခြားခရီးထွက်ရင် ဘယ်မှာတည်းသလဲမေးရင် အများစုက သွားမယ့်နိုင်ငံမှာ သူငယ်ချင်းအိမ်၊ ဆွေမျိုးအိမ်တွေရှိရင် အဲဒီတွေမှာ တည်းခိုကြောင်း ပြောကြပါတယ်။

လူသားဆန်မှုအပေါ် သုံးသပ်ချက်တွေက အမျိုးမျိုးရှိပါတယ်။ အချို့ပညာရှင်တွေက အာရှတိုက်သားတွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပေမယ့် လူသားဆန်မှုမှာတော့ အားနည်းတယ်လို့ ရှုမြင်ကြပါတယ်။ အတ္တကြီးတယ်။ ကိုယ့်မိသားစုလောက်ပဲ၊ ကိုယ့်လူ့အဖွဲ့အစည်းလောက်ပဲ၊ ကိုယ့်နိုင်ငံလောက်ပဲ ကွက်မြင်ကြတယ်။ အခြားလူ့အဖွဲ့အစည်း၊ နိုင်ငံတကာအထိ မစဉ်းစားတတ်ကြဘူးပေါ့။ သူတို့ (အနောက်နိုင်ငံတွေ) ကတော့ ကိုယ့်မိသားစုထက်ကျော်လွန်ပြီး၊ ကိုယ့်လူ့အဖွဲ့အစည်းထက် ကျော်လွန်ပြီး၊ ကိုယ့်နိုင်ငံထက်ကျော်လွန်ပြီး စဉ်းစားကြတယ်ပေါ့။ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတာအထိ ထည့်သွင်းစဉ်းစား လုပ်ဆောင်တယ်ပေါ့။ မိသားစုတန်ဖိုးထားမှုကနေ နိုင်ငံတကာငြိမ်းချမ်းရေးကိစ္စတွေအထိ ပြောဆိုဆွေးနွေးနေရင် ပြီးနိုင်မယ်မဟုတ်ပါဘူး။ ဆိုချင်တာက အာရှတန်ဖိုးပဲပြောပြော၊ ဥရောပတန်ဖိုးပဲဆိုဆို လူသားချင်း ခင်မင်ရင်းနှီးစိတ်၊ မိသားစုသံယောဇဉ်စိတ်၊ လူ့အဖွဲ့အစည်းအပေါ် တန်ဖိုးထားမှုတွေကတော့ အတူတူပဲဖြစ်ပါတယ်။ အသေးစိတ်ရှုမြင်ပုံခြင်း၊ ချဉ်းကပ်ဆောင်ရွက်ပုံတွေကတော့ ကွဲပြားမှာဖြစ်ပါတယ်။ သူတို့က သံယောဇဉ်နည်းတယ်၊ ငါတို့က သံယောဇဉ်များတယ်ဆိုတာမျိုး ပုံသေမကောက်ယူကြဘဲ လူဆိုတာ အတူတူသာဖြစ်ပါကြောင်း သုံးသပ်ရေးသားတင်ပြလိုက်ပါတယ်။ ။


## ကံပုံတလို့ရွာတွင်းလမ်း(၀/၃)မိုင် ကျောက်ချောလမ်းဖွင့်

**နေပြည်တော် မေ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၈ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာအုပ်စု ကံပုံတလို့ကျေးရွာ ကျောက်ချောလမ်း(၀/၃)မိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပရာ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်အောင်၊ ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်မိုးအောင်၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်မိုးအောင်က လမ်း၏အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ဆယ်မိုင်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်အောင်၊ ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်မိုးအောင်တို့က ကျောက်ချောလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးခြင်းကြောင့် ဒေသခံပြည်သူများ အနေဖြင့် ရာသီမရွေး ကား၊ ဆိုင်ကယ်များ သွားလာနိုင်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ကွမ်းသီး၊ ဆီအုန်း၊ အုန်းသီး၊ သီဟိုဠ်၊ သစ်လိမ်သီး စသည့်သီးနှံအများအပြားတို့ကို ပြည်ထောင်စုလမ်းမကြီးနှင့်ဆက်သွယ်၍ မိမိတို့လိုရာဒေသအသီးသီးသို့ ပို့ဆောင်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူ ၂၅၀ အား ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၅၀ နှင့် ပညာသင်ထောက်ပံ့ရေးအလှူငွေကျပ် ငါးသိန်းတို့ကို မေ ၁၇ ရက်က သွားရောက်လှူဒါန်းရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း လက်ခံရယူစဉ်။**

**(ခင်မောင်ချို)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၄ ယူနစ်ရွေးချယ်ရေး စည်းဝေး

**ကျုံပျော် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ခွင့်ရရှိမည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၄ ယူနစ် ရွေးချယ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရန် ဆန္ဒပြုတင်ပြထားသည့် ကျေးရွာများထဲမှ သင့်တော်သည့် ကျေးရွာများအား ရွေးချယ်ပေးခဲ့ကြပြီး စုပေါင်းလက်မှတ်ရေးထိုးခဲ့ကြသည်။

ကျုံပျော်မြို့နယ်တွင် လက်ရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၆၄ ရွာ၊ ယူနစ်ပေါင်း ၅၅ ယူနစ် ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်၍ ရရှိမည့် ၁၄ ယူနစ်ကိုလည်း ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(မြန်/ဆက်)**

# ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီ

**နေပြည်တော် မေ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ကတိသစ္စာမပြုရသေးသည့် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည့် ကိုယ်စားလှယ်များနှင့် အစားထိုးပြောင်းလဲထားသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်က လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုပါကြောင်း၊ ယနေ့စတင်ကျင်းပသည့် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် စတုတ္ထပုံမှန်အစည်းအဝေး ပြီးဆုံးချိန်တွင် ကျန်ရှိခဲ့သည့် ဥပဒေကြမ်း ၁၀ ခုနှင့် အသစ်ထပ်မံရောက်ရှိ လာမည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးသွားကြရမည် ဖြစ်ပါကြောင်း။

### ကြယ်ပွင့်ပြမေးခွန်း ၁၆၄ ခု ရှိ

အဆိုများအနေဖြင့် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်ရှိသည့် အဆို ၃ ခုနှင့် အသင့်ဖြစ်အဆို ၂၂ ခုရှိသည့်အတွက် ဆောင်ရွက်ရန်အဆို စုစုပေါင်း ၂၅ ခုရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် စတုတ္ထပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၁၄၁ ခုအပါအဝင် စုစုပေါင်း အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၆၄ ခု ရှိပါကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံရေး အခြေအနေများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံရေးရည်မှန်းချက် အပြောင်းအလဲများနှင့်အတူ မူဝါဒ၊ သဘောတရားနှင့် လုပ်ငန်းစဉ် အပြောင်းအလဲများကို ထင်ထင်ရှားရှားတွေ့မြင်နေကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံးသည် ၎င်းတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ အဓိကဦးစားပေး ဆောင်ရွက်ကြသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း ကမ္ဘာ့အပြောင်းအလဲတွင် လိုက်ပါပြောင်းလဲတိုးတက်နိုင်သည့် နိုင်ငံအဖြစ် ဖန်တီးပုံဖော်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဥပဒေတို့မည်သည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲရသည့် သဘောရှိပါကြောင်း၊ နိုင်ငံရေးမူဝါဒ၊ စီးပွားရေးစနစ်၊ လူမှုရေးဘဝများပြောင်းလဲသည့်အခါတွင်လည်း ဥပဒေများကို လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပေးရပါကြောင်း။

### စံနမူနာပြ ကျင့်ကြံဆောင်ရွက်

ယင်းအပြောင်းအလဲများ ညီညွတ်မျှတအောင် မိမိတို့ကိုယ်တိုင်ကလည်း ပုံစံကျနေသည့် အတွေးအခေါ်၊ အလေ့အထ(Mind Set)များကို ပြောင်းလဲခံယူ ကျင့်သုံးနိုင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးကာလသည် စတင်ခါစဖြစ်ပြီး များစွာနုနယ်သည့်အခြေအနေတွင်ရှိပါကြောင်း၊ ဒီမိုကရေစီ စံချိန်စံညွှန်းများရောက်ရှိရန် များစွာကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးအတွက် အခက်အခဲ အကျပ်အတည်းများကို ကျော်လွှားကြရဦးမည်ဖြစ်ပါကြောင်း၊ ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအခွင့်အရေးရှိသကဲ့သို့ တာဝန်နှင့်ဝတ္တရားလည်းရှိသည်ကို လွှတ်တော်ကိုယ်စားလှယ်များက စံနမူနာပြ ကျင့်ကြံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ယဉ်ကျေးမှုခိုင်မာရန်အတွက် အပြောင်းအလဲကို ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်အဖြစ် ခံယူထားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီသစွာ နိုင်ငံသူ၊ နိုင်ငံသားများ၏ ဒီမိုကရေစီ အခွင့်အရေးများရရှိပြီး လူမှုစီးပွားဘဝ မြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်(၁၀)ခုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

ယနေ့အစည်းအဝေး၌ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုမေးမြန်းသည့် **သဘာဝရေချို ငါးပုစွန်များ၊ ရေငန်ငါး ပုစွန်များ လျော့နည်းကျဆင်းလာမှုအခြေအနေ၊ ဖမ်းဆီးထုတ်လုပ်နိုင်မှုအခြေအနေ၊ ပြောင်းလဲလာမှုအနေအထားနှင့် ရေရှည်တိုးပွားပေါက်ပွားရှင်သန်နိုင်ရေးတို့ကို သုတေသနပြု လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေချိုငါးသယံဇာတတည်ရှိမှုကို ဖမ်းဆီးရမိသည့် ငါးမျိုးစိတ်၊ အရွယ်အစား၊ အကောင်ရေနှင့်အလေးချိန်၊ မျိုးပွားအင်္ဂါဖွံ့ဖြိုးမှုစသည့် ငါးလုပ်ငန်းဆိုင်ရာ အညွှန်းကိန်းများဖြင့် တိုင်းတာပါကြောင်း၊ ထိုအညွှန်းကိန်းများကို သုတေသနပြုစာရင်းကောက်ယူ၍ နှစ်စဉ် မှတ်တမ်းပြုစုထားရှိပြီး ရရှိလာသည့်မှတ်တမ်းများကို နှစ်စဉ်နှိုင်းယှဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ဂေဟစနစ်ရေရှည်တည်တံ့ရေး

မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ငါးသယံဇာတများ တည်ရှိမှုအခြေအနေကို ယေဘုယျအားဖြင့် ငါးလုပ်ငန်းဆိုင်ရာအညွှန်းကိန်းများ၊ တစ်နာရီငါးအထိအမိ (Catch Per Unit Effort -CPUE)၊ နှစ်စဉ်မျိုးတုန်းမှုမရှိစေဘဲ အမြင့်ဆုံးထုတ်လုပ်နိုင်မှုပမာဏ(Maximum Sustainable Yield- MSY) တို့ကို တိုင်းတာပါကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ဘင်္ဂလားပင်လယ်အတွင်း ဂေဟစနစ်ရေရှည်တည်တံ့ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့်စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ရေငန်ငါးပုစွန်များ ရေရှည်ထုတ်လုပ်နိုင်ရန်အတွက် ငါးဖမ်းစွမ်းအားစုများကို ထိန်းချုပ်ခြင်း၊ ငါးဖမ်းကိရိယာ၊ နည်းများကိုကန့်သတ်ခြင်း၊ ငါးဖမ်းရေယာဉ်များကို ကန့်သတ်ခြင်း၊ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာ သတ်မှတ်ခြင်း၊ ငါးဖမ်းရက်လျှော့ချခြင်းအပြင် တရားမဝင်ငါးဖမ်းဆီးခြင်းများကို ထိရောက်စွာအရေးယူလျက်ရှိပါကြောင်း၊ ထို့ပြင် ဖမ်းဆီးခြင်းလုပ်ငန်းကိုလျှော့ချပြီး မွေးမြူခြင်းလုပ်ငန်းများ တိုးပွားလာစေရေး အားပေးကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

### ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

ကမ်းနီးရေတိမ်ဒေသ အဏ္ဏဝါရေပြင်၏ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ ဒေသခံရေလုပ်သားတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှုတို့ မြှင့်တင်ပေးရန်၊ ငါးလုပ်ငန်းဦးစီးဌာန၏ ဒေသတွင်း ငါးသယံဇာတများနှင့် ငါးဖမ်းလုပ်ငန်းများ စီမံခန့်ခွဲမှုအား အထောက်အကူဖြစ်စေရန်အတွက် ဒေသခံများနှင့် ပူးပေါင်းစီမံခန့်ခွဲသည့် အဏ္ဏဝါရေပြင်(၃)ခုအား တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များတွင် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂေဟစနစ် ပြုပြင်ထိန်းသိမ်းမည့်လုပ်ငန်းနှင့် သုတေသနလုပ်ငန်းများသည် ရေရှည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေရရှိမှု၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီရရှိမှုအပေါ် မူတည်ပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **သမဝါယမတက္ကသိုလ် ဆရာ ဆရာမများအား အခြားတက္ကသိုလ် ဆရာ ဆရာမများနည်းတူ ဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများ ဖြေဆိုခွင့်ပြုခြင်း၊ ရာထူးတိုးပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က သမဝါယမတက္ကသိုလ်တွင် အခြားတက္ကသိုလ်များနည်းတူ ရာထူးနေရာလစ်လပ်မှုအပေါ် မူတည်၍ သတ်မှတ်အရည်အချင်း ကိုက်ညီသူများအား ရာထူးတိုးမြှင့်ခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ဆောင်ရွက်ပေးသွားမည်

လက်ရှိသမဝါယမကောလိပ်၏ ဖွဲ့စည်းပုံသည် အခြားကောလိပ်များ၏ ဖွဲ့စည်းပုံနှင့် တူညီမှုမရှိသည့်အတွက် ကောလိပ်များအား ဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဒီဂရီကောလိပ်များ ဖွဲ့စည်းပုံနှင့် တစ်ပြေးညီဖြစ်စေရန် စီစဉ်တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဖွဲ့စည်းပုံအသစ် အတည်ပြုပြီးပါက ရာထူးတိုးမြှင့်ခြင်းလုပ်ငန်းကို အခြားတက္ကသိုလ်၊ ဒီဂရီကောလိပ်များနည်းတူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းသည့် **လက်ပံတန်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရေကာတာ(၂၃)မိုင်နှင့် မြစ်မခအရှေ့ဘက်ကမ်းရေကာတာများကို တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်းဖြစ်စေမည့် အကြီးစားတည်ဆောက်မှုမျိုး ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဧရာဝတီမြစ် အရှေ့ဘက်ကမ်း တာ(၂၇)မိုင်(၆)ဖာလုံကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းဦးစားပေးအလိုက် အပိုင်း(၅)ပိုင်းခွဲ၍ တာပုံစံလည်းဖြစ်၊ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်း ဖြစ်စေမည့် အကြီးစားပြုပြင်တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး တာမိုင် (၀/၀ မှ ၃/၀) အထိ အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

### ရန်ပုံငွေရရှိမှုအပေါ် မူတည်

တာမိုင် (၃/၀ မှ ၈/၄)နှင့် တာမိုင်(၁၉/၄ မှ ၂၂/၆)အထိ အခိုင်အမာ ပြင်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် တာမိုင် (၈/၄ မှ ၁၉/၄)အထိ အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး မူလရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်၍ ဒေသခံပြည်သူများ၏လိုလားချက်အရ မိုးမတိုင်မီဦးစားပေး၍ ဆောင်ရွက်ရမည့်အပိုင်းများအား စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ တာမိုင်(၂၂/၆ မှ ၂၇/၆) အထိ တာပုံစံကျပြင်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံမည်ဖြစ်ပြီး မရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး မူလရန်ပုံငွေတွင် ဆက်လက်တင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြစ်မခမြစ်အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ကျီးပင်ဆိပ်-အိုးဘိုတန်းတာသည် အလျား ၅ မိုင်၊ မြင်ကဝ-ကျောက်အိုင်တာသည် အလျား ၇ မိုင်နှင့် ဖိုးကတိုးတာသည် အလျား ၄ မိုင် ၃ ဖာလုံရှိပြီး စုစုပေါင်း အလျား(၁၆)မိုင် (၃)ဖာလုံရှိပါကြောင်း၊ မြစ်မခအရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများကို တာပုံစံကျဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်းဖြစ်စေမည့် အကြီးစားပြုပြင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး မူလရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ သရက်မြို့နယ် ပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာသို့ သွားသော ၇ မိုင်ခန့်ရှိသည့်လမ်းအား ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါလမ်းကို လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးလျာထားရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၏ **ဆားလင်းကြီးမြို့နယ်အတွင်း ကျောက်မျက်ကျေးရွာရှိ ရပ်နားထားသော ချင်းတွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ရုပ်သိမ်း၍ မူလအတိုင်း စိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာတောင်သူများသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ချင်းတွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြစ်ပြီး ယင်းစီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ကာ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် ရေပေးဝေမှုကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

### ဖျက်သိမ်းရန် အစီအစဉ်မရှိ

သီးနှံစိုက်ဧရိယာများအတွက် ရေပေးဝေခြင်းလုပ်ငန်းအပြင် ဒေသတွင်း သောက်သုံးရေအတွက်ကိုပါ အထောက်အကူဖြစ်လျက်ရှိပါကြောင်း၊ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေပေးမြောင်းများမှ တစ်ဆင့် ရိုးပင်ရိုး၊ ထန်းတောကြီး၊ ညောင်ပင်ကြီး၊ ရွှေလှေ၊ ပလောင်၊ ဖောင်းကား(အလယ်)၊ ဖောင်းကား(မြောက်)နှင့် ကံကုန်းကျေးရွာ စုစုပေါင်းကျေးရွာ(၈)ရွာရှိ လူဦးရေ(၆၀၀၀)ခန့်ကို သောက်သုံးရေ ပေးဝေလျက်ရှိပါကြောင်း၊ ထို့ပြင် ချင်းတွင်းမြစ်ရေတက်ချိန်တွင် လက်တံမြောင်းပေါင်များသည် ရေနစ်မြုပ်ခြင်းမရှိသည့်အတွက် အဆိုပါကာလတွင် မြောင်းပေါင်များကို ကျေးရွာချင်းဆက်လမ်းသဖွယ် အသုံးပြုလျက်ရှိပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ မိုးခေါင်ခြင်းတို့ဖြစ်ပေါ်ပြီး သီးနှံစိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့လာလျှင် အဆိုပါအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်မည့် မြစ်ရေတင်စီမံကိန်းဖြစ်ပါကြောင်း၊ ဆားလင်းကြီးမြို့နယ်ရှိ ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆက်လက်ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်းနှင့် ဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **တာတမံဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် စိစစ်တွေ့ချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ **(သတင်းစဉ်)**

## မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုဆွေးနွေး

**သန်လျင် မေ ၁၈**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ ၁၉ ရွာမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၏ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ တွေ့ကြုံရသော အခက်အခဲများ၊ တိုးတက်မှုအခြေအနေများ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၃ ရက်က တောင်ပိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **(ကြေးမုံ)**

# ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

နေပြည်တော် မေ ၁၈

**ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကတိသစ္စာမပြုရသေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်း ၅ ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**



**ကတိသစ္စာမပြုရသေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုကြစဉ်။** (သတင်းစဉ်)

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် ပြည်သူများ၏အသံ၊ ပြည်သူများ၏ ဆန္ဒများကို နားထောင်ခဲ့၊ ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ထိုသို့ ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အတွင်း မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများအပြင် သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကော်မတီလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံပြီး မဲဆန္ဒရှင်ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် စကု-မကျည်းတိုက်နယ် စကုကျွန်း၊ မြို့နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ စကုတိုက်နယ်ဆေးရုံးတွင် လစ်လပ်လျက်ရှိသော ဆရာဝန်နေရာ၌ အမြဲတမ်းတာဝန်ထမ်းဆောင်ရန် ဆရာဝန်တစ်ဦး အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရခိုင်ပြည်နယ်အတွင်း၌ တိုက်နယ်ဆေးရုံ(၄၇) ခုအနက်(၁၅) ခုတွင် အမြဲတမ်းဆရာဝန်များ ခန့်အပ်နိုင်ခြင်းမရှိဘဲ အလှည့်ကျတာဝန်ချထားခြင်းများသာ ဆောင်ရွက်နိုင်ပါကြောင်း၊ စကုတိုက်နယ်ဆေးရုံအနေဖြင့် လူဦးရေ ၄၀၀၀ ကျော်ကိုသာ လွှမ်းခြုံကုသမှုပေးရသော ဆေးရုံဖြစ်ပြီး ဆေးရုံခုတင်အသုံးပြုမှုမှာ ပျမ်းမျှ ၅ ရာခိုင်နှုန်းခန့်သာ ရှိပါကြောင်း၊ ခွင့်ပြုဝန်ထမ်း ၁၉ ဦးတွင် စုစုပေါင်း ၁၂ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဆရာဝန်ခန့်ထားပေးနိုင်ရေးနှင့်စပ်လျဉ်း၍ အဆင်အပြေဆုံးနှင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးယောနာ၏ ချီဖွေမြို့နယ် ဆာဒူလောအုပ်စု ဘဝူခူးကျေးရွာ၊ ငွါးဖခါးအုပ်စု ငွါးဖခါးကျေးရွာ၊ ထန်းဒုံအုပ်စု ထန်းဒုံကျေးရွာ၊ ကူလာအုပ်စု ကူလာကျေးရွာများတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများဖွင့်လှစ်ပေးရန်နှင့် ကန်းဖန့်ကျေးရွာအုပ်စု ကန်းဖန့်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းကို ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပါဝူခေါကျေးရွာနှင့် ငွါးဖခါးကျေးရွာတို့သည် လူဦးရေနည်းပါးသဖြင့် ၎င်းကျေးရွာ ၂ ရွာအစား ဆာဒူလောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးပါက ၎င်းကျေးရွာ ၂ ရွာအပါအဝင် ကျေးရွာပေါင်း ၃ ရွာ၊ အိမ်ခြေ ၁၂၃ အိမ်၊ လူဦးရေ ၈၂၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဆာဒူလောကျေးရွာသည် အဆိုပါကျေးရွာ ၂ ရွာကြားတွင် တည်ရှိပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန်သင့်လျော်ကြောင်း ထောက်ခံတင်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ ဆာဒူလောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တိုးချဲ့ဖွင့်လှစ်ရရှိရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ထန်းဒုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် သူနာပြု(၄) (သားဖွားဆရာမ) ၁ ဦး၊ ကျန်းမာရေးမှူး(၄)(ကြီးကြပ်-၂) ၁ ဦး စုစုပေါင်း ဝန်ထမ်းအင်အား ၂ ဦးပါဝင်သောဖွဲ့စည်းပုံဖြင့် ခွင့်ပြုမိန့်ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကူလာကျေးရွာသည် ထန်းဒုံကျေးလက်ကျန်းမာရေးဌာနခွဲ နယ်မြေအတွင်းတွင် တည်ရှိပါကြောင်း၊ အိမ်ခြေ ၆၁ အိမ် လူဦးရေ ၄၉၉ ဦးရှိပြီး ထန်းဒုံကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၂ မိုင်သာကွာဝေးပါကြောင်း၊ ထန်းဒုံကျေးလက် ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ ကျောက်ခင်းလမ်းဖြစ်ပြီး မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် ရာသီမရွေးသွားလာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက မလိုအပ်ပါကြောင်း ထောက်ခံတင်ပြထားပါသဖြင့် ကူလာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း။

ကန်းဖန့်ကျေးလက်ကျန်းမာရေးဌာနခွဲသည် နူဇွန်ဘော်တိုက်နယ်ဆေးရုံနှင့် မိုင် ၃၀ ကွာဝေးပြီး ခရီးကြာမြင့်ချိန်မှာ ၄ နာရီကြာ သွားလာရပါကြောင်း၊ သို့ရာတွင် မိုးရာသီကာလ၌ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိပါက ကျေးရွာအုပ်စု ၃ အုပ်စု၊ ကျေးရွာပေါင်း ၅ ရွာ၊ အိမ်ခြေ ၃၄၅အိမ်၊ လူဦးရေ ၂၁၉၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောကြောင့် ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိပါက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုလွှမ်းခြုံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ ကန်းဖန့်ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ၏ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် အပါအဝင် နိုင်ငံတစ်ဝန်း ပြည်သူ့ဆေးရုံများရှိ သွားဘက်ဆိုင်ရာဌာနများတွင် လိုအပ်လျက်ရှိသော Dental Nurse ထပ်မံခေါ်ယူခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက (Dental Nurse) သွားသူနာပြုဒီပလိုမာ(၂)နှစ် သင်တန်းများကို (၂)နှစ် တစ်ကြိမ် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ဆဲဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် သင်တန်းဆင်းလာပါက လုပ်ငန်းလိုအပ်ချက်အရ ခန့်ထားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ သရက်တပင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန စံကိုက်အဆောက်အအုံနှင့် ဒုက္ကံချောင်းကျေးရွာ၊ ရွှေပြည်ကျေးရွာ၊ နာဂရာကျေးရွာ၊ စပါးဆိပ်(သရီ)၊ စဖိုသားကျေးရွာ၊ ကျောက်တန်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးလက်ကျန်းမာရေးဌာန ဌာနခွဲများ အဆောက်အအုံအသစ်ဆောက်လုပ်ရန် နှစ်စဉ်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်း ငွေလုံးငွေရင်းအသုံးစရိတ်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ရောင်စုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ င/တပေါင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ခွဆုံကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ရန်ပုံငွေကျပ် ၆၃ သန်းစီကို အဆိုပြုတင်သွင်းတောင်းခံထားပြီးဖြစ်ပါကြောင်း။

ကျောက်တော်မြို့နယ် ဒုက္ကံချောင်းနှင့် ကျောက်တန်းကျေးလက်ကျန်းမာရေး ဌာနခွဲများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေကျပ် သိန်း ၁၀၀ စီဖြင့် ပြုပြင်ထားပြီးဖြစ်ပါကြောင်း။

သရက်တပင်ကျေးလက်ကျန်းမာရေးဌာန၊ ရွှေပြည်၊ နဂရာ၊ စပါးဆိပ်(သရီ)နှင့် စဖိုသားကျေးလက်ကျန်းမာရေးဌာနခွဲများကို စံကိုက်အဆောက်အအုံဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေပါဝင်ခြင်းမရှိသေးပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၏ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အိုးသည်ကျေးရွာအုပ်စု အိုးသည်အရှေ့ကုန်းရွာ၌ ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံသစ်နှင့် ပျိုးခင်းကုန်းကျေးရွာအုပ်စု စဥ့်တူကန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)တို့ကို နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၏ ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ “မျိုးဆက်ပွားကျန်းမာရေး”၊ “ပြည်သူ့နီတိ”၊ “ဒီမိုကရေစီ”တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်းနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းရာတွင် မိမိတို့နိုင်ငံတွင် နိုင်ငံကြီးသားပီသရန် သင်ပေးသည့် ပညာရေးစနစ် မရှိခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖော်ပြပါ ဘာသာရပ်များကို သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ်ထဲတွင် ထည့်သွင်းသင်ကြားပေးစေလိုပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် အဆိုပါ ဘာသာရပ်များထဲမှ တချို့သော ဘာသာရပ်များကို သင်ကြားပေးနေသော်လည်း ယနေ့ခေတ်လိုအပ်ချက်အရသော်လည်းကောင်း ပိုမိုနားလည်ကျင့်သုံးတတ်အောင် သင်ကြားပေးစေလိုသည့်အတွက်သော်လည်းကောင်း အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် အထက်ပါအချက် ၃ ချက်အား ပညာရှင်များနှင့် တိုင်ပင်၍ သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ်တွင် ထည့်သွင်းရေးဆွဲပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်တို့တွင် သေချာစွာနားလည်ရန် အမှန်တကယ် ကျင့်သုံးတတ်အောင် သင်ကြားပေးစေလိုသည့်အဆိုကို တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

အဆိုနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအမှတ်(၇) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒေါက်တာတင်တင်ဝင်း တင်သွင်းသည့် အဆိုကိုလက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာဆယ်မာအူးလ်အွန်ဒိုး စီမံကိန်းအစီအစဉ်အဖြစ် လူထုလုပ်ရှားမှုများ ဆောင်ရွက်

**မြောင် မေ ၁၈**

မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏အထောက်အပံ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာဆယ်မာအူးလ် အွန်ဒိုးကျေးရွာသစ်လှုပ်ရှားမှု ဒုတိယစီမံကိန်း၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကူးတို့ကုန်းကျေးရွာတွင် လူထုလှုပ်ရှားမှုအဖြစ် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်း၊ ရွာသူ ရွာသားများ စုပေါင်း၍ သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စီမံကိန်းရည်ရွယ်ချက်အရ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေးစသည့် ကဏ္ဍသုံးရပ်မှ စွမ်းဆောင်ရည်မြှင့်တင်ရေးအဖြစ် လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ရွာသူ ရွာသားများ စုပေါင်း၍ မြောင်-ပရိမ္မကားလမ်းဘေးဝဲ၊ ယာတစ်လျှောက်သန့်ရှင်းရေးများ ပြုလုပ်ခြင်းကို မေ ၁၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောင်မြို့နယ် ကူးတို့ကုန်းကျေးရွာသည် မြန်မာဆယ်မာအူးလ်အွန်ဒိုး စီမံကိန်းမှ ပထမအကြိမ် စီမံကိန်းအဖြစ် ငွေကျပ် ၂၃၃ သိန်းချထားပေးခဲ့ရာ လုပ်ငန်းလျာထားချက်များအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံး (A)အဆင့် ရရှိခဲ့သောကျေးရွာဖြစ်ကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် သွားရောက်လေ့လာသည့်ခရီးစဉ် အောင်မြင်

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေများအား လေ့လာရန်အတွက် ဗီယက်နမ်နိုင်ငံရှိ ဟန္နွိုင်းမြို့ ခရီးစဉ်သို့ သွားရောက်ခဲ့သော မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ခရီးစဉ်မှာ ဗီယက်နမ်နိုင်ငံရှိ မြန်မာသံရုံး၊ အိမ်ခြံမြေအသင်းကြီးဖြစ်သော VNREA နှင့် အိမ်ရာဖော်ဆောင်နေသော ကုမ္ပဏီကြီးဖြစ်သည့် VNG တို့၏ ကူညီပံ့ပိုးမှုများကြောင့် ခရီးစဉ်အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ရခြင်း ခရီးစဉ်၏ရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံ၏ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းတစ်ရပ် အထောက်အကူပြုနိုင်ရန်အတွက် ဥပဒေပညာရှင်များနှင့် သွားရောက်လေ့လာရခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့သစ်ရှိ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေ ပြုစုထားသော အိမ်ခြံမြေအသင်းကြီးဖြစ်သည့် VNREA နှင့် အိမ်ရာဖော်ဆောင်နေသော ကုမ္ပဏီကြီးဖြစ်သည့် VNG တို့နှင့် တွေ့ဆုံခဲ့ပြီး ဥပဒေနှင့် စပ်လျဉ်းသည့် အားသာချက်၊ အားနည်းချက်များကို တွေ့ဆုံဆွေးနွေးဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပေါ်ထွက်လာမည့် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ အဆိုပါ ဗီယက်နမ်နိုင်ငံရှိ အိမ်ခြံမြေအသင်းကြီးများနှင့် အကြံပြုဆွေးနွေးခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံရှိ အခြားအိမ်ခြံမြေအသင်းများနှင့် တွေ့ဆုံ၍ ၎င်းတို့၏အကြံပြုချက်များအား လက်ခံရရှိခဲ့ကြောင်းနှင့် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာဖြစ်ခဲ့ကြကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဒု-ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။

ထိုကဲ့သို့ခရီးစဉ်မှ အကျိုးရလဒ်များအား ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များနှင့်တွေ့ဆုံကာ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲနိုင်ရန် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

အသင်းသူ အသင်းသားများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ အသံများအား နားထောင်ကာ အပြန်အလှန်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဧပြီ ၂၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သော အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေများအား လေ့လာရန်သွားရောက်ခဲ့သည့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ခရီးစဉ်၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဦးနှင့် ဦးစန်းလွင်၊ M-Law မှ ရှေ့နေကြီးဦးကျော်မြင့်နှင့် ဦးအောင်ထွန်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်မောင်၊ ဒု-ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်နှင့် အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ ပါဝင်ခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**




ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တောင်ကြီးမြို့ )

၂၀၁၇ ခုနှစ် ၊ ဇွန်လ (၂၊ ၃၊ ၄)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။

Brighter Future Myanmar

PREMIER Cereal Drink

Organized by VI mix HeptaMix


# ကောလင်းဒေသ ရေဘေးကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေး

**ကောလင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကောလင်းဒေသ ရေဘေးကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်တို့က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် နိုင်ငံတော်အစိုးရက သဘာဝဘေးသင့်ပြည်သူများကို ထောက်ပံ့မှုများအား တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကောလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးကာ ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါင်းမြူးချောင်း တိမ်ကောနေမှုများအား ပြုပြင်ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့်လျာထားချက်များ၊ လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီတို့မှ မြို့တွင်းမြို့ပြင် ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းတံတားများ ကြံ့ခိုင်မှုရှိစေရေးတို့ကို ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ခေါင်းစဉ် လေးခုဖြင့် နှစ်ရက်ကြာဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်ရလဒ်များကို အထက်အဖွဲ့အစည်းများသို့ ဆက်လက်တင်ပြ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွက် ၂၀၁၇ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇ ခုနှစ် မိုးရာသီဘဏ်ချေးငွေအဖြစ် ကျပ်သိန်းပေါင်း ၁၂၉၁၉၂၃ ဒသမ ၅၀ ထုတ်ချေးရန် လျာထားသတ်မှတ်ပြီး မေလမှ စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများထုတ်ချေးရာတွင် စပါးစိုက်မြေ တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းနှင့် အခြားသီးနှံအတွက် တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း ချေးပေးသွားမည်ဖြစ်သည်။ တောင်သူတစ်ဦးလျှင် စိုက်ဧက ၁၀ ဧကအတွက် ချေးငွေရယူနိုင်ပြီး အတိုးနှုန်းအဖြစ် ချေးငွေ ၁၀၀ ကျပ်အတွက် တစ်လလျှင် ၆၇ ပြားသတ်မှတ်ထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျောက်ပန်းတောင်းမြို့နယ်သည် စပါးစိုက်ဧက ၈၀၀၀ နှင့် အခြားသီးနှံစိုက်ဧက ၁၄၀၀၀၀ စုစုပေါင်း ၁၄၈၀၀၀ ဧကနှင့် ဝမ်းတွင်းမြို့နယ်သည် စပါးစိုက်ဧက ၇၂၀၀၀ နှင့် အခြားသီးနှံစိုက်ဧက ၂၀၀၀၀ စုစုပေါင်းဧက ၉၂၀၀၀ အတွက် ချေးငွေကျပ်သိန်းပေါင်း ၁၁၈၀၀၀ ဖြင့် ချေးငွေအများဆုံးရရှိမည်ဖြစ်သည်။

မိုးကုတ်မြို့နယ်နှင့် မန္တလေးမြို့တွင်း ငါးမြို့နယ် စုစုပေါင်း ခြောက်မြို့နယ်တွင် စပါးစိုက်ဧက ၆၁၀ နှင့် အခြားသီးနှံစိုက်ဧက ၂၀ စုစုပေါင်း ဧက ၆၃၀ သာရှိပြီး ခြောက်မြို့နယ်အတွက် ချေးငွေစုစုပေါင်း ကျပ်သိန်း ၉၂၅ ဖြင့် အနည်းဆုံးရရှိမည်ဖြစ်သည်။ ချေးငွေများ ပြန်လည်အပ်နှံရာတွင် ရမည်းသင်းမြို့နယ်သည် ပျက်ကွက်မှုအများဆုံးဖြစ်ပြီး ပျော်ဘွယ်၊ ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များတွင်လည်း ပျက်ကွက်မှုများရှိကြောင်း ယခင်နှစ် စာရင်းဇယားများအရ သိရသည်။

**အေးမြ(မန္တလေး)**

❒

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၉ ရက်မှ မေ ၁၆ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဟမ်စိုင်း(ဆေး-မန်း) | ညီမလေးသို့ပေးစာများ | ၂၀၀၀ိ/- | |
| ၂ | သားကြီးမောင်ဇေယျ | ပြေးပြေးလွှားလွှားသတင်းသမား | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | ဦးမင်းထက် | ရေ(သို့မဟုတ်) ထူးဆန်းသောရောဂါကုထုံး | ၁၀၀၀ိ/- | ယဉ်မျိုး |
| ၄ | လင်းလွင် | ဘယ်သူ့ကိုမဆို အရသာရှိပါ | ၂၀၀၀ိ/- | ယဉ်မျိုး |
| ၅ | ကျော်သာညွန့် | ရခိုင်ဂန္ထဝင် ရွှေဇခ်ါလမ်းနှင့် လေ့လာရေးခရီးသွားမှတ်တမ်းများ | ၂၀၀၀ိ/- | ဟိန်းစာပေ |
| ၆ | သိန်းထွန်းအောင် | သျှစ်သောင်းပုထိုးတော်ကြီးအကြောင်း သိကောင်းစရာများ | ၁၅၀၀ိ/- | |
| ၇ | သိန်းထွန်းအောင် | မြောက်ဦးဒေသ ရှေးဟောင်းအဆောက်အအုံများ | ၃၀၀၀ိ/- | |
| ၈ | ဦးစိုးမြင့်ဒွဏ်း | ဆင်စီးမြင်းရံလူအိုတို့အားမာန် | ၂၅၀၀ိ/- | ဖြူသဇင် |
| ၉ | မမကြီး | ကမ္ဘာတစ်လွှား လူကြိုက်များသော ထိုင်းဟင်းလျာများ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မဟာဆွေ | ဆရာဝန်မို့ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | နေစကြာနိုင် | ကျောက်ခေတ်ရုပ်ကြွင်းများ | ၁၅၀၀ိ/- | ဆန်းစသော်တာ |
| ၁၂ | Dr.လှမောင် | နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု | ၃၀၀၀ိ/- | Unity |
| ၁၃ | နိုင်ဇော် | နေရောင်ခြည် | ၁၅၀၀ိ/- | သီရိဝဏ္ဏစာပေ |
| ၁၄ | ဟိန်းလတ် | ထရန့်ဘယ်တော့မှလက်မမြှောက်အရှုံးမပေး | ၃၅၀၀ိ/- | |
| ၁၅ | နတ်နွယ် | အများနှင့်တစ်ယောက် | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | အရှင်သုမန(ကန့်ဘလူ) | အလှူဒါနဆိုင်ရာ သိမှတ်ဖွယ်ရာများ | ၁၀၀၀ိ/- | ရန်အောင် |
| ၁၇ | မောင်ဝင်းဝါ | မြန်မာယဉ်ကျေးမှုနိဒါန်း | ၂၅၀၀ိ/- | |
| ၁၈ | ဆရာဦးမောင်မောင်ကြည် | ကေသဝိဇ္ဇာ ဗေဒင်ပညာ | ၄၅၀၀ိ/- | |
| ၁၉ | ချစ်နိုင်(စိတ်ပညာ) | လူငယ်နှင့်ဇွဲ | ၂၀၀၀ိ/- | နိုင်စာပေ |
| ၂၀ | ပညာဒီပက | ဟိမဝန္တာမှ ဆရာသခင်များ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၁ | ရွှေဖိုးခေါင် | သတင်းစာရှင်းပွဲ ဂယက်ရုပ်သံနှင့် ကျပ်သိန်း ၂၅၀ ဇာတ်လမ်း | ၁၀၀၀ိ/- | |
| ၂၂ | ဝင်ကျော်ဦး | စီးပွားဖြစ် ဝါးစိုက်ပျိုးရေး | ၂၅၀၀ိ/- | ဖြူသဇင် |
| ၂၃ | သက်နှင်းဆွေ(ပုပ္ပါး) | မြစ်ဖြောင့်တစ်စင်း | ၂၅၀၀ိ/- | |
| ၂၄ | ဦးလှကြည် | ဌာနခွဲစာရင်း ဘယ်လိုသွင်းမလဲ | ၂၅၀၀ိ/- | Account Care |
| ၂၅ | တေဇာ(လရောင်လမ်း) | ကြောင်တွေရဲ့မြို့ | ၄၀၀၀ိ/- | နှစ်ကာလများ |
| ၂၆ | မောင်ထွန်းသူ | ထောင်ချောက် | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ခင်မမမျိုး | နိုင်ငံရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နိုင်ငံရေးအိုင်ဒီရော်လော်ဂျီများ | ၂၀၀၀ိ/- | မျိုးဆက်သစ် |
| ၂၈ | လက်ာရည်ကျော် | နေညိုကမ်းနဖူးဝတ္ထုတိုများ | ၂၀၀၀ိ/- | နန်းဒေဝီ |
| ၂၉ | မောင်သာချို | စိတ်ကူး | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | မင်းနန်(မော်ကျွန်း) | ဗုဒ္ဓ၏အောင်မြင်ရေး လမ်းညွှန်ချက်များ-ဒု | ၃၀၀၀ိ/- | အလင်းသစ် |
| ၃၁ | စံရတီ | လက်ရွေးစင်ဝတ္ထုတိုများ | ၂၅၀၀ိ/- | နှင်းဆီနီ |
| ၃၂ | ကလောင်စုံ | English Language Teaching | ၂၅၀၀ိ/- | စိန်တိုက်စာပေ |

# ပင်လယ်ပြင်ဥပဒေဆိုင်ရာ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မေ ၁၈**

ပင်လယ်ပြင်ဥပဒေဆိုင်ရာ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် The United States Defense Institute of International Legal Studies (DIILS) တို့ ပူးပေါင်း၍ မေ ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကျွမ်းကျင်သူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေဆိုင်ရာကွန်ဗင်းရှင်း၊ ပင်လယ်ပြင်တွင် ပင်လယ်ပြင်ဥပဒေများအား လက်တွေ့အသုံးပြုမှုနှင့် ရေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေများအား အမေရိကန်-မြန်မာ ကျွမ်းကျင်သူကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး အတွေ့အကြုံများကို အမြင်ခြင်းဖလှယ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

**❋ နန်စီပွန်မှ**

ရေမဆေးကျောက်ရှာသူ ၃၀၀ ခန့်က မကျန်ခမှော်ရှိ မြန်မာအင်ပီရီရယ်ဂျိတ်ကုမ္ပဏီလုပ်ကွက်၏ ခြံစည်းရိုးများကို ဖျက်ဆီးဝင်ရောက်လာပြီး လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင်များ၏တားဆီးမှုကြောင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

ထို့နောက် မေ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် ရေမဆေးကျောက်ရှာသူ ၉၀၀ ခန့်သည် တစ်ဖန်ပြန်လည်ရောက်ရှိလာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုရှိခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ မေ ၁၇ ရက်ကနဦးသတင်းအရ ရဲတပ်ဖွဲ့ဝင် ကိုးဦးနှင့် ရေမဆေးကျောက်ရှာသူ ငါးဦး ဒဏ်ရာရရှိကြောင်း ဖော်ပြပါရှိသည်။

နန်စီပွန်မှော်ထဲ လူတစ်စုဝင်လာပြီး ဦးပိုင်မှော်ထဲမှာ ဝင်ရှာလို့ရပြီဆိုကာ လာအော်သွားသဖြင့် အုပ်စုလိုက်သွားရှာကြရာ သက်ဆိုင်ရာက သေနတ်ဖြင့် ပစ်သောကြောင့် လူ လေးဦးသေဆုံးပြီး ခုနစ်ဦး ပြင်းပြင်းထန်ထန်ဒဏ်ရာရသွားသည်ဟုသိရကြောင်း ခန္တီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဌေးက မေ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၌ တွေ့ဆုံစဉ်ပြောကြားသည်။

"ဒီနေ့မနက် လွှတ်တော်တက်ခါနီး ၉ နာရီလောက်မှာ ခန္တီးဒေသခံတွေက ဖုန်းဆက်အကြောင်းကြားကြတဲ့အခါ လူတစ်စု နန်စီပွန်မှော်ထဲဝင်လာပြီး ဦးပိုင်မှာ ကျောက်ရှာလို့ရပြီဆိုပြီးအော်သွားတော့ လူတွေက အုပ်စုလိုက် ဦးပိုင်ကို သွားရှာရာမှာ သေနတ်နဲ့ပစ်တဲ့အခါ လူလေးဦး ပွဲချင်းပြီးသေသွားသလို ခုနစ်ဦးက ပြင်းပြင်းထန်ထန်ဒဏ်ရာရတဲ့အတွက် ဆေးရုံကိုပို့ထားတယ်လို့ သိရပါတယ်။ ရက်ပိုင်းအတွင်းက နန်စီပွန်ကို ဝန်ကြီးချုပ်လာတဲ့အခါ စီမံချက်လေးခုရေးဆွဲချမှတ်သွားပါတယ်။ အဲဒီအချက်လေးချက်ကို ပူးပေါင်းရေးဆွဲတဲ့အခါ အခုနှစ်မေ ၁၅ ရက်မှ ၃၀ ရက်အထိ ဒီကိစ္စကို အစုအဖွဲ့က ထဲထဲဝင်ဝင်ရှိတဲ့သူတွေဆီမှာ သွားပြီးကြော်ငြာဆိုင်းဘုတ်သော်လည်းကောင်း၊ ဟောပြောပွဲသော်လည်းကောင်း၊ ဒေသကလုပ်လေ့လုပ်ထရှိတဲ့ မောင်းတွေထုပြီးသော်လည်းကောင်း ကြေညာမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ကြပေမယ့် အခုလိုသေတဲ့အထိ ဖြစ်သွားတာ မကောင်းပါဘူး"ဟု ဦးမောင်ဌေးက ပြောပြသည်။

နန်စီပွန်ဒေသနှင့် မကျန်ခဒေသမှော်နှစ်မှော်တွင် အရင်ကရေမဆေးသမားများရှာဖွေနေသည်မှာ နန်စီပွန်မှော်မှာသာရှာနေကြပြီး ယခုဖြစ်သည့်မှော်မှာ မကျန်ခမှော်ဖြစ်ရာ အဆိုပါမှော်တွင် ဦးပိုင်ကုမ္ပဏီမှ လုံခြုံရေးရှိသည့်အတွက် အဆိုပါမှော်ကို ရေမဆေးသမားများအုပ်စုလိုက်သွား၍ ကျောက်ရှာသည်ဆိုသည်ကို စဉ်းစားဖွယ်ရာဖြစ်လာကြောင်း ခန္တီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းထံမှ သိရသည်။

"နန်စီပွန်ဒေသနဲ့ မကျန်ခ မှော်နှစ်မှော်ရှိပါတယ်။ ပထမတုန်းက ရေမဆေးသမားတွေရှာနေတာက နန်စီပွန်မှော်မှာပဲရှာနေကြတာပါ။အခုဖြစ်တာက မကျန်ခမှော်မှာကျတော့ ဦးပိုင်ကုမ္ပဏီကိုသွားပြီး ကျောက်ရှာတယ်ဆိုတော့ စဉ်းစားစရာဖြစ်တယ်ပေါ့။ အဲဒီမကျန်ခမှာ သွားလုပ်မယ်ဆိုရင် သေနတ်တွေဘာတွေနဲ့ပစ်ဖောက်မယ်ဆိုတာ အတော်များများသိပြီးဖြစ်ပေမယ့် လူစုလူဝေးနဲ့သွားကြတယ်ဆိုတာ ဒါဟာသွေးရိုးသားရိုးမဟုတ်ဘူးလို့ပဲ မြင်ပါတယ်"ဟု ဦးသိန်းလှိုင်ဝင်းက ပြောပြသည်။

အဆိုပါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များ အဆိုအရ တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် နောက်ကွယ်မှခြေထိုးနေသူများရှိနေနိုင်သောကြောင့် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သလို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရှိရေးနှင့် ရေမဆေးပြဿနာများ ဖြေရှင်းရန်ကြေညာထားသောလုပ်ငန်းစဉ်လေးရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက ထုတ်ပြန်ထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■

**❋ ကျပ် ၅၀၀ တန်မှ**

ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်မှာဆိုရင် အက္ခရာအလုံး ၄၀ ကျော် ရောင်းချမယ်။ အဲဒီမှာ ဆုမဲလည်း တိုးမြှင့်သွားမယ်။ ဝေဝေဆာဆာ ပဒေသာဆုတွေကိုလည်း တိုးမြှင့်သွားမယ်"ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ဧပြီ ၁ ရက်တွင် ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခဲ့သည့် (၁) ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် အထူးဆုကြီးများအပါအဝင် ဆုမဲပေါင်း တစ်သိန်းကျော်အထိ ခွဲဝေချီးမြှင့်နိုင်ခဲ့ပြီး မေ ၁ ရက်က ဖွင့်လှစ်ခဲ့သည့် (၂)ကြိမ်မြောက်တွင် ထီရောင်းရသည့်ငွေအပေါ် ထီဆုငွေများ ပြန်လည်ခွဲဝေပေးရာတွင် ဆုမဲပေါင်း ၉၀၀၀၀ ကျော် ချီးမြှင့်ခဲ့သည်။ လာမည့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲတွင် ရောင်းချရသည့် ထီလက်မှတ်များနှင့် ရောင်းရငွေများကို မကြာမီထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဆက်လက်၍ ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် အက္ခရာအလုံးရေ တိုးမြှင့်ရောင်းချခြင်းနှင့်အတူ ထီဆုမဲများကို တိုးမြှင့်ချီးမြှင့်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

**○ ရတနာပုံမှ**

လူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် ရတနာပုံအသင်း အဖွင့်ဂိုးရခဲ့ပြီး ကျော်သက်ဦးက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မဟာအသင်းပြန်ဖိကစားနိုင်ခဲ့ပြီး ချေပဂိုးရနိုင်သည့် အခွင့်အရေးများပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၃၆ မိနစ်တွင် ရတနာပုံအသင်း ဒုတိယဂိုးရခဲ့ပြီး အောင်သူ၏ကန်သွင်းမှုကြောင့် ပြန်လျှံထွက်လာသော ဘောလုံးကို စည်သူအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက အသင်းကြီးပီသစွာ ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး ၅၂ မိနစ်တွင် အောင်သူ၊ ၆၇ မိနစ်တွင် ဝင်းနိုင်စိုးတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ လေးဂိုးပြတ်ပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက အမာခံကစားသမားအချို့ကို အနားပေးခဲ့ပြီး ပဉ္စမမြောက် အနိုင်ဂိုးကို ၈၁ မိနစ်တွင် သိန်းသန်းဝင်းက သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သောပွဲတွင် Southern အသင်းက နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၂၄ မိနစ်တွင် ဘမ်ဘာက နေပြည်တော်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း Southern အတွက် ကောင်းစည်သူက နှစ်ဂိုး၊ ဆီမွန်ကတစ်ဂိုး ပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မကွေးနှင့် ရှမ်းယူနိုက်တက်၊ ရခိုင်နှင့်ဧရာဝတီ၊ဟံသာဝတီနှင့်မကွေး၊ ရတနာပုံနှင့် Southern တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**




# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းများက ပေါက်တောမြို့ မီးလောင်မှုတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**အမ်း မေ ၁၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့ အမှတ်(၃)ရပ်ကွက်၌ မေ ၁၇ ရက် နံနက် ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၂၃ လုံးနှင့် ရဲကင်းရုံတစ်ခု ပျက်စီးဆုံးရှုံးခဲ့ပြီး အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။



မီးလောင်မှု ဖြစ်ပွားရာနေရာသို့ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့နှင့် နယ်မြေခံတပ်ရင်းများရှိ တပ်မတော်သားများသည် မွန်းတည့်၁၂ နာရီခန့်ကရောက်ရှိပြီး ဒဏ်ရာရရှိလူနာများကို ဆေးကုသပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကာ မီးလောင်ခဲ့သောနေအိမ်နှင့်ဆိုင်ခန်းများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့က မီးလောင်ဒဏ်ရာ သုံးဦး၊ တုပ်ကွေး (ရိုးရိုး) ၂၇ ဦး၊ အရိုးအကြောရောဂါ ၂၄ ဦး၊ သွေးတိုးရောဂါ ၂၃ ဦး၊ အစာအိမ်ရောဂါ ၁၆ ဦး၊ အထွေထွေအားနည်းရောဂါ ၁၆ ဦး၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ ၁၁ ဦး၊ အရေပြားရောဂါ ခုနစ်ဦး၊ နှလုံးရောဂါ သုံးဦးနှင့် ဆီးချိုရောဂါ နှစ်ဦး စုစုပေါင်း ၁၃၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား စစ်တွေမြို့ရှိအမှတ်(၁၇)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မီးသုံးစွဲလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၈**
တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄၇ စီး၊ သွင်းကုန် ၄၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် အစီး ၁၅၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၀၂ ဒသမ ၉၁၀၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၁ ဒသမ ၃၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးကျပ် ၂၂၄ ဒသမ ၂၂၀၆ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ပြီး မေ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သိမ်းဆည်းရမိခဲ့သည့် အတုအပပြုလုပ်ထားသော CASIO နာရီအလုံး ၁၀၀၀၊ အများပြည်သူစားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် ဘီယာများ စုစုပေါင်း (ခန့်မှန်းတန်ဖိုးကျပ် ၅၁ ဒသမ ၈၈၅ သန်းခန့်) အား လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးဝင်းအတွင်း၌ ဖျက်ဆီးရေးအဖွဲ့ဖြင့် စနစ်တကျ ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံတွင် တရားမဝင် ရေးသားဖော်ပြနေသည့် ဆိုရှယ်မီဒီယာများကို ပိတ်ဆို့အရေးယူတော့မည်

**ဘန်ကောက် မေ ၁၈**
ထိုင်းအစိုးရက နိုင်ငံအတွင်းတွင် ဖေ့ဘွတ်သုံးစွဲနေသူများ၏ မမှန်မကန် တရားမဝင် တင်ပြထားကြသည့် အချက်အလက်များကို ဖျက်ခြင်း၊ ပိတ်ဆို့ခြင်းများပြုလုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

ထိုင်းပြည်ထဲရေးဌာနက အမေရိကန်အခြေစိုက် ဖေ့ဘွတ်စင်တာကို ယခုကဲ့သို့ ပိတ်ပင်တားဆီးရန် တရားဝင်တောင်းဆိုခဲ့ခြင်းဖြစ်ပြီး လောလောဆယ်တွင် ထိုင်းဆိုရှယ်မီဒီယာများ၊ အထူးသဖြင့်ဖေ့ဘွတ်များတွင် ဖော်ပြနေသည့် အကြောင်းအရာ ၃၀၉ ခုအနက် ၁၈၁ ခုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်းလည်း သိရသည်။။။

ထိုင်းနိုင်ငံတွင် ဆိုရှယ်မီဒီယာများအား အွန်လိုင်းဆိုင်ရာထိန်းချုပ်ထားသည့် single gateway မှတစ်ဆင့် စိစစ်ကိုင်တွယ်နေခြင်းဖြစ်သော်လည်း




ကျယ်ပြန့်သည့် ဆိုရှယ်မီဒီယာလောကအနေဖြင့် ထွက်ပေါက်များက နေရာမျိုးစုံမှ နိုင်ငံတကာကို ပြန့်နေသည့်အတွက် ထိန်းချုပ်နိုင်ရန် မလွယ်ကူဖြစ်နေရခြင်း ဖြစ်သည်။ ထိုင်းတစ်နိုင်ငံတည်းတွင် ဖေ့ဘွတ်သုံးစွဲသည့် အကောင့်စာမျက်နှာပေါင်း ၄၃ သန်းကျော်ရှိနေကြောင်း မေ ၁၆ ရက်ထုတ် ဘန်ကောက်ပို့စ် သတင်းများအရ သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**
မောင်တောမြို့နယ် ကြိမ်ချောင်းနယ်မြေရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းက လှည့်ကင်းဆောင်ရွက်စဉ် ကြိမ်ချောင်းမြောက်ရွာထိပ်ရှိ ဆိုင်ကယ်တစ်စီးပေါ်မှ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ကြိမ်ချောင်းမြောက် ရွာထိပ်ကားလမ်းဘေး၌ ရပ်ထားသည့် ဆိုင်ကယ်တစ်စီးအား မသင်္ကာ၍စစ်ဆေးရာ စိတ်ကြွဆေးပြား ၂၈၅၀၀ (တန်ဖိုးငွေကျပ်သိန်း ၅၇၀) အား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးသယ်ဆောင်လာသူအား ဖမ်းဆီးရမိနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးကောင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မိုးကောင်း မေ ၁၈**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်နှင့် ၁၇ ရက်တွင် သတင်းအရ ရှာဖွေစစ်ဆေးရာမှ ဘိန်းဆီနှင့်ဘိန်းဖြူများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် နမ္မတီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်လွန်းအောင်၏ညွှန်ကြားမှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်တိုးမြင့် ဦးစီးတပ်ဖွဲ့ဝင်များသည် နမ္မတီးမြို့ ကံလှကျေးရွာနေ ဒေါ်ထုနန်(၅၅)နှစ်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘိန်းဆီဟုယူဆရသော အညိုရောင်အစေး ၂၉၁ ဂရမ်ခန့်နှင့် မရမ်းကျေးရွာ ရပ်ကွက်(၁)နေ ကျော်ဇင်ဦး(၃၈)နှစ်၏နေအိမ်မှ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင် အမှုန့် ခုနစ်ဂရမ်ခန့်အား သိမ်းဆည်းရမိသောကြောင့် နမ္မတီးရဲစခန်းတွင် အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ကျောက်ဖြူမြို့တွင် မိုးသက်လေပြင်းတိုက်ခတ်

**ကျောက်ဖြူ မေ ၁၈**
ကျောက်ဖြူမြို့တွင် မေ ၁၈ ရက် နံနက် ၅ နာရီတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်တစ်လုံးကယ်ဆယ်ရေးစခန်းရှိ လူနေဆောင် ၅၀ အနက်မှ အဆောင်အမှတ်(၆)နှင့်(၇) တို့မှာ ပြိုကျပျက်စီးခဲ့ပြီး ကျန်အဆောင်အချို့မှာ အမိုးလန်၊ အကာလန်ဖြစ်ပွားခဲ့သည်။ ကျောက်ဖြူမြို့နယ် အဝပြေကျေးရွာအုပ်စု အဝပြေကျေးရွာတွင် လူနေအိမ်တစ်လုံး၏ စားဖိုဆောင်အား အနီးရှိအုန်းပင်လဲကျဖိမိကာ နေအိမ်ခေါင်မိုးပြိုကျပျက်စီးခဲ့ပြီး ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်တွင် လူနေအိမ်အပေါ်သို့ အနီးရှိသရက်ပင်လဲကျခဲ့သည်။ ကျောက်ဖြူမြို့ ဂုံချိန်ကျေးရွာရှိ 66 KV ဓာတ်အားခွဲရုံမှ အနီးရှိကျေးရွာများကို ဓာတ်အားပေးလျက်ရှိသော 11 KV ဓာတ်အားလိုင်း(မြို့ပြင်)မှာ ပြုတ်ကျနေ၍ ကျောက်ဖြူမြို့နယ်တွင် လျှပ်စစ်ဓာတ်အားခြောက်နာရီကြာ ပြတ်တောက်လျက်ရှိရာ ယခုဓာတ်အားပြန်လည်ပို့လွှတ်ပေးလျက်ရှိကြောင်း၊ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ဖြူမြို့နှင့်ကျေးရွာများတွင် လူနှင့်တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်း၊ မိုးသက်လေပြင်းကြောင့် ကျောက်ဖြူမြို့ပေါ်ရှိ လမ်းများ၊ မီးကြိုးများပေါ်သို့ လဲပြိုကျနေသော အပင်များအား တပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာများက ဝိုင်းဝန်းရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။ **ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

# အမြန်လမ်းတွင် ယာဉ်နှစ်စီးတိုက်မိရာမှ လူအများထိခိုက်ဒဏ်ရာရ

**ဒိုက်ဦး မေ ၁၈**
အမြန်လမ်းမကြီးတွင် ယာဉ်နှစ်စီးတိုက်မိရာမှ လူငါးဦးပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် နံနက် ၁၁ နာရီခွဲခန့်က ဒိုက်ဦးမြို့နယ် ဘောနီ အမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း စန်းမြိုင်(၄၈)နှစ် အမှတ်(၄၈) (၄) လွှာ (၁၂၂)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 7J/----HILUX SURF မီးခိုးရောင်ယာဉ်မှာ လားရာတူအတိုင်း ရှေ့မှယာဉ်မောင်းဦးစိုးနိုင်(၅၁)နှစ် တိုက်(စီ)အခန်း(၂)ပလရ ရပ်ကွက် စည်ပင်ဝန်ထမ်းအိမ်ရာ မင်္ဂလာဒုံမြို့နယ်နေသူ မောင်းနှင်သော ယာဉ်အမှတ် 3D/---PAJERO ခဲနက်ရောင်ယာဉ်အား ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ PAJERO ယာဉ်၏ ရှေ့ခေါင်းဝဲဘက်ခြမ်းအား တိုက်မိပြီး HILUX SURF ယာဉ်မှာ လမ်းဘေးမြေသား လမ်းပေါ်သို့ ရောက်ရှိ တိမ်းမှောက်သွားခဲ့ပြီး PAJERO ယာဉ်မှာ မြေသားလမ်းပေါ်တွင် ရပ်တန့်သွားခဲ့ကြောင်း နေပြည်တော် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှတ်တမ်းအရ သိရသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်းသတင်းအရ ဘောနီအမြန်လမ်းမကြီး ရဲစခန်းမှူး ရဲအုပ်ဇော်မျိုးပိုင်ပါ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ လ/ထ ဦးစီးမှူး ရန်မျိုးအောင်ပါ တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ တိမ်းမှောက်သွားသော HILUX SURF ယာဉ်ပေါ် လိုက်ပါသူ ယာဉ်မောင်းပါ အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးတို့မှာ မျက်နှာ၊ ခြေနှင့်လက်တို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ရာ ပဲခူးဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် ဆေးကုသမှုခံယူခဲ့ရပြီး PAJERO ယာဉ်ပေါ် လိုက်ပါသူ ယာဉ်မောင်းပါ နှစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

ယာဉ်မတော်တဆမှုကြောင့် နောက်မှဝင်တိုက်သော HILUX SURF ယာဉ်မှာ ရှေ့ခေါင်းပိုင်းနှင့် ကိုယ်ထည်တစ်ခုလုံးနီးပါးပျက်စီးသွားခဲ့ပြီး PAJERO ယာဉ်မှာအနည်းငယ်သာ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား အမြန်လမ်းတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သည့် HILUX SURF ယာဉ်မောင်း စန်းမြိုင်အား ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ်ကျော်မြတ်သူက တရားလိုပြုလုပ် အမှုဖွင့် တိုင်တန်းခဲ့သောကြောင့် ဘောနီအမြန်လမ်းမကြီး ရဲစခန်းမှ ယာဉ်(ပ) ၄/၂၀၁၇၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ရေးမြို့နယ်၌ မူးယစ်ဆေးပြားနှင့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ငယ်တစ်လက် သိမ်းဆည်းရမိ

**ရေး မေ ၁၈**
မွန်ပြည်နယ် ရေးမြို့နယ် ရဲမှူးမြင့်သော်၊ စခန်းမှူး ဒုရဲမှူးစိုးမွန်၊ ဒုရဲအုပ်ဒါးရှင်းခိုင်နှင့်တပ်ဖွဲ့ဝင်များနှင့် သက်သေများပါဝင်သောပူးပေါင်းအဖွဲ့တို့က မေ ၁၇ ရက် ညနေ ၆ နာရီက မူးယစ်ဆေးဝါးနှင့် ဘိန်းစာရွက်များ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ကလော့ကျေးရွာ အကွက်(၂၀) ဒေါ်ဝေနေအိမ်အား ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ဒေါ်ဝေနေအိမ်တွင် မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသူ လင်းဇော်၊ လင်းထက်၊ ကျော်ဟန်ဌေး၊ တေဇာလွင်တို့အား တွေ့ရှိရာ WY စာတန်းပါ ၁၀ပြား၊ R စာတန်းပါတစ်ပြား၊ အသုံးပြုသည့်ပြောင်းတံခြောက်ခု၊ မီးခြစ်တစ်လုံး၊ ဘိန်းစာရွက်ဟု ယူဆရသော အစိမ်းရောင်၂၃ ရွက်၊ စပယ်ရှယ်ခြောက်လုံးပြူးဆုံလည် ပွိုင့် ၃၈ ဗို့ သေနတ်တစ်လက်၊ ကျည်သုံးတောင့်၊ ငွေ ၁၃ သိန်းကျော်ခန့်၊ ထမင်းပေါင်းအိုးတစ်လုံးနှင့် ဘိန်းစာရွက်ဟုယူဆရသော အရွက်ပြုတ်ဖတ်တို့ကိုပါ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

လင်းထက်၏ခန္ဓာကိုယ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ ဆေးပြားတစ်ပြားအားတွေ့ရှိပြီး တေဇာလွင်အား ဆက်လက်ရှာဖွေရာ ငွေကျပ်နှစ်သိန်း၊ Wave i ၁၂၅ အဖြူရောင်ဆိုင်ကယ်တစ်စီးနှင့် ဆေးပြားတစ်ပြားအား သက်သေများရှေ့၌ သိမ်းဆည်းလိုက်ကြောင်းသိရသည်။ လက်နက်ခဲယမ်းများအား ဒေါ်ဝေ(ခ)ဒေါ်ခင်ဝေနှင့်အတူ ဆက်စပ်တရားခံများဖြစ်သော လင်းထက်၊ လင်းဇော်၊ ကျော်ဟန်ဌေး၊ တေဇာလွင်တို့အား ရေးမြို့မရဲစခန်းမှ (ပ)၁၈/ ၂၀၁၇ မူး/စိတ်ပြောင်းဥပဒေပုဒ်မ-၁၅/၁၆ (ဂ)/ ၂၀ (က)/ ၂၂ ( ခ)အရ မေ ၁၇ ရက် ည ၈ နာရီခွဲတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# စိန့်အက်တီယန်ကို အနိုင်ကစားပြီးနောက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပြင်သစ်အမှတ်ဖလားကိုပထမဦးဆုံးအကြိမ် မိုနာကိုအသင်း ပြန်လည်ရယူနိုင်ခဲ့




မိုနာကိုနှင့် စိန့်အက်တီယန်အသင်းတို့ ပွဲစဉ်တွင် အိမ်ရှင် မိုနာကိုအသင်းက တိုက်စစ်မှူး မက်ပီနှင့် ဂျာမိန်းတို့၏ သွင်းဂိုးများဖြင့် အနိုင်ယူကာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပြင်သစ်ပထမတန်း အမှတ်ပေးဖလားကို ပထမဦးဆုံး ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည်။ မိုနာကိုအသင်းမှာ လက်ကျန်တစ်ပွဲအလိုတွင် ရမှတ် ၉၂ ဖြင့် ဒုတိယနေရာရှိ ပီအက်စ်ဂျီအသင်းကို ခြောက်မှတ်ဖြတ်ကာ အမှတ်ပေးဖလားကို ရယူနိုင်ခဲ့သည်။ မိုနာကိုအသင်းမှာ စိန့်အက်တီယန်ကို သရေကစားနိုင်ရုံဖြင့် ချန်ပီယံဖြစ်မည်ဆိုသော်လည်း အနိုင်ကစားကာ ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၁၉ မိနစ်တွင် ဆယ်ကျော်သက်တိုက်စစ်မှူး မက်ပီက အဖွင့်ဂိုးသွင်းယူကာ ပွဲပြီးခါနီး စက္ကန့်ပိုင်းအလိုပင် ဂျာမိန်းက ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။

**စံချိန်တင်သွင်းဂိုးများနဲ့ မိုနာကိုရဲ့ အောင်ပွဲ**

မိုနာကိုသည် ဂျူဗင်တပ်ကို အရေးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးဖြစ်သော်လည်း မိုနာကိုအသင်းရဲ့ တိုက်စစ်ဦးစားပေးကစားဟန်မှာ အခြားဥရောပအသင်းများကို လှုပ်နိုးနိုင်ခဲ့သည်။ လိဂ်ဂိုး ၁၀၄ ဂိုး အပါအဝင် ပြိုင်ပွဲစုံသွင်းဂိုး ၁၅၅ ဂိုးအထိ ရှိခဲ့ရာ ယမန်နှစ် ပီအက်စ်ဂျီအသင်း သွင်းယူခဲ့သော သွင်းဂိုးအရေအတွက်ထက်ပင် ကျော်လွန်သွားခဲ့သည်။ ဖယ်ကာအိုနှင့် မက်ပီတို့ ဦးဆောင်သော တိုက်စစ်အတွဲ၏ တစ်ပွဲပျမ်းမျှ သွင်းဂိုးမှာလည်း သုံးဂိုးနီးပါးရှိခဲ့သဖြင့် ပီအက်စ်ဂျီအသင်းရဲ့ ပြင်သစ်အမှတ်ပေးပြိုင်ပွဲတွင် လေးနှစ်ကြာ လွှမ်းမိုးနေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

**လူကြီးလူငယ်ပေါင်းစပ်ရယူတဲ့ အောင်ပွဲ**

မိုနာကိုအသင်းရဲ့ ယခုနှစ်အောင်ပွဲတွင် အားလုံးသတိထားမိတဲ့ အချက်တစ်ခုမှာ အတွေ့အကြုံရှိ ကစားသမားများနှင့် လူငယ်ကစားသမားများပေါင်းစပ်ထားတဲ့ လူစာရင်းပင်ဖြစ်သည်။ မိုနာကိုအသင်းသည် ၂၀၀၀ ပြည့်နှစ် အောင်ပွဲရရှိစဉ်ကလည်း ပြင်သစ်အဓိကကစားသမားများဖြစ်တဲ့ ဘားသက်ဇ်၊ ထရက်ဇီဂေး၊ ဝီလီဆန်ညောတို့နှင့် အခြားလူငယ်အင်အား ပေါင်းစပ်အောင်ပွဲရယူခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်တွင်လည်း ထပ်တူအောင်ပွဲတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

**လွန်ခဲ့တဲ့ ငါးနှစ်က ကျရှုံးမှုတွေကို မေ့ပစ်လောက်အောင် စွမ်းဆောင်ပြနိုင်ခဲ့**

မိုနာကိုအသင်းမှာ လွန်ခဲ့တဲ့ ငါးနှစ်တာကာလက ပြင်သစ်ဒုတိယတန်းလိဂ်မှာပင် အဆင့်(၈)နေရာအထိ ရောက်ရှိခဲ့ပြီး နောက်နှစ် ရာသီအကုန်တွင် ပထမတန်းသို့ ပြန်လည်တန်းတက်လာနိုင်ခဲ့သည်။ တန်းတက်လာနိုင်ခဲ့ပြီး နှစ်ရာသီအကြာမှာပင် ယခုကဲ့သို့ အမှတ်ပေး ချန်ပီယံဖြစ်ခဲ့သဖြင့် မိုနာကိုအတွက် အိပ်မက်ဆန်သော ရာသီဖြစ်နေမည်မှာ သေချာသည်။

**မက်ပီရဲ့ ကတိစကား**

မက်ပီက လာမယ့်နှစ် ဘောလုံးရာသီတွင် ယခုထက် ပိုမိုကောင်းမွန်သော အနေအထားရောက်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုစကားဆိုခဲ့သည်။ မက်ပီမှာ ဝါရင့်တိုက်စစ်မှူး ဖယ်လ်ကာအိုရဲ့ ပေးပို့မှုမှ တစ်ဆင့် လူကျွံထောင်ချောက်ကို ဖောက်ထွက်ကာ မိုနာကိုအသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ ပွဲအပြီးတွင် မက်ပီက "ပြီးခဲ့တဲ့နှစ်တုန်းက ကျွန်တော့်အမေက ကလေးတွေချည်းများနေတယ်လို့ ပြောတော့ ကျွန်တော်က နောက်နှစ်ရာသီမှာ လူကြီးတွေနဲ့ ကျွန်တော် ရင်ဘောင်တန်းကစားနိုင်အောင် ကြိုးပမ်းပါ့မယ်။ ကျွန်တော့်ကို တစ်နှစ်ပဲ အချိန်ပေးပါလို့ ပြောခဲ့ဖူးတယ်။ ဒါကြောင့် နောက်ရာသီမှာလည်း ကျွန်တော် ပိုကောင်းအောင် ကစားမယ်လို့ ကတိပေးပါတယ်"ဟု ဆိုခဲ့ရာ မိုနာကိုပရိသတ်များအတွက် အားတက်စရာပင်ဖြစ် သည်။

**မေလွဲ့သင်း-စုစည်းသည်**




**ဂျင်မီဂရေ့ဗ်၏ ၄၆ နှစ်ကြာ သွင်းဂိုးစံချိန်ကို ချိုးဖျက်နိုင်ပြီဖြစ်တဲ့ စီရိုနယ်လ်ဒို**

ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ ဆယ်လ်တာဗီဂိုအသင်းဘက်သို့ သွင်းဂိုးနှစ်ဂိုးကို သွင်းယူပြီးနောက် အင်္ဂလန်တိုက်စစ်မှူး ဂျင်မီဂရေ့ဗ်၏ ၄၆ နှစ်ကြာတင်ထားခဲ့သော ဥရောပလိဂ်သွင်းဂိုးစံချိန်တစ်ရပ်ကို ချိုးဖျက်နိုင်ပြီဖြစ်သည်။ စီရိုနယ်လ်ဒိုမှာ ပွဲချိန် ၁၀ မိနစ်နှင့် ၄၄ မိနစ်တို့တွင် ရီးယဲလ်အတွက် ဦးဆောင်ဂိုး နှစ်ဂိုးကို ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ယခုကဲ့သို့ လိဂ်ဂိုးစံချိန်သစ်တစ်ရပ်ကို ထပ်မံရယူသွားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်တိုက်စစ်မှူး ဂျင်မီဂရေ့ဗ်သည် ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်၊ အေစီမီလန်၊ စပါးနှင့် ဝက်စ်ဟမ်း အသင်းတို့တွင် ကစားခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဥရောပလိဂ်သွင်းဂိုး ၃၆၆ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် စံချိန်ကို ရရှိကာ နှစ်ပေါင်း ၄၆ နှစ်ကြာ မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းစံချိန်ကို ချိုးဖျက်နိုင်မှုမရှိခဲ့ခြင်းဖြစ်သည်။ သို့သော် စီရိုနယ်လ်ဒို၏ ပွဲချိန် ၄၄ မိနစ်တွင် သွင်းယူနိုင်ခဲ့သော ဒုတိယမြောက်ဂိုးက ဂရေ့ဗ်၏ သွင်းဂိုးစံချိန်ကို ချိုးဖျက်နိုင်တဲ့ ဂိုးအရေအတွက်ဖြစ်ခဲ့ကာ စီရိုနယ်လ်ဒိုမှာ ဥရောပလိဂ်သွင်းဂိုး ၃၆၇ ဂိုးအထိ သွင်းယူနိုင်သည်ဆိုသော မှတ်တမ်းသစ်တစ်ရပ်ကို ရရှိခဲ့ခြင်းလည်းဖြစ်သည်။

စီရိုနယ်လ်ဒိုသည် ယခုနှစ်ရာသီအတွင်း ချန်ပီယံလိဂ် သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်တဲ့မှတ်တမ်းကို ရရှိခဲ့ပြီးနောက် ယခုကဲ့သို့ လိဂ်သွင်းဂိုး စံချိန်သစ်တစ်ရပ်ကို ထပ်မံပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ စီရိုနယ်လ်ဒို၏ ယခုသွင်းဂိုးအရေအတွက်မှာ မန်ယူနှင့် ရီးယဲလ်နှစ်သင်းစလုံးတွင် သွင်းယူနိုင်သည့် လိဂ်ဂိုးအရေအတွက်ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် စီရိုနယ်လ်ဒိုမှာ လိဂ်ဂိုးသွင်းခွင့်အချို့ကို ဖြုန်းတီးခဲ့၍သာ ဟက်ထရစ်ဂိုး သွင်းယူနိုင်မယ့်အခွင့်အရေး လွဲချော်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဆယ်လ်တာဗီဂိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ပြီးနောက် မာလာဂါနှင့် ပွဲစဉ်တွင် သရေတစ်မှတ်ရရှိရုံမျှဖြင့် လာလီဂါဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၂ ခုနှစ်တွင် လာလီဂါဖလားကို နောက်ဆုံးဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ သို့သော် နည်းပြ ဇီဒန်းက ယခုထိ ရီးယဲလ်အအသင်း ချန်ပီယံဖြစ်ပြီဟု မခံစားရသေးကြောင်း တုံ့ပြန်စကားဆိုခဲ့သည်။

## ချန်ပီယံလိဂ်ဖလားကို ဂျူဗင်တပ်ရရှိပြီး ဘတ်ဖွန်လည်း ဘလွန်းဒီအောဆု ရရှိရန် ဂရစ်ဇ်မန်းမျှော်လင့်

အက်သလက်တီကို ကြယ်ပွင့် ဂရစ်ဇ်မန်းက ဂျူဗင်တပ်အနေဖြင့် ကာဒစ်ကွင်းတွင် ရီးယဲလ်ကို အနိုင်ကစားအောင်ပွဲခံကာ ဂျူဗီဂိုးသမားဘတ်ဖွန်လည်း ဘလွန်းဒီအောဆုကို ရရှိလိမ့်မယ်လို့ ယုံကြည်ကြောင်း ဆိုလိုက်သည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် စီးရီးအေအင်အားကြီး ဂျူဗင်တပ်နှင့် လက်ရှိချန်ပီယံ ရီးယဲလ်တို့ တွေ့ဆုံကြမည်ဖြစ်ပြီး ဂရစ်ဇ်မန်းက ကာဒစ်မြို့ မီလျံနီယန်ကွင်းကြီးတွင် ဂျူဗင်တပ်သာ အောင်ပွဲခံသွားမည်ဟု ယုံကြည်နေခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ၁၉၉၆ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်တွင် ဗိုလ်စွဲခြင်းမရှိသော်လည်း ဂျူဗီအနေဖြင့် ရီးယဲလ်ကို နောက်ကောက်ချကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ပြီး ဘတ်ဖွန်လည်း မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ အလှည့်ကျရယူနေတဲ့ ဘလွန်းဒီအောဆုကို ဆွတ်ခူးရန် ဂရစ်ဇ်မန်းက ဆန္ဒရှိနေသည်။

ဂရစ်ဇ်မန်း၏ အက်သလက်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် ရီးယဲလ်ကို အသာရခဲ့ခြင်းမရှိဘဲ ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ် ဗိုလ်လုပွဲနှစ်ကြိမ်လုံးတွင် အရေးနိမ့်ခဲ့ရသလို ၂၀၁၅ ခုနှစ်တွင် ကွာတားဖိုင်နယ်အဆင့်၊ ၂၀၁၇ ခုနှစ် ဆီမီးဖိုင်နယ်ပွဲစဉ်တို့တွင် အရေးနိမ့်ခဲ့ပြီးဖြစ်သည်။ ဂရစ်ဇ်မန်းက ရှုံးနိမ့်မှုတိုင်းအတွက် စိတ်ပျက်မိသော်လည်း ဗိုလ်လုပွဲများတွင်အရေးနိမ့်ခြင်းက ပိုမိုခံရခက်ကြောင်း ဖွင့်ဟခဲ့သည်။ ဂရစ်ဇ်မန်းက ယခုနှစ်တွင် အက်သလက်တီကိုအသင်းမှာ မည်သည့်ဖလားမျှမရရှိသော်လည်း ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု တုံ့ပြန်ခဲ့သည်။

---

## ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် ဂါရတ်ဘေးလ်ထက် အစ္စကိုကိုသာ ရီးယဲလ်ကစားသမားအများစု ပွဲထွက်ကစားစေလိုဟု သတင်းများထွက်ပေါ်လာ

ရီးယဲလ်မက်ဒရစ် ကစားသမားအများစုက ချန်ပီယံလိဂ်ဗိုလ်လုပွဲ ရီးယဲလ်တိုက်စစ်ရွေးချယ်မှုတွင် ဂါရတ်ဘေးလ်ထက် အစ္စကိုကိုသာ ပွဲထွက်ကစားစေလိုကြပြီး အဆိုပါဆန္ဒရှိနေသူများထဲတွင် စီရိုနယ်လ်ဒိုပါ ပါဝင်နေကြောင်း သိရသည်။ ဘေးလ်မှာ ယခုနှစ်ရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ရီးယဲလ်ရဲ့ ပွဲစဉ်ပေါင်း ၂၇ ပွဲအထိ လွဲချော်ထားပြီးဖြစ်သလို ယခုထိလည်း လေ့ကျင့်ရေး ပြန်မဆင်းနိုင်သေးပေ။ နည်းပြ ဇီဒန်းက ဗိုလ်လုပွဲတွင် ဘေးလ်ပြန်လည်ပါဝင်နိုင်မယ်လို့ မျှော်လင့်နေသော်လည်း မည်သည့်အချိန်တွင် ပြန်ကစားနိုင်မည်ကို အတိအကျ မပြောနိုင်သေးကြောင်း ဆိုခဲ့သည်။ ဇီဒန်းက ဘေးလ်ရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး "သူဟာ လေ့ကျင့်မှုတွေကို တစ်ဦးတည်းပြုလုပ်နေနိုင်ပါပြီ။ သူ့အခြေအနေဟာ တစ်နေ့တစ်ခြားတိုးတက်လာနေပြီး ဘယ်အချိန်မှာ အုပ်စုလိုက်လေ့ကျင့်မှုမျိုး ပြန်လုပ်နိုင်မလဲ စောင့်ကြည့်နေရဆဲပါပဲ"ဟု သတင်းပေးခဲ့သည်။

ဒဏ်ရာကြောင့် ဘေးလ် ဝင်ရောက်မကစားနိုင်တဲ့ကာလအတွင်း ရီးယဲလ်တိုက်စစ်ပိုင်းမှာ ပိုမိုကောင်းမွန်နေရာ ရီးယဲလ်ကစားသမားအများစုက အစ္စကိုမှာ ဘေးလ်ထက် အသင်းဟန်ချက်ညီမျှမှုကို ပိုမိုထိန်းပေးနိုင်တဲ့ ကစားသမားဟု ယုံကြည်နေခြင်းဖြစ်သည်။ ပီပီ၊ ကွန်ထရာအိုနှင့် ကက်စီမီရိုတို့က ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဘေးလ်ကို အရန်ခုံပေါ် ထိုင်ခိုင်းပြီး အစ္စကိုကို ပွဲထွက်ကစားစေပါက ရီးယဲလ်အနေဖြင့် ဂျူဗီကို အသာရမယ်လို့ ယုံကြည်နေသည်ဟု စပိန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြကြသည်။



# မေတ္တာပွား၍သစ္စာစကားဆိုနိုင်ကြပါစေ

မောင်စာဂ

**ဥပဒေစကားအဓိပ္ပာယ်**

ဥပဒေတစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ယင်းဥပဒေပါစကားရပ်များ၏ အဓိပ္ပာယ်သဘောကို မှန်မှန်ကန်ကန် ကောက်ယူနိုင်မှသာလျှင် ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များသည် မှန်ကန်မည်။ ဥပဒေနှင့်ညီညွတ်ပါမည်။ အဓိပ္ပာယ်သဘော ကောက်ယူမှု လွဲမှားခဲ့လျှင် ဆောင်ရွက်ချက်များသည်လည်း မှန်ကန်မှုမဖြစ်နိုင်။ သို့ဖြစ်လျှင် ဥပဒေစကားရပ်များ၏ အဓိပ္ပာယ်သဘောကောက်ယူရာတွင် အစဉ်မှန်ကန်ဖို့ လိုအပ်သည်။ ဤသို့ တွေးထင်ယုံကြည်ထားသည့်အားလျော်စွာ ဥပဒေစကားရပ်များ၏ အဓိပ္ပာယ်သဘောကောက်ယူရာ၌ မှန်ကန်စေရေး 'အား' တစ်ရပ်ဖြစ်စေရန် ရည်စူးလျက် 'ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကောက်ယူရာဝယ်' ဆောင်းပါး (၂၇-၁-၂၀၁၇ ကြေးမုံသတင်းစာ၊ စာ - ၁၈) နှင့် 'ဥပဒေစကားရပ်များ၏ အဓိပ္ပာယ်သဘောကောက်ယူရာဝယ်' ဆောင်းပါး (၁၇-၃-၂၀၁၇ ကြေးမုံ သတင်းစာ၊ စာ - ၁၈) တို့ကိုရေးသားခဲ့သည်။

**နှုတ်ပြောစကားအဓိပ္ပာယ်**

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း၊ အကြီးအကဲနှင့် လက်အောက်ဝန်ထမ်း၊ အလုပ်ရှင်နှင့်အလုပ်သမားစသည်တို့အကြား အချင်းချင်း အပြန်အလှန်ဆက်ဆံ၊ ပြောဆို၊ ညှိနှိုင်း၊ ဆွေးနွေး၊ တင်ပြကြရသည်များရှိသည်။ ထိုသို့သောအခါမျိုးတွင် တစ်ဦးကပြောဆိုလာသော စကားရပ်များအပေါ် ကျန်တစ်ဦးကနားလည်ဖို့လိုသည်။ မှန်မှန်ကန်ကန် အဓိပ္ပာယ်ကောက်ယူတတ်ဖို့လိုသည်။ အဓိပ္ပာယ်ကောက်ယူမှုလွဲမှား (Mis-interpretation) လျှင် နားလည်မှုလွဲမှား (Mis-understanding) မည်ဖြစ်သည်။ နားလည်မှုလွဲမှားသည်နှင့်အမျှ ယုံကြည်မှုပျက်ပြားမည်။ မိတ်ကောင်းဆွေကောင်း ဆုံးရှုံးသည်။

စကားအဓိပ္ပာယ်သဘောကောက်ယူမှုလွဲမှားခြင်းဖြင့် အမှန်ကိုမသိနိုင်၊ မမြင်နိုင်။ အမှန်ကို မသိမမြင်နိုင်သဖြင့် မှန်ကန်သောဆောင်ရွက်မှုမပြုနိုင်။ မှန်ကန်သောဆုံးဖြတ်ချက်မချနိုင်။ လိုရာခရီးကိုမရောက်။ အခက်အခဲနှင့်ရင်ဆိုင်ရသည်။ ပင်ပင်ပန်းပန်းကြိုးစားရသည်။ နှုတ်ပြော စကားရပ်များကို အဓိပ္ပာယ်ကောက်ယူခြင်းသည် ဥပဒေစကားရပ်များအပေါ် အဓိပ္ပာယ်ကောက်ယူခြင်းပြုသကဲ့သို့ အရေးကြီးလှသည်။ ပို၍ပင်အရေးကြီးသည်ဟု တွေးထင်မိသည်။ သို့ပါ၍ စကားအရာဆင်ခြင်သတိမူနိုင်ကြစေရန် ဤဆောင်းပါးကို ဆက်၍ရေးဖြစ်သည်။

**စကားကောင်းကောင်းပြောကြရအောင်**

စကားကို အသွင်အမျိုးမျိုးဖြင့် ပြောတတ် ဆိုတတ်ကြသည်ကို တွေ့ရသည်။ 'နှုတ်ရေး စကားတတ်' ရှိကြသူများအနေဖြင့် စကားပြောကောင်း၏။ သိမ်မွေ့၏။ နူးညံ့၏။ ယဉ်ကျေး၏။ လိမ္မာ၏။ ပျော့ပျောင်း၏။ ပြေပြစ်၏။ ဤသို့ဆိုလျှင် နားထောင်၍ကောင်းသည်။ နားဝင်ချိုသည်။

အချို့သောသူများအနေဖြင့်မူ စကားပြောဆိုး၏။ ခက်ထန်၏။ မာကျော၏။ ကြမ်းတမ်း၏။ မိုက်ရိုင်း၏။ ရင့်သီး၏။ ဤသို့ဆိုလျှင် နားထောင်၍မကောင်း။ နားဝင်မချို။

စကားကိုစကားဖြင့် ကစားတတ်ကြသည်လည်းရှိသည်။ ဤသို့ကစားခြင်းဖြင့် မိမိအတွက်လည်း ကောင်းကျိုးချမ်းသာများ ရရှိစေသည်။ သူတစ်ပါးအတွက်လည်း ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းစေသည်။ ပတ်ဝန်းကျင်နှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး သာယာပျော်ရွှင်စေသည်။ တိုးတက်ဖွံ့ဖြိုးစေသည်။ တည်ငြိမ်အေးချမ်းစေသည်။ ဤသည်မှာ စကားကို ကောင်းစွာကစားခြင်း ဖြစ်သည်။ စကားကို ကောင်းသော အလှတန်ဆာများ ဆင်ယင်ခြင်းဖြစ်သည်။

စကားကို ကစားခြင်းဖြင့် ကိုယ်ရည်သွေးသည်။ အထင်ကြီးအောင်လုပ်သည်။ မာန်မာန ထောင်လွှားသည်။ လိမ်လည်လှည့်ဖျားသည်။ ကောက်ကျစ်စဉ်းလဲသည်။ ဖြားယောင်းသွေးဆောင်သည်။ ကုန်းချောကုန်းတိုက်ပြုသည်။ စသည်စသည်တို့သည် မိမိအတွက်လည်း ကောင်းကျိုးချမ်းသာများမရရှိနိုင်။ သူတစ်ပါးတို့၏ အကျိုးစီးပွားလည်း ပျက်စီးဆုံးရှုံးနစ်နာစေသည်။ ပတ်ဝန်းကျင်နှင့် လူ့ဘောင်အဖွဲ့အစည်းကိုလည်း အကျိုးမပြု။ ဤသည်မှာ စကားကို ယုတ်ညံ့စွာ ကစားခြင်းဖြစ်သည်။ စကားကို အရုပ်ဆိုးသော၊ အကျည်းတန်တန်ဆာများဆင်ယင်ခြင်းဖြစ်သည်။

**ဆိုရိုးစကားပုံများ**

စကားပြောဆိုမှု အသွင်အမျိုးမျိုးကို အခြေပြု၍ ဆိုရိုးစကားပုံများ ပေါ်လာရသည်။

'နှုတ်ချို သျှိုတစ်ပါး၊ နှုတ်ချိုလျှင်ချစ် လက်တိုလျှင်ပစ်၊ နှုတ်ကြီးလျှင်ခွာ၊ လက်ကြီးလျှင်လာ၊ အလျှောက်ကောင်းတော့ အထောင်းသက်သာ၊ မပြည့်သည့်အိုးဘောင်ဘင်ခတ်၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်၊ ကိုယ့်ရှုံးကိုယ်ပတ်၊ ကိုယ့်အတတ်ကိုယ်စူး၊ ကိုယ့်အထုတ်ကိုယ်ဖြေပြ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း၊ လူပြောမသန် လူသန်မပြော၊ ထောင်တန်တဲ့စကားရယ်ပေ့၊ စကားနည်းရန်စဲ၊ အသံကြောင့်ဖားသေ၊ တိတ်တိတ်နေထောင်တန်၊ ဆိတ်ဆိတ်နေထောင်တန်၊ ကလိန်စေ့ငြမ်းဆင်၊ စကားစကားပြောပါများ စကားထဲကဇာတိပြ၊ ပါးစပ်ကဘုရားဘုရားလက်ကကားရားကားရား၊ ပါးစပ်ဟ အူမြင်၊ လေဖမ်းဒန်းစီး၊ လေဖမ်းဝါးတန်းချည်၊ ဝမရှိဘဲဝိလုပ်၊ ဝါးလုံးခေါင်းထဲလသာ၊ သူခိုး သေဖော်ညှိ၊ သူတောင်းစားချင်း ခွက်စောင်းခုတ်၊ သူများယောင်လို့ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိ၊ အခုစာကလေးကြော် အခုဆီထမင်း၊ အပေါ်ယံရွှေမှုန်ကြဲ အထဲကန္တာရချေးခံ၊ အပွေးမြင်အပင်သိ၊ အရှုးကတစ်မူးသာ၊ အသံသာရှိ အဆံမရှိ၊ အဝတ်မရှိသူကလုံအောင်ထိုင်ပါပြော၊ တောစကားတောပျောက်၊ ငါ့စကားနွားရ၊ ကိုယ့်ကိုကိုယ်ဖော် မသူတော်ခုနစ်ပါး၊ စကားကြီးခြောက်ခွန်း လူ၌ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတည်' . . .

စသည်စသည်ဖြင့် စကားအရာမှတ်သားလိုက်နာသင့်ကြသည်။ ရှောင်သင့်သည်ကို ရှောင်၍ ဆောင်သင့်သည်ကို ဆောင်သင့်ကြသည်။

> စိတ်ဓာတ်နှင့်အတွေးအခေါ် ရင့်ကျက်ခိုင်မာသော ခေါင်းဆောင်ကောင်းများအတွက် အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝပြီး စိတ်ကောင်းစေတနာမှန်သော နောက်လိုက်ကောင်းများလိုအပ် . . .

**လူကဲခတ်၍နားထောင်ပါ**

စကားအဓိပ္ပာယ်မှန်ကန်အောင် မည်သို့ကောက်ယူမည်နည်း။ ဤသည်မှာ ကျယ်ပြန့်လွန်းလှသည်။ သင်ယူခြင်းဖြင့်လည်း သိနိုင်မည့်ကိစ္စမဟုတ်ဟု ထင်သည်။ အတွေ့အကြုံ ဗဟုသုတများဖို့လိုသည်။ မိမိ၏ ပင်ကိုအသိဉာဏ်ထက်မြက်မှု အားကောင်းဖို့လိုသည်။ အကင်းပါးရမည်။ ဆင်ခြင်နိုင်စွမ်းရှိရမည်။ စကားကို များများပြောခြင်းထက် များများနားထောင်သင့်သည်ဟု ဆိုကြပြောကြသည်။ စကားပြောဆိုသူဘက်ကလည်း တစ်ဖက်သားနားလည် သဘောပေါက်အောင် ပြောတတ်ဆိုတတ်ဖို့၊ ပြောနိုင်ဆိုနိုင်စွမ်းရှိဖို့ လိုအပ်သည်ကို သတိပြုဆင်ခြင်အပ်သည်။

စိန်ကဲ ရွှေကဲထက် လူကဲခတ်ရန် ခက်လှသည်ဟု ဆိုရိုးရှိ၏။ ပြောဆိုသောစကားထက် ပြောဆိုသူသည် သဘောရိုး၏၊ မရိုး၏ ဆိုသည်ကိုလည်း ဝေခွဲတတ်ရမည်။ နှုတ်ချိုသော်လည်း အတွင်းစိတ်ကောင်းချင်မှ ကောင်းမည်။ နှုတ်ကြမ်းသော်လည်း အတွင်းစိတ်ကောင်းတတ်သည်။ လူဖြောင့်စိတ်တိုဟူသော ဆိုရိုးစကားရှိသည်။ အပြောကောင်းတိုင်း အကောင်းပြောသည်ဟု မမှတ်ယူသင့်။ အကောင်းပြောသော်လည်း အပြောကောင်းချင်မှကောင်းမည်။ ပြောသောစကားနှင့် ပြောဆိုသူ၏စိတ်ထား ယှဉ်တွဲဆင်ခြင်သင့်သည်။ အကြိုက်လိုက်ပြောသူထက် အကြောင်းအကျိုးယှဉ်ပြောသူကို နားလည်လက်ခံသင့်သည်။ နားရောမျက်စိပါ အကြားနှင့်အမြင်တစ်ထပ်တည်းဖြစ်နေအောင် အကဲခတ်သင့်သည်။ မျက်စိအမြင်၊ နားအကြားတွင် စိတ်အသိနှင့်ယှဉ်၍ သတိပြု ဆင်ခြင်အပ်သည်။

**ခေါင်းဆောင်ကောင်းတို့၏ အတွေးအမြင်**

စီမံခန့်ခွဲပိုင်ခွင့်ရှိသူ လုပ်ငန်းရှင်များ၊ အုပ်ချုပ်သူအကြီးအကဲခေါင်းဆောင်အသီးသီးတို့သည် များလှစွာသော လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်ကြရသည်။ အောက်လက်ဝန်ထမ်းများ၏ ပြောစကားများအပေါ် အဓိပ္ပာယ်ကောက်ယူမှု မှန်မှန်ကန်ကန်ရှိစေဖို့ အရေးကြီးသကဲ့သို့ အကဲဖြတ်မှု မှန်မှန်ကန်ကန်ရှိစေဖို့လည်း အရေးကြီးသည်။ သို့မှသာ ဆုံးဖြတ်ချက်မှန်ကန်နိုင်မည်။ အဓိပ္ပာယ်ကောက်ယူမှု၊ အကဲခတ်မှုနှင့် ဆုံးဖြတ်ချက်တို့ မှန်ကန်နေလျှင် လုပ်ငန်းတိုးတက်သည်။ လုပ်ငန်းခွင်ပျော်မွေ့ကြသည်။ လူမှန်နေရာမှန် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်စေသည်။ စည်းစည်းလုံးလုံး၊ တက်ညီလက်ညီ၊ တစ်စိတ်တစ်ဝမ်းတည်း တစ်သားတည်း ဖြစ်နေစေသည်။

အချို့သော လုပ်ငန်းရှင်၊ အုပ်ချုပ်သူအကြီးအကဲ၊ ခေါင်းဆောင်တို့သည် အဓိပ္ပာယ်ကောက်ယူမှု၊ အကဲခတ်မှုတို့ကို ကိုယ်ပိုင်အသိဉာဏ်၊ ဆင်ခြင်တုံတရားများကို အသုံးချ၍ ပြုမူဆောင်ရွက်သည်တွင် ဘေးလူများ၏ အကြံဉာဏ်နှင့် ပြောဆိုချက်များကို ရယူတတ်ကြသည်။ အနားတွင် ယုံကြည်စိတ်ချရသူများ ထားရှိတတ်ကြသည်။ ထိုကဲ့သို့ ယုံကြည်စိတ်ချရသူများ၏ အကြံဉာဏ်နှင့် ပြောစကားများကို ယုံကြည်မှုများသွားသည့်အခါ မိမိ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားအပေါ် လွှမ်းမိုးသွားတတ်သည်။ ယိမ်းယိုင်သွားတတ်သည်။ အကြောင်းအရာတစ်ရပ်အပေါ် မိမိယုံကြည်စိတ်ချရသူများက ၎င်းအတွေးအထင်အရ မှန်သည်ဟုယူဆ တင်ပြချက်များသည် ယထာဘူတကျကျ မှန်မှန်ကန်ကန်ဖြစ်နေလျှင် အကြောင်းမဆိုသာ။ ဘက်ပေါင်းစုံမှ ဆန်းစစ်ပါက မှန်ကန်မှုအားနည်းခဲ့လျှင် အကျိုးမရှိဖြစ်သွားတတ်သည်။ ဦးတည်ချက်နှင့် လွဲသွားတတ်သည်။

စိတ်ဓာတ်နှင့်အတွေးအခေါ် ရင့်ကျက်ခိုင်မာသော ခေါင်းဆောင်ကောင်းများအတွက် အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝပြီး စိတ်ကောင်းစေတနာမှန်သော နောက်လိုက်ကောင်းများ လိုအပ်သည်။ မှန်သောစကား၊ အကျိုးရှိသောစကားကိုသာ ဆိုတတ်သူများ၏ အကြံဉာဏ်နှင့် ပြောဆိုတင်ပြမှုများကို ဆန်းစစ်ဆင်ခြင်လက်ခံနိုင်စွမ်းအားကြီးသော ခေါင်းဆောင်ကောင်း၏ အတွေးအမြင်နှင့် ဆုံးဖြတ်ချက်သည် လောကကောင်းကျိုး၊ အများကောင်းကျိုးကို ဖြစ်ထွန်းပေါ်ပေါက်စေမည်ဖြစ်သည်။

**ရာဇဝင်ထဲကစကားများ**

'ချစ်စေလိုခံတွင်းလက်လေးသစ်၊ မုန်းစေလိုခံတွင်းလက်နှစ်သစ်' ဟု ဆိုးစကားရှိသည်။ သာမန်လူအများ၏ စကားထက် ရာဇဝင်ထဲက လူပုဂ္ဂိုလ်အချို့၏ နှုတ်ထွက်စကားများသည် သမိုင်းတွင်ပုံရိပ်ထင်ကျန်ရစ်ခဲ့ကြသည်။

'ကျန်စစ်သားငါ့ကိုခိုးသည်' ဟု အထင်မှားစကားဆိုသော ပုဂံပြည့်ရှင် ဘုရင်စောလူး၊ သူ့ဆန်စား၍ ရဲရပေသည်ဟုဆိုသော ပြည်ဘုရင်၏ကျွန်ယုံထင်ငယ်၊ ရှင်ဘုရင်ကိုသာ ဦးခိုက်လိုသည်ဆိုသော အမတ်ဒိန်၊ ရှင်ဘုရင်ကို ရှင်ဘုရင်ပါးမဝသေးဟုဆိုသော အမတ်ကြီးဦးပေါ်ဦး၊ ငါမကောင်းလျှင် ငါ့အကြောင်းရေးဟုဆိုသော မင်းတုန်းမင်း စသည်စသည် သမိုင်းအဆက်ဆက်ဆိုစမှတ်ပြုရသည့် စကားများစွာရှိခဲ့သည်။ သင်ခန်းစာယူဖွယ်၊ ဆင်ခြင်ဖွယ်၊ အတုယူဖွယ်စကားများဖြစ်သည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ 'တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရစေရမည်' ဆိုသည့် ကတိစကား၊ သန္နိဋ္ဌာန်စကားအရ တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှု၊ ပင်လုံစိတ်ဓာတ်ဖြင့် နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။ 'ပဒေသာပင်ဆိုတာ မြေကပေါက်လာမှာမဟုတ်ဘူး၊ တကယ်အလုပ်လုပ်ကြမှ ရနိုင်မယ်၊ စုပေါင်းလုပ်ကြမှလဲ အကျိုးရှိနိုင်မယ်' ဆိုသည့် အမှာစကားအတိုင်း ခေါင်းဆောင်ကောင်း၏ စကားကို ပြည်သူတို့က လေးစားလိုက်နာ လုပ်ဆောင်ကြခြင်းဖြင့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**သူခံသာသည့်စကားနှင့် သူမခံသာသည့်စကား**

'မိမိတို့အမြဲသင်ခဲ့ရသည့်အတိုင်း စကားဆိုသည်မှာ သူခံသာသည့်စကားနှင့် သူမခံသာသည့်စကားဆိုတာ ရှိပါကြောင်း၊ ဒါပေမယ့် ပထမဦးဆုံး ဆုံးဖြတ်ရမည်မှာ စကားတစ်ခုသည် မှန်သလား၊ မမှန်သလားဆိုတာ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယက အကျိုးရှိသလား၊ မရှိဘူးလား။ စကားတစ်ခုဟာ မှန်သလား၊ မမှန်ဘူးလားဆိုတာ တစ်ယောက်နှင့်တစ်ယောက် သဘောထားချင်းမတူပါကြောင်း၊ နောက်တစ်ခုမှာ မှန်သည်ဟုဆုံးဖြတ်ပြီးလျှင်တောင်မှ အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုသည်ကို ဆင်ခြင်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ပြောသည့်အခါ မှန်ကန်သည့်စကားများဖြစ်ရန်လိုသလို အကျိုးရှိသည့်စကားများဖြစ်ရန်လိုပါကြောင်း၊ တတိယနှင့် စတုတ္ထအဆင့်မှာ သူခံသာသည့်စကားနှင့် သူမခံသာသည့်စကား ဖြစ်ပါကြောင်း၊ ခံသာသည် မခံသာဘူးဆိုတာ အများအားဖြင့် လက်ခံနိုင်သည်၊ လက်မခံနိုင်ဘူးဆိုသည့် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ လက်ခံနိုင်သည်၊ လက်မခံနိုင်ဘူးဆိုသည်မှာ အမြဲတစေ မပြောင်းမလဲ အခြေအနေမဟုတ်ပါကြောင်း၊ တချို့စကားများသည် တစ်ချိန်ကလက်မခံနိုင်သော်လည်း နောင်တစ်ချိန်တွင် လက်ခံနိုင်သည်ဟု ဖြစ်လာမည်ဖြစ်ပါကြောင်း၊

ဤသည်မှာ ၁၄ - ၄ - ၂၀၁၇ ရက်နေ့က တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။

**မေတ္တာပွား၍ သစ္စာစကားဆို**

မည်သည့်တွေ့ဆုံဆွေးနွေးမှုမျိုးမဆို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စိတ်ရင်းအမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောဆိုကြမည်ဆိုလျှင် အပြန်အလှန်စကားဆိုကြ၊ သူ့အမြင်ကိုယ့်အမြင် ဆွေးနွေးကြ၊ ငြင်းခုံကြ၊ ညှိနှိုင်းအဖြေရှာကြရမြဲဖြစ်သည်။ ဦးတည်ချက်၊ ယုံကြည်ချက်၊ ခံယူချက်ချင်းတူကြလျှင် စကားဝိုင်းတွင် ငြိမ်းချမ်းစွာအဖြေရှာနိုင်ကြမည်မှာ မုချဧကန်ဖြစ်သည်။ 'စကားအရာ ပျားသကာသို့ချိုလှစေ' ဟု ရှေးပညာရှိတို့မိန့်ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် မှန်ကန်အကျိုးရှိသည့်စကားကို ချိုအေးကြည်သာစွာ ပြောဆိုအဖြေရှာနိုင်ကြပါမည်။

မိသားစုအသိုက်အဝန်းအတွင်း နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေကြပြီးလျှင် စကားအဓိပ္ပာယ် ကောက်မလွဲကြဘဲ အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစား၊ ချစ်ခင်ကြင်နာမှုတို့ကို အခြေခံပြီး မေတ္တာပွား၍ သစ္စာစကားဆိုနိုင်ကြပါမည်။

တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မေတ္တာထား၍ သစ္စာစကားဆိုကြလျှင်ဖြင့် ထာဝစဉ် အပြစ်မမြင် ချစ်ခင်ကြပါလိမ့်မည်။ လောကအားလုံး ရွှင်ပြုံးကြည်သာရှိကြပါလိမ့်မည်။ စာနာစိတ်ထား၊ မေတ္တာပွား၍ သစ္စာစကားဆိုနိုင်ကြပါစေ။

# လေဘေးသင့်ကျေးရွာများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများပေးအပ်

**ဒီပဲယင်း မေ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ မေ ၁၆ ရက်ည ၇ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ခံရမှုကြောင့် ကျေးရွာလေးရွာရှိ လူနေအိမ်များ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ အမိုးလန်ပြိုလဲမှုများဖြစ်ပေါ်ခဲ့ရာ လူနေအိမ် ၁၄၅ အိမ်၊ အခြားအဆောက်အအုံ ၁၄ ခု၊ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းတို့ ပျက်စီးထိခိုက်ခဲ့ပြီး လူနေအိမ် ၃၀ ပြိုလဲကျခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခံရသော ကျေးရွာများသို့ မေ ၁၇ ရက် နံနက် ၆ နာရီခွဲက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့သည် စိုင်ပြင်စံပြကျေးရွာဘုန်းတော်ကြီးကျောင်း၌ လေပြင်းတိုက်ခတ်ခံရသောအိမ်ထောင်စုများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ထောက်ပံ့လှူဒါန်းငွေကျပ် ၈၂၂၀၀၀၀ နှင့် အိမ်ထောင်စုတစ်စုလျှင် ပစ္စည်းငါးမျိုး ထောက်ပံ့ပေးအပ်ခဲ့သည်။

ဒီပဲယင်းမြို့နယ်တွင် မေ ၂ ရက်က ကျေးရွာတစ်ရွာ လေပြင်းတိုက်ခတ်ခံရပြီး မေ ၅ ရက်က ကျေးရွာ ၁၉ ရွာနှင့် မေ ၁၆ ရက်က ကျေးရွာလေးရွာ လေပြင်းတိုက်ခတ်ခံရကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**



# ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်ရေး ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မန္တလေး မေ ၁၈**
ပြည်သူလူထုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လက်တွေ့ကြုံတွေ့နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများအားသိရှိ၍ သိသာထင်ရှားသည့်ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၊ ထိခိုက်လွယ်သောအုပ်စုများ၊ ဝေးလံခက်ခဲသောဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်စေရေးအတွက် အထူးစီမံချက်များရေးဆွဲအကောင်အထည်ဖော်ရေးဆောင်ရွက်သွားရန်၊ People Health Assembly မှ ဆွေးနွေးချက်များအပေါ်မူတည်၍ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်ရေးအတွက် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ နည်းပညာဆိုင်ရာပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအဆင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်ရေးဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က လုပ်ငန်းဆောင်ရွက်မှုများအားလည်းကောင်း၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က မြို့နယ်များနှင့်ကျေးလက်များတွင် ရောဂါရှာဖွေကုသရေးလုပ်ငန်းများဆောင်ရွက်မှုကိုလည်းကောင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက စံမညီဆေးနှင့် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်မရှိသော ဆေးများဈေးကွက်ရောင်းချမှုမရှိစေရေး စစ်ဆေးဆောင်ရွက်မှု၊ ဈေးများအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များရောင်းချရေး ဆောင်ရွက်မှုများအားလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ )မှ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ သုတေသနဆောင်ရွက်ထားမှုများအားလည်းကောင်း ရှင်းလင်းတင်ပြပြီး အဖွဲ့ငယ်များဖွဲ့စည်းကာ အုပ်စုအလိုက်ဆွေးနွေးကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနများမှ ဆရာဝန်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ချင်းတွင်းမြစ်နှင့် မူးမြစ်တို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေး

**မုံရွာ မေ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ရွှေဘိုမြို့နယ်တို့တွင် မြစ်ရေတိုက်စားပြီး ကမ်းပါးများပြိုကျမှုကြောင့် ကျေးရွာပိုင်မြေများနှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် မုံရွာမြို့နယ် ကျွန်းကြီးကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန်နှင့် ရွှေဘိုမြို့နယ် မအူပင်ကျေးရွာတွင် မူးမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ အကုန်အကျခံ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေကို မိုးရာသီအမီ အပြီးလုပ်ဆောင်သွားမှာပါ၊ အခု ကျောက်စီရေကာ လုပ်ငန်းတွေက လုပ်ဆောင်နေပါပြီ။ သောင်တူးခြင်း လုပ်ငန်းတွေကိုတော့ စီစဉ်နေပါပြီ။ ဇွန်လ ဒုတိယပတ်အတွင်း အပြီးတည်ဆောက်သွားမှာပါ" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် မုံရွာမြို့နယ် ကျွန်းကြီးကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် မျောတိုင်စိုက်ကျောက်ဖြည့်ရေကာ တည်ဆောက်ခြင်း အလျား ၂၈၀ မီတာ နှင့် သောင်တူးခြင်းလုပ်ငန်း အလျား ၃၄၀၀ မီတာ အရှည်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှငွေကျပ်သန်း ၃၀၀ ဖြင့်လည်းကောင်း၊ ရွှေဘိုမြို့နယ် မအူပင်ကျေးရွာတွင် မူးမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် ရေကာဟောင်းကို စွမ်းအားမြှင့်တင်ခြင်းလုပ်ငန်း အလျား ၃၁၅ ပေ၊ တိုင်များစိုက်ထူခြင်းလုပ်ငန်း အလျား ပေ ၅၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၄၅ ဒသမ ၂ သန်းဖြင့်လည်းကောင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**



# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်းရွာ

**မန္တလေး မေ ၁၈**
မန္တလေးတိုင်းဒေသကြီးတွင် မုတ်သုံရာသီမကျရောက်မီ မိုးကြိုကာလအတွင်း နေ့အပူချိန်များမြင့်တက်ခဲ့သည်။ ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ကာ မိုးတိမ်တောင်များအားကောင်းမှုကြောင့် မေ ၁၇ ရက် ည ၁၂ နာရီခွဲခန့်တွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် လျှပ်စီးလက်ခြင်း၊ မိုးထစ်ချုန်းရွာခြင်းများဖြစ်ပေါ်ခဲ့သည်။

မန္တလေးမြို့တွင် မွန်းတည့် ၁၂ နာရီ တိုင်းတာချက်အရ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ရှိကာ မိုးထစ်ချုန်းရွာပြီး နံနက် ၇ နာရီ တိုင်းတာချက်အရ အပူချိန် ၃၆ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းသွားခဲ့သည်။ ညပိုင်းမန္တလေးနှင့် အနီးတစ်ဝိုက်တွင် မိုးရေချိန် ၁ ဒသမ ၄၈ လက်မခန့်ရွာသွန်းခဲ့ရာ အနိမ့်ပိုင်းရပ်ကွက်လမ်းများပေါ် ရေများခေတ္တလွှမ်းသွားကြောင်း တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီးတွင် မေ ၁၇ ရက်ညပိုင်းတွင် မိုးများထစ်ချုန်းရွာသွန်းခဲ့ရာ ကျောက်ဆည်မြို့တွင် ၄ ဒသမ ၆၁ လက်မ၊ မြစ်သားမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ တံတားဦးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မြင်းခြံမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၀၁ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ၄ လက်မရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပထမဆုံးအကြိမ်ဖွင့်လှစ်သည့် မောင်းသူမဲ့လေယာဉ် (Drone) သင်တန်းသားများ လက်တွေ့လေ့ကျင့်

**မိတ္ထီလာ မေ ၁၈**
မြန်မာနိုင်ငံတွင် ဘာဘာဝဘေးအန္တရာယ်ကျရောက်မှုအခက်အခဲ လျော့နည်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန် ကုလသမဂ္ဂ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့၏ နည်းပညာအကူအညီဖြင့် မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်သည့်မောင်းသူမဲ့လေယာဉ် ( Drone ) သင်တန်းသားများ၏ လက်တွေ့ပျံသန်းလေ့ကျင့်ခြင်းကို မေ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ် ဘောလုံးကွင်း၌ ပြုလုပ်ကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် အထောက်အကူပြုသည့် ကောင်းကင်ဓာတ်ပုံရိုက်ယူပြီး အသုံးချမြေပုံထုတ်လုပ်ခြင်း၊ စိုက်ပျိုးပင်များ၏ ရှင်သန်ကြီးထွားမှုအခြေအနေအား တိကျမှန်ကန်စွာလေ့လာအကဲဖြတ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးနည်းတို့ကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်ဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသဲမောင်မောင်နှင့် ပညာရှင်များ၊ ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (UNFAO ) မှ ပညာရှင်များပူးပေါင်း၍ လက်တွေ့လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းလေ့လာရန်အတွက် အထူးပြုတီထွင်ပြုလုပ်ထားသည့် မောင်းသူမဲ့လေယာဉ်ဖြင့် လက်တွေ့ပျံသန်းလေ့ကျင့်ခြင်းကို သင်တန်းသားများအား ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းသင်တန်းသားများ တက်ရောက်လျက်ရှိပြီး သင်တန်းကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(တတိယမူကြမ်း) သဘောထားအမြင်နှင့်အကြံဉာဏ်ရယူရေးဆွေးနွေး

**စစ်တွေ မေ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပရေး အဖွဲ့ခေါင်းဆောင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျင်းပမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ မြန်မာ့လယ်ယာ၊ သားငါးကဏ္ဍမူဝါဒ (၂၀၁၆ ခုနှစ်)၏ အနာဂတ်လားရာအမြင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ကို ဒေါက်တာမောင်မောင်က ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်၏ လယ်ယာ၊ သားငါး၊ ကျေးလက်ကဏ္ဍ၏ အားသာချက် အားနည်းချက်၊ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတို့အား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက်ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြပြီး အဖွဲ့ငယ်များဖွဲ့၍ ခေါင်းစဉ်အလိုက်ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို တင်ပြခြင်းနှင့် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပညာရှင်များမှ ခြုံငုံသုံးသပ် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရေး အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် မြို့နယ်များမှ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ဒေသန္တရစီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



**ဘားအံ မေ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဒေသန္တရစီမံကိန်းရည်မှန်းချက်ဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကရင်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်စီမံကိန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်၊ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးများအား ခရိုင်အလိုက် ဒေသန္တရစီမံကိန်းတာဝန်များပေးအပ်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများအားတာဝန်ပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား ပြည်နယ်လမ်းဦးစီးဌာနမှူး ဦးသောင်းဟန်စိုးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကိုယ်ပိုင်ကျောင်းများအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများလိုက်နာရန်ပြောကြား

**ပဲခူး မေ ၁၈**

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ မေ ၁၈ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင်ကျောင်းတည်ထောင်သူ၊ အုပ်ချုပ်သူများနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးတို့ တွေ့ဆုံပွဲအခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းက ကိုယ်ပိုင်ကျောင်းနှင့်ပတ်သက်သော နည်းဥပဒေ၊ ဥပဒေဆိုင်ရာအချက်အလက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုယ်ပိုင်ကျောင်းတည်ထောင်သူ၊ အုပ်ချုပ်သူများမှ သိလိုသည့်အချက်အလက်များအား ဆွေးနွေးမေးမြန်းရာ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကိုယ်ပိုင်ကျောင်း ၆၈ ကျောင်းရှိသည့်အနက် သက်တမ်းကုန်ကျောင်း ၁၁ ကျောင်း၊ သက်တမ်းတိုးသောကျောင်း ၂၅ ကျောင်း၊ အတန်းတိုးလျှောက်သောကျောင်းခုနစ်ကျောင်း၊ အသစ်လျှောက်သောကျောင်း ၂၃ ကျောင်း၊ ပိတ်သိမ်းခွင့်တင်သောကျောင်းနှစ်ကျောင်း စုစုပေါင်း ၆၈ ကျောင်းရှိသည်။

ကိုယ်ပိုင်ကျောင်းများအနေဖြင့် စီမံချက်ပါအတိုင်းဆောင်ရွက်ကြရမည့်အပြင် သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းဥပဒေများကို တိကျစွာလိုက်နာကျင့်သုံးကြရန်၊ လူ့အခွင့်အရေးကိုချိုးဖောက်သည့်ကိစ္စများမပြုလုပ်ကြရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးမှပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းနှင့် ဆရာကြီး၊ ဆရာမကြီးများ၊ ကိုယ်ပိုင်ကျောင်းများမှအုပ်ချုပ်သူများ တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် တံတားများတည်ဆောက်

**သာယာဝတီ မေ ၁၈**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အလွယ်တကူဆက်သွယ်သွားလာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေဖြင့် တံတားများ တည်ဆောက်လျက်ရှိသည်။

သာယာဝတီခရိုင်အတွင်းရှိ လက်ပံတန်း-ထိန်တော-မိုးညို-တာပွန်-နတ်တလင်းမြို့တို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် လက်ပံတန်း-နတ်တလင်းလမ်းမိုင် (၅၄/၄-၅) အတွင်းရှိ ငါးပြေမတံတားအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေကျပ် ၂၈၄ သန်းကျော်ဖြင့် ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာနမှ အလျားပေ ၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ နှစ်လွှာတစ်ထပ်ဘေလီသံပေါင်တံတားအဖြစ် ပေ ၈၀ အခန်းတစ်ခန်း၊ ပေ ၁၁၀ အခန်းတစ်ခန်း၊ ပေ ၇၀ အခန်းတစ်ခန်းပါဝင်ကာတည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။



ထို့အတူ တောင်ငူခရိုင်အတွင်းရှိ (ကိုးပင်-သာဂရ) လမ်းမိုင် (၆/၂-၃) ကြားရှိ သိုင်းချောင်းတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအဖွဲ့သီးသန့်ရန်ပုံငွေကျပ် ၁၂၄ သန်းဖြင့် အလျားပေ ၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီ သံကူကွန်ကရစ်ကြမ်းခင်းတံတားအဖြစ် ပေ ၄၀ အခန်းတစ်ခန်း ပါဝင်တည်ဆောက်ထားရှိရာ ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားများပြီးစီးသွားပါက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များသာမက မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့နှင့်ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ကရင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၁၄၉ ရွာအတွက် NEP စီမံကိန်းဖြင့် ဆိုလာ ၁၁၄၄၂ ယူနစ်နှင့် အခမဲ့ ၉၂၄ ယူနစ်ကိုဖြန့်ဝေတပ်ဆင်ပေးမည်

**ဘားအံ မေ ၁၈**

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်ကြီးမြို့နယ်ငါးမြို့နယ် ကျေးရွာပေါင်း ၁၄၉ ရွာအတွက် NEP စီမံကိန်းဖြင့် ဆိုလာ ၁၁၄၄၂ ယူနစ်နှင့် ကျေးရွာအများပိုင်နေရာများအတွက် အခမဲ့စနစ်ဖြင့် ၉၂၄ ယူနစ်ကို ဖြန့်ဝေတပ်ဆင်ပေးမည်ဖြစ်ရာ ဘားအံမြို့နယ်အပါအဝင် အခြားမြို့နယ်များသို့ ရောက်ရှိလာပြီး ယခုလမကုန်ခင် ကျေးရွာများအား ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

NEP စီမံကိန်းစနစ်ဖြင့် ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ်တွင် ကျေးရွာ ၂၃ ရွာအတွက် ဆိုလာ ၂၀၆၂ ယူနစ်၊ လှိုင်းဘွဲမြို့နယ်တွင် ကျေးရွာ ၁၁ ရွာအတွက် ဆိုလာ ၁၀၆၃ ယူနစ်၊ ကော့ကရိတ်မြို့နယ်တွင်ကျေးရွာ ၇၃ ရွာအတွက် ၆၁၉၇ ယူနစ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကျေးရွာ ၂၉ ရွာအတွက် ၁၈၀၄ ယူနစ်နှင့် သံတောင်ကြီးမြို့နယ်တွင်ကျေးရွာ ခုနစ်ရွာအတွက် ၃၁၆ ယူနစ် စုစုပေါင်း ၁၁၄၄၂ ယူနစ်ဖြန့်ဝေသွားမည်ဖြစ်ရာ ပြည်သူထည့်ဝင်ရမည့် တစ်ယူနစ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ကောက်ခံရရှိထားပြီး ဆက်လက်ဖြန့်ဝေတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငါးမြို့နယ်အတွက် အခမဲ့အနေဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအတွက် ၁၅၆ ယူနစ်၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ၃၅ ယူနစ်၊ ဘာသာရေးကျောင်းများအတွက် ၁၈ ယူနစ်နှင့် လမ်းမီးတိုင်များအတွက် ၇၁၅ ယူနစ် စုစုပေါင်း ၉၂၄ ယူနစ်ကို မေလပိုင်းမကုန်ခင် ဖြန့်ဝေတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ NEP စီမံကိန်းဖြင့်ဆောင်ရွက်ပေးရာတွင် ဆိုလာတစ်ယူနစ်၏တန်ဖိုးအား နိုင်ငံတော်မှ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်မှ ၃၀ ရာခိုင်နှုန်း၊ ပြည်သူမှ ၁၀ ရာခိုင်နှုန်း ပေါင်းစပ်ထည့်ဝင်သည့်စနစ်တွင် ပြည်သူလိုချင်သော ဆိုလာပါဝါအလိုက် ပုံစံသုံးမျိုး ဖြန့်ဝေပေးမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ဆိုလာပစ္စည်းပုံစံ (၁) ယူလိုသူများအတွက် ပထမအရစ်တွင် ငွေကျပ် ၉၀၀၀၊ ဒုတိယအရစ်တွင် ငွေကျပ် ၁၀၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၉၀၀၀၊ ဆိုလာပုံစံ (၂) ယူလိုသူများအတွက် ပထမအရစ်တွင် ငွေကျပ် ၁၅၀၀၀၊ ဒုတိယအရစ်တွင် ငွေကျပ် ၁၅၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၊ ဆိုလာပုံစံ (၃) ယူလိုသူများအတွက် ပထမအရစ်တွင် ငွေကျပ် ၂၁၀၀၀၊ ဒုတိယအရစ်တွင် ငွေကျပ် ၂၄၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၄၅၀၀၀ ထည့်ဝင်ရကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ထင်ရှားကျော်ကြား စေတီပုထိုးနှင့် ရှေးဟောင်း အမွေအနှစ်များ တည်ရှိရာ ရာမညမြေ



စိုးစိုးနိုင်(ကြေးမုံ)

မြန်မာနိုင်ငံတောင်ဘက်ရှိ မွန်ပြည်နယ်တွင် ထင်ရှားကျော်ကြားသည့် စေတီပုထိုးများ၊ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ ရှေးမူမပျက်နေထိုင်ကြသောကျေးရွာများရှိသည့်အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ပြည်တွင်းဘုရားဖူးဧည့်သည်နှင့် နိုင်ငံခြားခရီးသွားဧည့်သည်အများဆုံးလာရောက်သော ဒေသတစ်ခုဖြစ်သည်။ မွန်ပြည်နယ်မြို့တော် မော်လမြိုင်သည် ရန်ကုန်မြို့မှ ၁၈၇ မိုင်ခန့် ကွာဝေးပြီး ရန်ကုန်-မော်လမြိုင်-ထားဝယ်ကားလမ်းအတိုင်းသွားနိုင်သည်။ ပဲခူးတိုင်းဒေသကြီးရှိ စစ်တောင်းတံတား ကျော်လွန်သည်နှင့် မွန်တို့ ဌာနေရာမညမြေနယ်စပ်အတွင်း စတင်ဝင်ရောက်လာသည်။

ရန်ကုန်မြို့မှ မိုင် ၁၂၀ ခန့်သွားပြီးသောအခါ ကျိုက်ထိုမြို့သို့ရောက်ရှိမည်ဖြစ်ရာ မွန်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သော ထူးခြားအံ့ဖွယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြော်နိုင်သည်။ ကျိုက်ထိုမြို့မှ ကိုးမိုင်ဝေးသော ကျိုက်ထီးရိုးစေတီတောင်ခြေရှိကင်ပွန်းစခန်းမှ တောင်ပေါ်သို့ ကားဖြင့် ကိုးမိုင်ခန့်နှင့်ခြေကျင်ဖြင့် ၇ မိုင် ၇ ဖာလုံ အကွာအဝေးတက်ရပါမည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သည် မတ်စောက်သော ကျောက်ဆောင်ကြီးပေါ်တွင် ချောက်ကမ်းပါးဘက်သို့ ငါးပေခန့် အစွန်းထွက်နေသည့် ရသေ့၏ဦးခေါင်းနှင့်တူသောကျောက်တုံးအပေါ်၌ တည်ထားသည်မှာ ထူးခြားအံ့ဖွယ်ကောင်းလှသည်။ ကျိုက်ထီးရိုးစေတီသည် ကျိုက်ထိုမြို့နယ် အမြင့် ၃၆၁၅ ပေရှိသော ပေါင်းလောင်းတောင်ထိပ်ပေါ်တွင် တည်ရှိသည်။

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး ရှစ်ဝါမြောက်တွင် ဂဝံပတိရဟန္တာမြတ်၏ တောင်းပန်ချက်အရ သုဝဏ္ဏဘူမိ သထုံပြည်သို့ ဒေသစာရီကြွချီခဲ့စဉ် မြတ်စွာဘုရားရှင်က သာသနာအရှည်တည်တံ့ရေးမြော်မြင်ပြီး ဆံတော်များပေးသနားရာတွင် ကျိုက်ထီးရိုးတောင်တော်မှ တိဿရသေ့ကြီးလည်း ရရှိခဲ့သည်။ တိဿရသေ့ကြီးသည် ဆံတော်ကို ဦးခေါင်းထက်ဆံကျစ်ကြားတွင် ကိုးကွယ်ထားရှိရာမှ ပျံလွန်တော်မူခါနီးအချိန်၌ စေတီတည်ထားကိုးကွယ်ရန် အကြံတော်ဖြစ်ပေါ်ခဲ့သည်ကို သိကြားမင်းသိရှိတော်မူပြီး တိဿရသေ့ကြီး၏ ဦးခေါင်းနှင့်တူသော အမြင့်ပေ ၂၆ ဒသမ ၇၅ ပေ၊ လုံးပတ် ၈၄ ပေ၊ အလေးချိန် ၆၁၁ ဒသမ ၄၅ တန်ချိန်ရှိသည့် ဂရင်းနိုက်ကျောက်တုံးကြီးကို သမုဒ္ဒရာကြမ်းပြင်အောက်မှ ဆယ်ယူ၍ ကျိုက်ထီးရိုးတောင်တော်ရှိလုံးပတ် ၅၅ တောင် ၁ မိုက်၊ အမြင့် ၈၃ တောင်ရှိသော ကျောက်တောင်ထိပ်တွင် ကြက်မ တစ်ဝပ်စာလွတ်၍ တင်လှူပေးခဲ့သည်။ တိဿရသေ့ကြီးသည် ဆံတော်များကို ရတနာမြကြုပ်တွင်ထည့်သွင်းပြီး ကျောက်တုံးတော်ကြီး၏ အထက်အလယ်ဗဟို၌ အနက် ၃ တောင် ၁ မိုက်၊ အဝ ခြောက်လက်မရှိသော တွင်းတော်တွင် ဌာပနာ၍ မဟာသက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် ကျိုက်ထီးရိုးစေတီကို စတင်တည်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ကျိုက်ထီးရိုးစေတီရင်ပြင်တော်မှ မြောက်ဘက် နှစ်ဖာလုံအကွာရှိ မုဆိုးတောင်၊ ၎င်းမှ လေးဖာလုံအကွာရှိ ကျောက်ဆီယိုစေတီ၊ ကျောက်လှုပ်စေတီအလွန် သုံးဖာလုံခန့်ဝေးသော နဂါးစေတီနှင့် ဖားစေတီ၊ ၎င်းတို့မှ နှစ်ဖာလုံခန့်ဝေးသော ကျောက်ထပ်စေတီနှင့် ကျိုက်ထီးရိုးစေတီ၏ အနောက်ဘက် သုံးဖာလုံခန့်ဝေးသော ကျီးကန်းပါးစပ်ဂူတို့ကိုလည်း ဖူးမြော်နိုင်သည်။

ကျိုက်ထီးရိုးမှအပြန်ကျိုက်ထိုမြို့ရှိ ကျိုက်ပေါလော (မဲ့ရှင်တော်ဘုရား)ကို ဖူးမြော်နိုင်သည်။ သမိုင်းအဆိုအရ သီဟိုဠ်ကျွန်း၌ စိုးစံတော်မူသော ဒေဝါနံပိယတိဿမင်းကြီးသည် မြတ်စွာဘုရားရှင်ကို သက်တော်ထင်ရှား မဖူးလိုက်ရသူများအတွက် ကြည်ညိုနိုင်ရန် ရုပ်ပွားတော်လေးဆူကို ကျွန်းတုံးဖောင်၊ သက်န်းတုံးဖောင်၊ ပိန္နဲတုံးဖောင်နှင့် ကျောက်လှည်းဘီးဖောင်တို့ဖြင့်တင်ကာ သမုဒ္ဒရာအတွင်းသို့ အဓိဋ္ဌာန်ပြု မျှောလွှတ်တော်မူသည်။

ကျွန်းတုံးဖောင်ဖြင့်မျောလာသော ရုပ်ပွားတော်သည် ပုသိမ်ကမ်းခြေသို့ဆိုက်ရောက်ပြီး ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်၏ အာရုံခံတန်ဆောင်းတစ်ခုအတွင်း "သီဟိုဠ်ရှင်ဘုန်းတော်ပြည့်ဘုရား" ဘွဲ့တော်ဖြင့် လည်းကောင်း၊ သက်န်းတုံးဖောင်ဖြင့်မျောလာသော ရုပ်ပွားတော်သည် ထားဝယ်မြို့သို့ရောက်ရှိပြီး "ရှင်မုတ္ထီး" ဘွဲ့တော်ဖြင့် လည်းကောင်း၊ ပိန္နဲတုံးဖောင်ဖြင့်မျောလာသော ရုပ်ပွားတော်တစ်ဆူသည် ကျိုက္ခမိကမ်းခြေသို့ ဆိုက်ရောက်ပြီး "ကျိုက္ခမိရေလယ်ဘုရား" ဘွဲ့တော်ဖြင့်လည်းကောင်း၊ ကျောက်လှည်းဘီးဖောင်ဖြင့် မျောလာသော ရုပ်ပွားတော်သည် ကျိုက်ထိုမြို့သို့ရောက်ရှိပြီး "ကျိုက်ပေါလော"ဘွဲ့တော်ဖြင့်လည်းကောင်း ထင်ရှားသည်။ ဘွဲ့တော်ကို မူလက ကျိုက်ပေါလောဘုရား၊ နောင်သော်ပကတိမျက်စိကဲ့သို့ ကြည်လင်တောက်ပသော မျက်လုံးတော်ကိုအစွဲပြု၍ ကျိုက်ပေါလောမျက်ရှင်တော်ဘုရား၊ ယခုအခါ လက်ယာဘက် နားထင်ပေါ်တွင်ရှိသော မှဲ့တော်ကိုအစွဲပြု၍ ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားဟူ၍ ပူဇော်ကြသည်။

ကျိုက်ထိုမြို့ရှိ ဘုရားများ ဖူးမြော်ပြီးသောအခါ ဘီးလင်းမြို့ တောင်စွန်းကျေးရွာ ကေလာသတောင်တော်တွင် တည်ထားသော ကေလာသဆံတော်ရှင်ဘုရား၊ ဇုတ်သုတ်ကျေးရွာတွင် ကျိုက်ထီးဆောင်ဘုရား၊ သမိုင်းဝင် ဂဝံကျောက်ရုပ်တုများ၊ မဲလံတောင်တော်ရှိ မဲလံဆံတော်ရှင်၊ ကျောက်ပိဘုရားနှင့်ကျောက်တံခါးစေတီ၊ ကုသိနာရုံဆံတော်ရှင် စေတီတော်များကိုလည်း ဖူးမြော်နိုင်သည်။



မဲလံဆံတော်ရှင်စေတီတော်သည် ဘီးလင်းမြို့မှ ဖာပွန်မြို့သို့သွားသည့် ကားလမ်းအတိုင်း ၁၄ မိုင် ၄ ဖာလုံအကွာ ပေ ၈၆၀ မြင့်သော နာဂ ပပ်ပတတောင်ထွတ်ဖျားတွင်တည်ထားသည်။ တောင်ခြေမှ ဂဝံအုတ်လမ်းဖြင့် ခြေကျင်တက်ရောက်နိုင်ပြီး အကျယ် ၁၃ ပေရှိ ကွန်ကရစ်လမ်းမှ တောင်တက်ကားများဖြင့် လွယ်ကူစွာ ဖူးမြော်နိုင်သည်။ မဲလံဆံတော်ရှင်စေတီသည် ကျောက်တုံးကြီးပေါ်တွင် ကျောက်တုံးငယ်ဆင့်ကာ တည်ထားသောစေတီဖြစ်ပြီး ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ချီးမြှင့်ခဲ့သောဆံတော်ကို ဌာပနာထားသည်ဟု သိရသည်။ ထို့ပြင် ဆံတော်ရှင်စေတီတွင် ချိတ်ဆွဲထားသော ၁၂၅၉ ခုနှစ်က သွန်းလုပ်ထားသည့် ခေါင်းလောင်းတော်ကြီး၊ ခေါင်းလောင်းတော်ကြီးပေါင်းကိုင်းမှ ဗိသုကာလက်ရာများနှင့် ရှေးဟောင်းအုတ်ချပ်များကိုလည်း လေ့လာနိုင်သည်။

ဘီးလင်းမြို့မှတစ်ဆင့် ၂၅ မိုင်ဝေးသော သထုံမြို့ရှိ ရွှေစာရံဘုရားနှင့် စေတီတော်ပရိဝုဏ်အတွင်း ကျောက်စာချပ်များ၊ မြသပိတ်စေတီတော်၊ နေမိန္ဒရတောင်၊ အလံတစ်ရာစေတီ၊ နှီးဘုရားနှင့် မဟာမြတ်မုနိဘုရားများကိုလည်းကောင်း၊ ပေါင်မြို့နယ်ရှိ ဇင်းကျိုက်ရေတံခွန်နှင့်ဇင်းကျိုက်ဘုရား၊ ကျောက်သဘော်စေတီ၊ မဟာဗောဓိစေတီ၊ နွားလပို့တောင်တော်ရှိ ဗန္ဓိသေလာ ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်၊ မုတ္တမတောင်တန်းပေါ်ရှိ ကျိုက်ဖျင်းကူစေတီများကိုလည်းကောင်း ဖူးမြော်နိုင်သည်။

ဗန္ဓိသေလာဆံတော်ရှင်စေတီသည် အမြင့် ၁၈၈၈ ပေရှိသော နွားလပို့တောင်ပေါ်တွင် တည်ရှိပြီး ဉာဏ်တော်ကိုးတောင်မြင့်သည်။ ကျောက်တုံးသုံးလုံးအဆင့်ဆင့်ထက်တွင် တည်ထားကိုးကွယ်ခြင်းဖြစ်ရာ အလွန်ထူးခြားလှပေသည်။ အပေါ်ကျောက်တုံး အမြင့် ၈ ဒသမ ၂၅ ပေနှင့် ကျောက်တုံးလုံးပတ် ၂၅ ဒသမ ၅ ပေ၊ အလယ်ကျောက်တုံးအမြင့် ၁၀ ဒသမ ၅ ပေနှင့် ကျောက်တုံးလုံးပတ် ၄၂ ဒသမ ၇၅ ပေ၊ အောက်ခံကျောက်တုံး အမြင့် ၇ ဒသမ ၅ ပေနှင့် ကျောက်တုံးလုံးပတ် ၅၂ ဒသမ ၅ ပေရှိသည်။ နွားလပို့တောင်ဆုတောင်းပြည့် စေတီတော်ကိုကျိုက်ထီးရိုးစေတီအား တည်ခဲ့သည့် ရှင်တိဿရသေ့ကပင်တည်ခဲ့သည်။ မူလဘွဲ့တော်မှာ ဗန္ဓိသေလာ (ကျောက်များဆက်ထားသော ဘုရား)ဟူ၍ဖြစ်ပြီး ကရင်တိုင်းရင်းသားများက လုံးထိုဖို(ကျောက်တုံးဘုရား)ဟူ၍ ခေါ်ဆိုကြသည်။ပေါင်မြို့မှ ၁၀ မိုင်ဝေးသော ထန်းပင်ချောင်ကျေးရွာ အလုပ်ဒေသနှင့် ခင်တန်းရွာ ချောင်းနှုတ်ခမ်းအနီး ကမ်းခြေရှိ ငှက်ကောင်ရေ တစ်သောင်းကျော် ကျက်စားနေထိုင်ကြသည့် သဘာဝ ကျေးငှက်ပြတိုက်နှစ်ခုတို့ကိုလည်း လေ့လာကြည့်ရှုနိုင်သည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ တန်ခိုးကြီးဘုရားများနှင့် သမိုင်းဝင်နေရာများ၊ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို လှည့်လည်ဖူးမြော်ကြည့်ရှုပြီးလျှင် မော်လမြိုင်မြို့သို့ မြန်မာနိုင်ငံ၏ အရှည်ဆုံးသံလွင်တံတား(မော်လမြိုင်)ကို ဖြတ်၍ ခရီးဆက်နိုင်သည်။မော်လမြိုင်မြို့ တောင်ဝိုင်းရပ် မော်လမြိုင် လေဆိပ်အနီး တောင်ညိုတောင်တန်းပေါ်ရှိ မြတ်စွာဘုရားရှင် ရဟန္တာ ၅၀၀ တို့ကို ဖူးမြော်နိုင်ပြီး ကျိုက်သလွံ စေတီ၊ ဦးဇိနစေတီ၊ ကျိုက်သုတ်စေတီ၊ ပန်းရုံပျံဝတ်ကျောင်း၊ မန်းကျီးတောရွှေကျောင်း၊ ရတနာဘုံမြင့်ကျောင်း၊ မော်လမြိုင်-မုဒုံ ကားလမ်းပေါ်ရှိ နိုင်ငံခြားသားအများဆုံးလာရောက်၍ တရားအားထုတ်ကြသည့် ဖားအောက် တောရဘုန်းကြီးကျောင်းနှင့် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားတစ်ဆူဖြစ်သော ဝင်းစိန်တောရရှိ ဇိနသုခ ရန်အောင်ချမ်းသာလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးတို့ကိုလည်း ဖူးမြော်နိုင်သည်။ လျောင်းတော်မူရုပ်ပွားတော်သည် မော်လမြိုင်မြို့မှ ၁၄ မိုင်အကွာတွင် တည်ရှိပြီး အလျား ပေ ၆၀၀၊ အမြင့်ပေ ၁၀၀ ရှိသည်။ ဘုရားဖူးများသည် ရုပ်ပွားတော်၏ အထက်အဆင့်ဆင့်သို့ဝင်ရောက်ပြီး ဘုရား၏ နံရံပေါ်တွင် ဗုဒ္ဓဖြစ်စဉ်တော်များ၊ ဇာတ်နိပါတ်တော်များနှင့် ငရဲခန်းများကို သရုပ်ဖော်ပြသထားသည်များကို ကြည့်ရှုလေ့လာနိုင်သည်။

မော်လမြိုင်မြို့မှ ၁၂ မိုင်ခန့်ဝေးသော ကျိုက်မရောမြို့တွင် မွန်ဘုရင်မကြီး ရှင်စောပုမှ ပြန်လည်တည်ထားကိုးကွယ်ခဲ့သည့် ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ အလွန်တွေ့ရခဲသော ခြေနှစ်ဖက်ချ ပုံစံဖြစ်သည်။ ကျိုက်မရောမြို့ဝင် လမ်းဘေးဝဲယာတွင် သာယာလှသည့် ထန်းပင်တန်းများနှင့် ကျိုက်မရော မြို့နယ်အတွင်းရှိ ခရုံဂူ၊ ဖားဘောင်ဂူ၊ မရမ်းဂူ၊ ရေပူကန်များနှင့် ဒေါင်းဒင်အင်း စသည့်နေရာများကို သွားနိုင်သည်။

ဖားဘောင်ဂူသည် မော်လမြိုင်မြို့မှ မိုင် ၃၀ အကွာ ကျိုက်မရောမြို့နယ်တွင်ရှိသည်။ ကျိုက်မရောမြို့မှ ခရုံဂူသွားရာလမ်းအတိုင်း ဝင်လာပြီး တရနာကျွန်းကုန်းရွာမှ ဝါးပြန်ကုန်းရွာထိ တစ်နာရီခန့်သွားလျှင် ရောက်ပါသည်။ ဂူဝတွင် ဘုရားဆင်းတုတော်များတည်ထားပြီး လိုဏ်ဂူအတွင်းလေ့လာရန် ပုဂံဂူ၊ နန်းတော်ဂူ၊ ဟင်္သာဂူ၊ ငါးဂူနှင့် ဇော်ဂျီဂူ ဟူ၍ အပိုင်းငါးပိုင်းခွဲထားသည်။

ပုဂံဂူနှင့် နန်းတော်ဂူကို ပေ ၂၀ ခန့် လှေကားဖြင့် တက်ရပြီး ဟင်္သာဂူကို ကျောက်တုံးများအပေါ်မှတက်၍ ဆင်း၍သွားရသည်။ ငါးဂူသည် အရှည်ဆုံးနှင့် အကြီးဆုံးဂူဖြစ်သည်။ ဂူအတွင်း ကျောက်များသည် ကြွေကျောက်များဖြစ်ပြီး ငါးများရှိသည့် ရေအိုင်ကိုလည်း တွေ့ရသည်။ မိုးတွင်းအခါ ဆဒ္ဒန်ဂူကဲ့သို့ လှေဖြင့်သွားရသည်။ အဝင်ဝမှ ဆင်းတုတော်များ၏ အနောက်ဘက်ရှိ လိုဏ်ဂူကြီးသည် ပေ ၁၀၀ ခန့် မြင့်သည်။ တစ်ဂူလုံးစိုစွတ်ပြီး ညွန်များနှင့်ချောနေသဖြင့် ဂရုတစိုက်သွားရမည်ဖြစ်သည်။

ထိုမှတစ်ဆင့် မော်လမြိုင်မြို့မှ မိုင် ၄၀ ကွာဝေးသော သံဖြူဇရပ်မြို့ရှိ ဂျပန်ခေတ် သေမင်းတမန်မီးရထားလမ်း၊ မဟာမိတ်နေသဟာရ စစ်သင်္ချိုင်း၊ ဝါးခရူမြို့ဟောင်း၊ စက်စဲကမ်းခြေနှင့် ကျိုက္ခမိဆုတောင်းပြည့်ရေလယ်ဘုရားတို့မှာလည်း ထင်ရှားလှသည်။

ဆံတော်ရှင်ကျိုက္ခမိရေလယ်ဘုရားသည် မော်လမြိုင်မြို့ တောင်ဘက် ၅၅ မိုင်အကွာ ကျိုက္ခမိမြို့ အနောက်ဘက် ပင်လယ်ကမ်းခြေသဲသောင်ပြင်ထက်တွင် တည်ရှိသည်။ကျိုက္ခမိရေလယ်ဘုရားတွင် ဗုဒ္ဓရုပ်ပွားတော်သည် ဉာဏ်တော်နှစ်တောင်ခန့်ရှိပြီး နဂါးမင်းပါးပျဉ်းဖြင့်ထက်ဝယ်ဖွဲ့ခွေနေတော်မူသော ရုပ်ပွားတော်ကို အုပ်မိုးပူဇော်နေဟန်ဖြစ်သည်။

စာမျက်နှာ ၁၉ သို့

## အနုပညာ

# ကန်းရုပ်ရှင်ပွဲတော်ကို တက်ရောက်လာတဲ့ ဘယ်လာဟစ်ဒီ

ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ် တစ်ဦးဖြစ်တဲ့ ဘယ်လာဟစ်ဒီကို နာမည်ကျော် မော်ဒယ်လ်တစ်ဦး အဖြစ် လူသိများပါတယ်။ ဒ့ါအပြင် ဘယ်လာကို လူသိများရတဲ့ အခြားသော အကြောင်းအရင်းတစ်ခုက တော့ ဘယ်လာဟစ်ဒီဟာ နာမည်ကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ လက်ရှိချစ်သူ သယ်ဝိခ်ကန်းဒ်ရဲ့ အချစ်ဟောင်း လည်း ဖြစ်နေတဲ့အတွက်ဖြစ်ပါတယ်။ ဘယ်လာဟာ စွဲဆောင်မှုပြင်းလွန်းတဲ့ ဝတ်စားဆင်ယင်မှုတွေကို ဝတ်ဆင်လေ့ရှိတဲ့သူတစ်ဦးဖြစ်ရာ မကြာသေးမီက ကျင်းပခဲ့တဲ့ ကန်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်အခမ်းအနားရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်မှာလည်း မီဒီယာတွေနဲ့ ပရိသတ်အများကို ဖမ်းစားနိုင်တဲ့ဝတ်စုံကို ဝတ်ဆင်လျှောက်လှမ်းခဲ့တာကို တွေ့ရပါတယ်။



ပြီးခဲ့တဲ့ မေ ၁၇ ရက်က ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အကြိမ်(၇၀) မြောက် ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ရဲ့ ကော်ဇောနီပေါ်ကို ဘယ်လာဟာ အသားရောင်ဂါဝန်ရှည်ကြီး ဝတ်ဆင်တက်ရောက်ခဲ့ပြီး ဝတ်စုံဟာ ပေါင်ရင်းရောက်သည်အထိခွဲထားတာကိုလည်း တွေ့ရပါတယ်။

ယင်းရုပ်ရှင်ပွဲတော်ကိုတော့ လတ်တလောမှာ အသက်(၂၀)နှစ်ရှိပြီဖြစ်တဲ့ ဘယ်လာဟစ်ဒီက သူ့ရဲ့ဖခင်ဖြစ်သူ မိုဟာမက်ဟစ်ဒီနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပြီး ထူးခြားတဲ့ တိုက်ဆိုင်မှုတစ်ခုကတော့ ယင်းဆုပေးပွဲကို တက်ရောက်လာတဲ့ အခြားသော ကြယ်ပွင့်တစ်ဦးဖြစ်သူ မော်ဒယ်လ်နဲ့ သရုပ်ဆောင်မင်းသမီး အမ်မလီရက်တက်ရှ်ကောစကီးကလည်း ဘယ်လာဟစ်ဒီရဲ့ ဝတ်စုံနဲ့ ထပ်တူနီးပါးတူနေတဲ့ ဝတ်စုံကို ဝတ်ဆင်လျှောက်လှမ်းလာခဲ့ကာ အပြင်အဆင်တွေပါ တူနေတာကိုလည်း တွေ့ရပါတယ်။

ကော်ဇောနီပေါ်လျှောက်လှမ်းလာတဲ့ သူတို့နှစ်ဦးဟာ ဝတ်စုံတူနေတာကို သတိထားမိကြပြီး အံ့သြစွာရယ်မောခဲ့ကြကာ နှစ်ဦးသားဓာတ်ပုံတွေလည်း အတူရိုက်ကူးခဲ့ကြကြောင်းလည်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**



# နယ်လှည့်ဖျော်ဖြေပွဲတွေမှာ "One Direction"ရဲ့ တေးသီချင်းတွေကို သီဆိုမှာမဟုတ်ကြောင်း ပြောကြားလာတဲ့ ဟယ်ရီစတိုင်

မကြာသေးမီကမှ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ကာ အောင်မြင်မှုတွေရရှိခဲ့တဲ့ "One Direction" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ မကြာမီမှာ သူ့ရဲ့တစ်ကိုယ်တော် နယ်လှည့်ဖျော်ဖြေပွဲတွေကို ကျင်းပသွားဖို့ရာ စီစဉ်ထားပြီး ဖျော်ဖြေပွဲကျင်းပမယ့်ရက်တွေကိုလည်း ပရိသတ်တွေကို အသိပေးပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ မကြာသေးမီကတော့ ဟယ်ရီစတိုင်က သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော် တေးအယ်လဘမ်သစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေမှာ "One Direction"အဖွဲ့ရဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ တေးသီချင်းတွေကို ထည့်သွင်းသီဆိုဖျော်ဖြေသွားမှာမဟုတ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဟယ်ရီစတိုင်နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ ယခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ စတင်သွားဖို့ စီစဉ်ထားပြီးဖြစ်တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေမှာ သီဆိုသွားမယ့် ဟယ်ရီရဲ့ တေးသီချင်းတွေထဲမှာ ဟယ်ရီရဲ့ တေးဂီတအဖွဲ့ "One Direction"ရဲ့ တေးသီချင်းတွေမပါဝင်တဲ့အတွက် ဟယ်ရီအနေနဲ့ "One Direction"တေးသီချင်းတွေကို သီဆိုဖျော်ဖြေသွားမှာ မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်တယ်လို့ အေ့စ်ရှူးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါသတင်းရင်းမြစ်က "ဟယ်ရီစတိုင်ဟာ One Direction ရဲ့ တေးသီချင်းတွေ၊ တစ်ပုဒ်တစ်လေကိုမျှ လာမယ့် နယ်လှည့်ဖျော်ဖြေပွဲမှာ ထည့်သွင်းသီဆိုသွားဖို့ စီစဉ်ထားတာမရှိပါဘူး။ သူပြန်ဆိုတေးအဖြစ် သီဆိုဖျော်ဖြေချင်နေတဲ့ တေးသီချင်းတစ်ပုဒ်တော့ရှိပါတယ်။ အဲဒါကတော့ နာမည်ကျော် ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Coldplay ရဲ့ တေးသီချင်းဖြစ်ပြီး အဲဒီတေးသီချင်းကတော့ Paradise လို့ အမည်ရတဲ့ တေးသီချင်းဖြစ်နိုင်ပါတယ်။ Paradise ဟာ ဟယ်ရီနှစ်သက်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တာကြောင့် နယ်လှည့်ဖျော်ဖြေပွဲမှာ သီဆိုမယ့် တေးသီချင်းတွေစာရင်းမှာ ထည့်သွင်းနိုင်ပါတယ်"လို့ မီဒီယာတစ်ခုကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဟယ်ရီစတိုင်ဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အကြောင်းကို ပြီးခဲ့တဲ့ ဧပြီလကုန်ပိုင်းလောက်မှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲတွေဟာ ပြီးခဲ့တဲ့ မေ ၁၂ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ ဟယ်ရီစတိုင်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Harry Styles" အတွက် ရည်ရွယ်ပြုလုပ်တဲ့ဖျော်ဖြေပွဲဖြစ်ပြီး " Harry Styles Live On Tour"လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

"Harry Styles Live On Tour"အတွက် ဖျော်ဖြေရေးခရီးစဉ်တွေကို မြောက်အမေရိကမှာရှိတဲ့ မြို့ကြီး ၁၃ မြို့မှာ လာမယ့် စက်တင်ဘာနဲ့ အောက်တိုဘာလအတွင်း ကျင်းပပေးသွားမှာဖြစ်ပြီး အဲဒီနောက် ဥရောပ၊ ဩစတြေးလျနဲ့ ဂျပန်နိုင်ငံတွေကိုတော့ လာမယ့် စက်တင်ဘာလအတွင်း သွားရောက်ဖျော်ဖြေဖို့ စီစဉ်ပြီးဖြစ်တယ်လို့ သိရပါတယ်။

မြောက်အမေရိကက ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် စက်တင်ဘာ ၁၉ ရက်မှာ စတင်သွားမှာဖြစ်ပြီး ဆန်ဖရန်စစ္စကိုမြို့မှာ စတင်ဖျော်ဖြေမှာဖြစ်ပါတယ်။ အဲဒီနောက် လော့စ်အန်ဂျလိစ်၊ နက်ရှ်ဗေးလ်နဲ့ နယူးယော့ခ်မြို့တွေမှာ ဖျော်ဖြေသွားမှာဖြစ်ကာ လာမယ့်အောက်တိုဘာ ၁၄ ရက်မှာတော့ ဖီးနစ်မြို့မှာ ဖျော်ဖြေပြီး မြောက်အမေရိက ဖျော်ဖြေရေးခရီးစဉ်တွေကို အဆုံးသတ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## ထင်ရှားကျော်ကြား စေတီပုထိုးနှင့် ရှေးဟောင်းအမွေအနှစ်များ တည်ရှိရာ ...

စာမျက်နှာ ၁၈ မှ

အပေါ်ဆင့်တွင် ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူဝန်းရံထားပြီး အောက်အဆင့်တွင် ဗုဒ္ဓရုပ်ပွားတော် ၁၂ ဆူ ဝန်းရံတည်ထားသော ဆံတော်ရှင်စေတီတစ်ဆူဖြစ်သည်။ မော်လမြိုင်-ကျိုက္ခမီကားလမ်းရှိ သံဖြူဇရပ်အလွန် စက်စဲလမ်းခွဲမှ ငါးမိုင်ခန့်အကွာ ပင်လယ်ကမ်းခြေတစ်ခုရှိပြီး စက်စဲပင်လယ်ရေချိုးဆိပ်တစ်ခုအဖြစ် ထင်ရှားသည်။ စက်စဲကမ်းခြေမှ ကျိုက္ခမီရေလယ်ဘုရားကို ဖူးမြော်နိုင်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ဖောက်လုပ်ခဲ့သော သေမင်းတမန်ရထားလမ်းကို ၁၉၄၂ ခုနှစ် နိုဝင်ဘာလမှ ၁၉၄၃ ခုနှစ် အောက်တိုဘာလအထိ ဖောက်လုပ်ခဲ့ပြီး မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှ ဘုရားသုံးဆူ တောင်ကြားကို ဖြတ်လျက် ကွေးမြစ်ပေါ်တွင် တံတားတစ်စင်း တည်ဆောက်ပြီး ထိုင်းနိုင်ငံ ဘန်ပေါင် (Ban Pong)မြို့သို့ ဖောက်လုပ်ခဲ့ရာ ၎င်းရထားလမ်းသည် ၂၇၅မိုင် ကျော်ရှည်လျားပြီး ဘန်ပေါင်ရှိ ဘန်ကောက်-စင်ကာပူ မီးရထားလမ်းနှင့် ချိတ်ဆက်ရန် ဖောက်လုပ်ခဲ့သည်။

ရထားလမ်းဖောက်လုပ်ရာတွင် မြန်မာတိုင်းရင်းသားများသာမက စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးထားသော မဟာမိတ်တပ်သားအများအပြားလည်းပါဝင်သည်။ ရထားလမ်းဖောက်လုပ်စဉ် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ရသည့် လုပ်သား ၁၂၀၀၀၀ ကျော်တို့၏ ပုံရိပ်မှတ်တမ်းဓာတ်ပုံများပြသမည့် သံဖြူဇရပ်မီးရထားပြတိုက်၊ မူလမီးရထားစက်ခေါင်းနှင့် စစ်သင်္ချိုင်းတို့ကိုလည်း လေ့လာနိုင်သည်။

မဟာမိတ်စစ်သင်္ချိုင်းသည်သံဖြူဇရပ်-ကျိုက္ခမီကားလမ်းဘေးတွင် တည်ရှိပြီး ၂၅ ဧကကျော် ကျယ်ဝန်းသည်။ သေမင်းတမန်ရထားလမ်း ဖောက်လုပ်ရာတွင် သေဆုံးခဲ့ရသည့် မဟာမိတ်တပ်ဖွဲ့ဝင်များ၏ အုတ်ဂူငယ် ပေါင်း ၃၇၇၀ ခုရှိပြီး ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ခဲ့သည်။ သက်ဆိုင်ရာစစ်သင်္ချိုင်းကော်မရှင်၏ ထောက်ပံ့ထိန်းသိမ်းမှုဖြင့် သက်တမ်းအနှစ် ၆၀ ကျော်ရှိပြီဖြစ်သော်လည်း အပန်းဖြေစခန်းအဖြစ် ထိန်းသိမ်းထားရှိမှုကြောင့် ကျဆုံးခဲ့သော ရဲဘော်များ၏ သားသမီးဆွေမျိုး နိုင်ငံခြားဧည့်သည်များ နှစ်စဉ်လာရောက်ဂါရဝပြုလေ့ရှိကြောင်း သိရသည်။

သံလွင်မြစ်ဝ ဘီးလူးကျွန်းပေါ်ရှိ ချောင်းဆုံမြို့နယ်အတွင်းဆေးတံလုပ်ငန်း၊ တုတ်ကောက်လုပ်ငန်း၊ ကျောက်သင်ပုန်း၊ ကျောက်တံလုပ်ငန်း၊ သားရေကွင်းလုပ်ငန်း၊ ဝါးခမောက်လုပ်ငန်း၊ မြန်မာ့ရိုးရာမုန့်လုပ်ငန်း၊ ရိုးရာရက်ကန်း လုပ်ငန်းများ စသည့်လက်မှုလုပ်ငန်းများရှိရာသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်လေ့လာသော ဒေသတစ်ခုအဖြစ် ထင်ရှားပြီး စေတီပုထိုးများ၊ ရဟန္တာသိမ်တော်ကြီးများ၊ ရေတံခွန်၊ သဘာဝရေပူစမ်းများလည်း ပေါများလှသည်။

ယခင်က မော်လမြိုင်မှ ရေစီးသန်သော သံလွင်မြစ်ကြီးကို လှေ၊ သမ္ဗန်များဖြင့် လှိုင်းလေများကြား စိုးရိမ်ထိတ်လန့်စွာ ကူးဖြတ်ရသည်။ ယခုအခါ မေ ၉ ရက်က ဖွင့်လှစ်ခဲ့သော မော်လမြိုင်နှင့် ချောင်းဆုံမြို့ကို ဆက်သွယ်သော ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ပေါ်မှ စိတ်အေးချမ်းသာစွာ ဖြတ်သန်းနိုင်သည့်အတွက် ပြည်တွင်းဧည့်သည်များသာမက ပြည်ပခရီးသွားဧည့်သည်များလည်း ချောင်းဆုံမြို့သို့ လွယ်လင့်တကူ လာရောက်နိုင်တော့မည်ဖြစ်သည်။

မော်လမြိုင်မြို့မှ မိုင် ၉၀ခန့် ဝေးသော ရေးမြို့ ပုပ္ဖဝတီကျေးရွာတွင် ဉာဏ်တော်အမြင့် ၁၄၅ တောင်ရှိသည့် မြန်မာနိုင်ငံ၏အကြီးဆုံး လေးဆူထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတည်ရှိရာ လေးမျက်နှာဘုရားကြီးနှင့် စေတီတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်အဆူ ၁၅၀၊ ရပ်တော်မူရုပ်ပွားတော် ၆၂ ဆူတို့ကို ဖူးမြော်နိုင်သည်။

ထို့ပြင် ရေး-ထားဝယ်ကားလမ်းမကြီးအတွင်း ရေးမြို့မှ ဇီးဖြူသောင်ပင်လယ်ဝကမ်းခြေသို့သွားလျှင် မိနစ် ၂၀၊ ကဗျာဝကမ်းခြေသို့သွားလျှင် တစ်နာရီခန့် ကြာမြင့်မည်ဖြစ်သည်။ ကဗျာဝကမ်းခြေသည် ပစောက်ပုံကမ်းခြေဖြစ်ပြီး မြေနီဝါရောင်သဲသောင်ပြင်ပေါ်တွင် ခရုခွံများ၊ ဝင်ကစွပ်ကောင် အများအပြားလည်း တွေ့မြင်ရမည်ဖြစ်သည်။

သံဖြူဇရပ်မြို့မှ ကရင်ပြည်နယ်ကိုဖြတ်၍ ဘုရားသုံးဆူလမ်းအတိုင်း ထိုင်းနိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံမှ မြဝတီလမ်း၊ ဘုရားသုံးဆူလမ်းတို့မှ မွန်ပြည်နယ်အတွင်းသို့လည်းကောင်း လည်ပတ်နိုင်သည်။

လူသားများအသက်ရှင်ရပ်တည်ရေးအတွက် အရေးပါသည့် ဇီဝမျိုးစုံ မျိုးကွဲများတည်ရှိခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများကိုပေးခြင်း၊ သာယာလှပသည့်အတွက် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ခြင်း စသည်တို့ဖြည့်ဆည်းပေးနေသော ရေဝပ်ဒေသ (Wetland) တစ်ခုဖြစ်သည့် မွန်ပြည်နယ် စစ်တောင်းမြစ်ဝမှစ၍ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်အရှေ့ဘက် မြစ်ဝှမ်းဒေသကမ်းခြေထိ (ဧရိယာ ၄၅၀၀၀ ဟက်တာခန့်) ကျယ်ဝန်းသည့် မုတ္တမပင်လယ်ကွေ့၏ မြောက်ဘက်ပိုင်းဒေသကို မေလ ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ရမ်ဆာဒေသ (Ramsar Site) အဖြစ် သတ်မှတ်လိုက်သဖြင့် မွန်ပြည်နယ် အနောက်ဘက်ရှိ မုတ္တမပင်လယ်ကွေ့ဝန်းကျင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည့် နေရာဒေသတစ်ခု ဖြစ်လာတော့မည်ဟု ညွှန်းဆိုရေးသားလိုက်ပါသည်။

**ASIA DRAGON (အာရှနဂါး)**
နိုးရာသီ Promotion (15-5-2017) မှစ၍ ---
ချောင်းသာ 12000 ကျိုက်ထီးရိုး 10000
ငွေဆောင် 15000 မြဝတီခရီးစဉ်(သောကြာ)
09-30030030, 09-799100100, 09-797100100

ASIAN YGN TRAVEL & TOURS
ပြည်ပခရီးသွားလိုင်စင် ပခ – ၀၄၀၀
ဗီယက်နမ်ခရီးစဉ်
ဟနွိုင်း–ဟလောင်–နင်ဘင်–ထရန်အန်း (4D/3N)
တစ်ဦးလျှင် – $499
Travel Date : 22/06/2017
PH : 09-457101867, 09-456431420
Special Discount For Group Booking

ကိုမင်းမင်း ဦးစီးသော **ရွှေလမ်းညွှန်** အမှတ်(၁၁၈)၊ ၂၈လမ်း (အလယ်)၊ ပန်းဘဲတန်း။
ဘားအံ၊ မြဝတီ၊ မဲဆောက်
ရုံးခွင့်ယူစရာမလို
(၃)ရက်၊ ကျောင်း၊ တည်း၊ ဆိုင်ကျွေး 58000 Ks
မဲဆောက်လည်ခ ဗီဇာခ စရိတ်ငြိမ်း May 26
09-420087371, 09-262705136, 09-259302029

**စည်းစိမ်မင်း** 09-444450446, 09-444450558
09-250144709(အပတ်စဉ်–သောကြာနေ့တိုင်း)
+ မန္တလေး၊ ပြင်ဦးလွင် (၃)ရက် 40000 စစ်ကိုင်း၊ မုံရွာ ပါ (၄)ရက် 50000
+ ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင် (၃)ရက် 40000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ(၄)ရက် 50000 လွိုင်ကော် ပါ(၅)ရက် 65000
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက် 60000
+ ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက် 55000 + ပြည်၊ အကောက်တောင်၊ နဂါးရစ် 25000
+ ဘားအံ ကျုံဆော်ရေတံခွန်နှင့် သမိုင်းဝင်ဂူဘုရားများ 35000 + ရှင်သီဝလီခြေတော်ရာ 25000
+ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ 35000 + ဇလွန်၊ ဟင်္သာတ၊ ငှောင်ချောင်းသာ 18000
ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင်
ခရီးစဉ်အားလုံး Guest House, Hotel တည်း ဖြစ်ပိုဆောင်ပေးပါသည်။
အမှတ်–၄၊ သုခမ္မာလမ်းမကြီး၊ (၆)ကွေ့ ဒီးပွိုင့်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။

**ဝန်ထမ်းအလိုရှိသည်။**
၁။ ဂိုဒေါင်စာရေး — မ (၅)ဦး
နေစား(ငြိမ်း)နေနိုင်ရမည်၊ ၁၀တန်းအောင်(သို့)ဘွဲ့ရ
၂။ အရောင်းစာရေး — ကျား(၅)ဦး
၁၀တန်းအောင်(သို့)ဘွဲ့ရ၊ အရောင်းနှင့်ပတ်သက်၍အတွေ့အကြုံ(၂)နှစ်ရှိရမည်။
ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်ရမည်။
လျှောက်ထားလိုသူများသည်စာရွက်စာတမ်းအပြည့်အစုံဖြင့်လာရောက်လျှောက်ထားရမည်။ မြံအမှတ် (H-10)၊ ခရေလမ်း၊ တော်ဝင်လုံးချင်း အိမ်ရာ၊ (၄၁)တိုး၊ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၂၅၀၃၉၉၉၇၈၊ ၀၉-၄၂၀၃၂၀၃၆၆

**မဟာရန်ကုန်**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို
ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ရန်ကုန်(စတို)တို့တွင် အသုံးပြုရန်အတွက် လိုအပ်သော လျှပ်စစ်ပုံစံများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၅-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၆-၂၀၁၇ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**




Ph D ဘွဲ့ရ ဆရာ/ဆရာမများဦးစီးသော
Sharp Study Guide Group
သူငယ်တန်းမှ ၁၀ တန်း
International School , IGCSE
ကျောင်းသူ/သားများအား
တစ်ဦးချင်း (သို့) ဝိုင်း
တစ်ဘာသာချင်း (သို့) Guide
ဘာသာစုံ
အထူး လက်ခံသင်ကြားပေးသည်။
Ph: 09-43000600
09-420108991

**သီဟလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394


BOSCH
Invented for life

Bosch Power Tools **Authorized Service Center** နှင့် **Service Dealer** များကို ဖွင့်လှစ်ပြီးကြောင်းနှင့် ဂန်ဆောင်မှုများကို Warranty ကတ်များနှင့်တကွဆောင်ရွက်ပေးနေပါသည်။

Bosch Heavy Duty Power Tools များနှင့် Measuring Tools များ၏ Warranty မှာ (၁) နှစ် ဖြစ်ပါသည်။

Asia Era Company Ltd. (Bosch Authorized Service Center - Power Tools)
အမှတ် (၄၁/၄၄)ပါရမီလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့.
ဖုန်း : ၀၉ ၄၄၄ ၆၀၀၀ ၁၉ ၊ ၀၉ ၄၄၄ ၆၀၀၀ ၂၉

စံချိန်ဦး Company Ltd. (Bosch Authorized Service Dealer- Power Tools)
အမှတ် ၅၅/ ၅၆ ၊ ရွှေတိဂုံဘုရားလမ်း။ အောက်ဘလောက်၊လသာမြို့နယ်၊ရန်ကုန်မြို့.
ဖုန်း : ၀၉ ၃၃၃ ၇၇၇ ၄၆ ၊ ၀၉ ၃၃၃ ၇၇၇ ၂၆



ဂယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များ အားလုံးကို
Robert Bosch (SEA) Pte Ltd မှ အထူးပင်ကျေးဇူးတင်ရှိပါသည်။
*ဆင်တူယိုးမှားအတုအပများကိုသတိပြုပါ။

# တိပိဋကကမ္ဘောဇဆရာတော်ပူဇော်ပွဲဖိတ်ကြားလွှာ

မော်လမြိုင်မြို့၊ တိပိဋကကမ္ဘောဇကျောင်းတိုက် ပဓာန နာယကဆရာတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၁၄) ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့အောင်မြင်သည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် တိပိဋကကမ္ဘောဇကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံ၊ မြေအစရှိသည်တို့ကို ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပူဇော်ကြပါရန် ရပ်ဝေးရပ်နီး၊ ဥပါသကာ၊ ဥပါသိကာမအပေါင်းအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအကြိုတရားပွဲများ**

၂၆-၅-၂၀၁၇ - စစ်ကိုင်း မြစကြာဆရာတော် အရှင်ဣန္ဒကာလင်္ကာရာဘိဝံသ သ. စ. သ. အ ဓမ္မာစရိယ

၂၇-၅-၂၀၁၇ - ဆတ်သွား ဂန္ဓာရုံဘုံကျော်တောရဆရာတော် အရှင်ဓမ္မဝိလာသ၊ သာသနဓဇဓမ္မာစရိယ

၂၈-၅-၂၀၁၇ - တိပိဋကကမ္ဘောဇဆရာတော် အရှင်ဝီရိယာနန္ဒတိပိဋကဓရ တိပိဋကကောဝိဒ

၂၉-၅-၂၀၁၇ - မန္တလေး အောင်ချမ်းသာဆရာတော် အရှင်ကေသရာလင်္ကာရာဘိဝံသ သ. စ. အ ဓမ္မာစရိယ ဝဋံသကာ၊ အဂ္ဂမဟာအကျော်

၃၀-၅-၂၀၁၇ - ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် ဂန္ဓာရုံဆရာတော် အရှင်ဂါရဝါလင်္ကာရာ ဘိဝံသ၊ သ. စ. အ ဓမ္မာစရိယ

တရားပွဲကျင်းပမည့်နေရာနှင့်အချိန် - မော်လမြိုင်သာသနာ့ဗိမာန် ညစဉ် ၇း၃၀ နာရီ

ပူဇော်ပွဲကျင်းပမည့်အချိန်နှင့်နေရာ - ၂၈-၅-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀ နာရီ ဈေးကြိုရပ်ကွက်၊ တက္ကသိုလ်ပတ်လမ်း၊ ဒေါင်းဇရပ်၊ တိပိဋကကမ္ဘောဇကျောင်းတိုက်ဓမ္မာရုံ

**တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ ပစ္စယာနုဂ္ဂဟအဖွဲ့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လမ်း/တံတား/အဆောက်အဦလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းပေးသွင်းလိုသူများအား တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၁။ ခွဲကျောက်ရွယ်စုံ | ၅။ သစ်ခွဲသားရွယ်စုံ |
| ၂။ အုတ် | ၆။ Four Angle |
| ၃။ ဘိလပ်မြေ | ၇။ အိမ်သုတ်ဆေး |
| ၄။ ကျောက်ရောမြေ | ၈။ Angle Iron |

တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၇ ရက် (ရုံးချိန်အတွင်း)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၆-၂၀၁၇ ရက်၊ ၁၂း၀၀ နာရီတိတိ

တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် (နေပြည်တော်ကောင်စီရုံးဝင်းအတွင်း) ဖုန်း-၀၆၇-၂၁၁၅၄၊ ၀၆၇-၅၅၀၃၂၈

**(အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# အသိပေးကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်မြေနေရာတွင် ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်း(၈၀၀)ခန်းမှ ငွေအကျေပေးသွင်းပြီး အခန်း(၆၇၀)ခန်းအား တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသို့ အခန်းသော့များ အပ်နှံပြီးဖြစ်ပါသည်။

၂။ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများ၏ ငွေပေးငွေယူသဘောတူစာချုပ်အပိုဒ်(၄) ပိုဒ်ခွဲ(က)တွင် တိုက်ခန်းတန်ဖိုးအား ပေးသွင်းရမည့်နေ့မှ (၃၀)ရက်အတွင်း ပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက ကျော်လွန်သည့်နေ့ရက်တစ်ရက်လျှင် ငွေကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် နောက်ကျဒဏ်ကြေး ပေးဆောင်ရမည်ဟုပါရှိပြီး ငွေပေးချေရမည့်အစီအစဉ်အား စာချုပ်တွင် ပူးတွဲဖော်ပြထားရှိပါသည်။

၃။ ငွေအကျေပေးသွင်းရန် ကျန်ရှိသူများမှ ပေးသွင်းရန်ကျန်ငွေအား ၃၀-၆-၂၀၁၇ ရက် (သောကြာနေ့) နောက်ဆုံးထားပေးသွင်းကြပါရန်နှင့် ပေးသွင်းခြင်းမရှိပါက သဘောတူစာချုပ်ပါအတိုင်း ဒဏ်ကြေးများပါ ပေးဆောင်ရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**"ကန့်ကွက်နိုင်ပါသည်"**

"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ မြေကွက်အမှတ်(၂၂၃)တွင်ဆောက်လုပ်ထားသော(၅)ထပ်တိုက်၏ မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသည်များအပါအဝင်အကျိုးခံစားခွင့်များအားလုံး"ကိုယခုရောင်းချသူကတရားဝင်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးကျော်ဝင်း(၁၂/သဃက(နိုင်)၀၀၀၀၆၀) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက်(စရန်)ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးမြင့်ထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၆၃) **ဒေါ်ထီရိထွိုင်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၃၈၅၉၀) **ဒေါ်ထက်ထားဆွိ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၉၉၉)

"ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားတို့အသက်နှင့်ထပ်တူအာမခံပါသည်။"

အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉၄၅၇၇၉၀၁၅၀၀

E-mail : zaluckpwint2028@gmail.com

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားနှင့် ရေရရှိရေးလုပ်ငန်းနှင့် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအား အောက်ပါရက်များအတိုင်း တင်ဒါခေါ်ယူအပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့်နေ့ရက်- ၂၂-၅-၂၀၁၇ရက်(တနင်္လာနေ့)

(ခ) တင်ဒါရောင်းချမှုပိတ်သိမ်းရက် - ၁၅-၆-၂၀၁၇ ရက် (ကြာသပတေးနေ့)၊ ၁၆း၀၀နာရီ

(ဂ) တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက် - ၁၆-၆-၂၀၁၇ ရက် (သောကြာနေ့)၊ ၁၆း၀၀နာရီ

(ဃ) တင်ဒါစည်းကမ်းချက်များရှင်းလင်းပွဲ - ၃၁-၅-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီ
ပြုလုပ်မည့်ရက်/နေရာ - ရှမ်းပြည်နယ်ကျေးလက်ဦးစီးရုံး၊ တောင်ကြီးမြို့။

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၈၁-၂၁၂၄၂၅၀/၀၈၁-၂၁၂၄၄၈၁ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**o , EHwESbo bm0ywfefu ifkefod a&;0efu D Dme**

**cifynf , fywfefu ifkefod a&;0D D Dme**

**wnfaqmuf a&;vkyfief;rsm;aqmif&G u fef**

**tdwfzGifhwif'g ac:,lcif;**

၁။ ချင်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တည်နေရာ | တည်ဆောက်ရေးလုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၁။ | ချင်းပြည်နယ် | ဟားခါးမြို့ | ပြည်နယ်ရုံးဝင်းခြံစည်းရိုးကာရံခြင်း အောက်ခံ ၂ပေ၊ ကွန်ကရစ်တိုင်၊ သံဇကာ ၆ ပေ (၅. ၀၅၀)ဧက |
| ၂။ | ချင်းပြည်နယ် | မင်းတပ်မြို့ | မင်းတပ်ခရိုင်ရုံးတည်ဆောက်ခြင်း ပေ (၄၀×၆၀)သံကူကွန်ကရစ် (၁)လုံး |

၂။ စိတ်ပါဝင်စားသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် သိရှိလိုသော အသေးစိတ်အချက်အလက်များအား ဖုန်း -၀၉ ၂၅၆၂၀၄၃၂၂၊ ၀၇၀-၂၁၆၀၂ ထံ ဆက်သွယ်စုံစမ်း၍ အဆိုပြုလွှာပုံစံအား ချင်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ရယူနိုင်ပါသည်။

၃။ အဆိုပြုလွှာပုံစံအား ၃၀-၆-၂၀၁၇ရက် (သောကြာနေ့) ရုံးချိန်အတွင်း နောက်ဆုံးထား၍ ထုတ်ယူနိုင်ပါရန် ဖော်ပြအပ်ပါသည်။

**ချင်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဟားခါးမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသည်-

(က) ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာရေးစက်ပစ္စည်း (၆)မျိုး။ Bio-chemical Oxygen Demand (BOD), Meter(၁)စုံ၊ Chemical Oxygen Demand(COD) Meter(၁)စုံ၊ Automotive Emission Analyzer (Diesel) (၁)လုံး၊ Wireless Environmental Perimeter Air Station-EPAS/915095 (Haz Scanner/USA) (Calibration+Sensors for Air Station) ($CO_2$,$O_3$,$SO_2$, SO,NO) (၁)စုံ၊ Lab Accessories (၁)စုံ၊ Wall Bench and Island Bench (ဓာတ်ခွဲခန်း စက်/ကိရိယာများတင်ရန် စားပွဲ/စင်)(၂)စုံ

(ခ) ရုံးသုံးစက်ပစ္စည်း(၄)မျိုး။ Video Conferencing System (၁)စုံ၊ Air Conditioner (1.5 HP Split Type) (၆)လုံး၊ Air Conditioner (3 HP Floor Standing Type) (၄)လုံး၊ Projector (၆)လုံး

(ဂ) ရုံးသုံးပစ္စည်း(၆)မျိုး။ Desktop Computer (i5) (၁၀လုံး)၊ Copier (၄)လုံး၊ Color Printer (Inkjet) (၁၃)လုံး၊ Printer(B/W) (၃၂)လုံး၊ Desktop Computer (i7) (၃၅)လုံး၊ Laptop(i7) (၉)လုံး

(ဃ) ပရိဘောဂပစ္စည်း (၁၀)မျိုး။ Officer Table (၄၃)လုံး၊ Armed Chair (၄၃)လုံး၊ Chair (၁၆၀)လုံး၊ Iron Cabinet(၄၀)လုံး၊ Computer Table (၄၁)လုံး၊ Computer Chair (၄၁)လုံး၊ File Shelf (၆၁)လုံး၊ Aluminium Composite Partition (8 Parts) (၂၀)လုံး၊ ကွန်းဆက်တီ (၆ယောက်ထိုင်) (၄)စုံ၊ Meeting Chair (၄၀)လုံး

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၆-၆-၂၀၁၇ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၆-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၁၅း၀၀နာရီ

၃။ ပစ္စည်းအမျိုးအစား(၁)မျိုးအတွက် အိတ်ဖွင့်တင်ဒါပုံစံ(၁)စောင်လျှင် ငွေကျပ်(၂၀၀၀) နှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးအမှတ်(၅၃)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၆၇-၄၃၁၄၉၅ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

ဆုရောင်စဉ်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသည်

AN ARAKANESE LOVE STORY.
By an Arakanese.

**မဖြူ (ရခိုင်မြေမှ ချစ်ပုံပြင်)**

**သစ်ဦးဇင်(မြန်မာပြန်)**

မူရင်းဝတ္ထုကို ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ပုံနှိပ်ကြောင်း ဖော်ပြထားသည်။ ပုံနှိပ်သည့်ခုနှစ်ကို ကြည့်လိုက်သောအခါ စိတ်ဝင်စားသွားသည်။ ၁၈၉၈ ခုနှစ်တွင် ပုံနှိပ်ကြောင်း ဖော်ပြထားသောကြောင့် ဖြစ်သည်။ ၁၉၀၄ ခုနှစ်တွင် ဂျိမ်းလှကျော် ရေးသော 'မောင်ရင်မောင်၊ မမယ်မ' ဝတ္ထုကို ပထမမြန်မာကာလပေါ်ဝတ္ထုဟု သတ်မှတ်ထားသည်။ ဤအထောက်အထားအရဆိုလျှင် ပထမမြန်မာကာလပေါ်ဝတ္ထု မပေါ်ပေါက်မီ (၆)နှစ်ကပင် အင်္ဂလိပ်စာ တတ်ကျွမ်းသော မြန်မာတို့သည် မြန်မာအကြောင်းဖွဲ့သော ကာလပေါ်ဝတ္ထုကို အင်္ဂလိပ်ဘာသာဖြင့် ရေးဖွဲ့နေပြီဟု ဆိုရမည် ဖြစ်သည်။

– မောင်ခင်မင်(ဓနုဖြူ)၏ အမှာစာမှ . . .။

ဖုန်း-၀၉၄၄၈၀၄၁၉၃၂၊ ၀၉၂၅၉၂၉၇၄၅၄၊ ၀၉၂၅၉၂၉၇၄၅၆

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

## နေပြည်တော်

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများအတွက်

## သင်တန်းသား ခေါ်ယူခြင်း

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် (Value Added) စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း (၃၁)ကြိမ် ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများအား စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသဖြင့် သင်တန်းတက်ရောက်၍ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်လိုသူများသည် အောက်ဖော်ပြပါ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများ**

* နေပြည်တော်(ရုံးချုပ်) (ဖုန်း-၀၆၇-၄၁၀၄၇၇)
* နေပြည်တော်ကောင်စီ (ဖုန်း-၀၆၇-၅၅၀၃၆၃)
* ရန်ကုန် (ဖုန်း-၀၁-၆၆၂၉၅၆)
* မန္တလေး (ဖုန်း-၀၂-၃၉၆၀၉)
* စစ်ကိုင်း (ဖုန်း-၀၇၁-၂၆၂၄၈)
* မကွေးတိုင်းဒေသကြီး (ဖုန်း-၀၆၃-၂၈၆၅၇)
* ပဲခူး (ဖုန်း-၀၅၂-၂၂၀၁၂၉၃)
* ဧရာဝတီ (ဖုန်း-၀၄၂-၂၉၂၃၁)
* တနင်္သာရီ (ဖုန်း-၀၅၉-၂၂၆၀၉)
* ကချင် (ဖုန်း-၀၇၄-၂၀၉၈၈)
* ကယား (ဖုန်း-၀၈၃-၂၄၀၀၉၇)
* ကရင် (ဖုန်း-၀၅၈-၂၃၄၂၅)
* ချင်း (ဖုန်း-၀၇၀-၂၁၆၃၉)
* မွန် (ဖုန်း-၀၅၇-၂၁၀၆၂)
* ရှမ်း (ဖုန်း-၀၈၁-၂၀၆၈၂၉)
* ရခိုင် (ဖုန်း-၀၄၃-၂၂၉၄၉)

**ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများ**

* မုံရွာ (ဖုန်း-၀၇၁-၂၁၂၃၄)
* ရွှေတောင် (ဖုန်း-၀၅၃-၅၅၀၂၈)
* မုဒုံ (ဖုန်း-၀၅၇-၇၀၁၇၃)
* ဖလမ်း (ဖုန်း-၀၇၀-၄၀၀၉၄)
* ပခုက္ကူ (ဖုန်း-၀၆၂-၂၁၁၅၅)
* မိတ္ထီလာ (ဖုန်း-၀၆၄-၂၃၅၁၆)
* မြစ်ကြီးနား (ဖုန်း-၀၇၄-၂၂၂၅၃)
* လှိုင်ကော်(ဖုန်း-၀၈၃-၂၁၆၅၇)
* ဘားအံ (ဖုန်း-၀၅၈-၂၁၆၀၇)
* မင်းတပ် (ဖုန်း-၀၇၀-၇၀၀၆၇)
* ကျောက်မဲ (ဖုန်း-၀၈၂-၄၀၀၅၈)
* တောင်ကြီး (ဖုန်း-၀၈၁-၂၁၂၁၆၁၄)
* စစ်တွေ (ဖုန်း- ၀၄၃-၂၁၅၆၀)

in partnership with University of Bedfordshire

STI MYANMAR UNIVERSITY

# Scholarship Program

www.stiedu.net

- MBA (General)
- MBA (Hospital & Health Services Management)
- MSc (Nutrition & Dietetics)

- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil & Architectural Engineering
- BEng (Hons) Electronic Engineering

- BBA in Business Management
- BA (Hons) Business Administration
- BA (Hons) Accounting



## Scholarship လျှောက်ထားနိုင်သူများ

- ဘွဲ့ကြိုအတွက် တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ (သို့မဟုတ်) **IGCSE 'O' Level** အောင်မြင်ထားသူများ၊ တက္ကသိုလ်တက်ရောက်နေသူများ၊ လုပ်ငန်းခွင်ဝင်နေသူများ
- ဘွဲ့လွန်အတွက် အသိအမှတ်ပြု ဘွဲ့ တစ်ခုခုရရှိထားသူများ၊ လုပ်ငန်းခွင် လုပ်သက် အတွေ့အကြုံ ရှိသူများ

တက္ကသိုလ်ဝင်တန်း နှင့် **IGCSE 'O' Level** အောင်မြင်ထားသော ထူးချွန်ဘွဲ့ကြို ကျောင်းသားများအား ကျောင်းလခ (၁၀၀)% အထိ၊ ထူးချွန်ဘွဲ့လွန် ကျောင်းသားများအား ကျောင်းလခ (၅၀)% အထိကို ကျောင်းသားတစ်ဦးစီ၏ အရည်အချင်းပေါ်မူတည်၍ စိစစ်အကဲဖြတ် ရွေးချယ်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။
စုစုပေါင်းပညာတော်သင် ဆု အရေအတွက် (၅၀)ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် ဘွဲ့ကြိုကျောင်းသား/သူများ၊ ဘွဲ့လွန်ကျောင်းသား/သူများသည် **မေလ (၂၅)ရက်** နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ **e-mail** ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ လျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၀၇၁၅၁/၅၂ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**YANGON**
Block-10, Phase-3, MICT Park, လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-507151/52
**MANDALAY**
B 15/16 ၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Ph: 09-783800062/63/64

**Delicious Dim Sum**

**Restaurant**

**Fillet & Vegetable Steam**

ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များကို
ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်နိုင်ပါသည်။

One Potion

Dinner

**10% off**

Exp: 30.6.17



အမှတ်(၁၅၅)၊ဝေဇယန္တာလမ်း၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့ (ရတနာလမ်းနှင့် မေတ္တာလမ်းကြား) / Ph: 09 459947571, 09 459947572

---

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

---

**ကား** မျိုးစုံ
Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ၊ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249,09541816
09-795546884

---

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

---

**MPT**
ရှေ့သို့လှမ်းချီ မြန်မာပြည်



**သောကြာနေ့တိုင်းမှာ**

ငွေဖြည့်ပြီး

**အပိုဆု**

ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | — — — | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| 10,000 Ks | 420 MB | 800 MB |

EVERY

MPT ၏ ဆွေသဟာ (သို့မဟုတ်) ရယ်ပြော အစီအစဉ်ရယူထားသော
Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm | www.facebook.com/mptofficialpage | MPTOFFICIAL | CALL CENTER 106 call free 24 hours everyday

---

**ယမင်းသူ**
ခရီးစဉ်အမျိုးမျိုးနှင့်
မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန်
ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

---

23 **မဆလာ** (ထမင်းဟင်းအမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊
သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ
အတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

---

ကျိုလိယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှကြီးမှူး၍
မျက်စိခွဲစိတ်ရန်လိုအပ်သော ချို့တဲ့သူ လူမျိုး၊ ဘာသာမရွေးအား
အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။

- နေရာ ➢ မေတ္တာဆေးခန်း (အဖွားများသုခရိပ်သာ)
  အမှတ် ၁၊ သုခလမ်း၊ ၁-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။
- အချိန် ➢ အပတ်စဉ်သောကြာနေ့ ၂း၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။
- ဖုန်း ➢ ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၁၅၂၅၉၀

---

၁၈-ကြိမ်မြောက်

**ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ**

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware

**ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ**

Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business

၁၈-ကြိမ်မြောက်

**ပညာဒါန အခမဲ့ စက်ချုပ်/မော်တာစက်ချုပ်သင်တန်းများ**

၁-၆-၂၀၁၇ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

**သင်တန်းတည်နေရာ**

ကျိုလိယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှဦးစီးသော
**အဖွားများသုခရိပ်သာ**
အမှတ်(၁)၊ သုခလမ်း၊ ၁-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊
၀၉ ၇၉၇၁၅၂၅၉၀၊ ၀၉ ၇၉၇၁၅၂၅၉၁

---

**21 AD FOR BILLBOARD ADVERTISING**

YAN GON (Pan So Dan Bridge / Ka Bar Aye Road)
PYIN OO LWIN (Man Da Lay - Lar Sho Hiway)
PYI (Yan Gon - Pyi Hiway / Pyi - Aung Lan Junction)
NAY PYI DAW
SA GAI (Man Da Lay - Mon Ywar Hiway)
LAR SHO
TAUN NGU (Yan Gon - Man Da Lay Hiway)
MATE HTE LAR (Kyauk Pa Down Hiway)
YAN GON - MAN DA LAY HIWAY
MON YWAR

KING MAKER

282 (1F), 39 STREET, KYAUK TA DAR TOWNSHIP, YANGON.
377093 240563 09 73043672 09 73200189 09 73200201
www.21advertising.net

---

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့်(ရွှေချိန်ခွင်)
**အသက် (၈၅) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၀၃)နေ [ဦးသန်းနွဲ့ (ရွှေချိန်ခွင်)]၏ ဇနီး၊ ဒေါ်လှလှနွယ် (မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ငွေပင်လယ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း)၊ ဦးမျိုးအောင်၊ ဦးလှသိန်း-ဒေါ်အေးအေးနိုင်၊ ဦးညဏ်ထွန်း-ဒေါ်လှစိုးတင် (လက်ရွေးစင်-စတိုး)၊ ဦးဇေထွန်း-ဒေါ်စိုးစိုးမြင့် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်ခန့်၊ မောင်သန့်စင်၊ မောင်ညဏ်လင်းထွန်း၊ မဂျူလိုင်ထွန်း၊ မပြည့်မှူးခင်တို့၏ ဘွားဘွားကြီး သည် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့၊ ဥက္ကံသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှစီ (ပုသိမ်) (၈၄)နှစ်
**စာရေးဆရာမ ပုသိမ် လှလှသီ**

ပုသိမ်မြို့နေ (ဦးကာစီ-ဒေါ်တင့်)တို့၏ သမီး၊ (ဒေါက်တာဦးလှထွန်း)၏ ဇနီး၊ ဦးမောင်မောင်စွယ်စုံထွန်း (လက်ထောက်ညွှန်ကြားရေးမှူး-စီမံ၊ အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်၊ပြည်ထောင်စုနယ်မြေ)၊ ဒေါ်မီမီတာရီထွန်း (ဦးစီးအရာရှိ ဧရာဝတီတိုင်းသမဝါယမရုံး)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှလှစီ သည် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) နံနက်၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့၊ သရောင်းချောင်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှရွှေ (တကက/စရ-ငြိမ်း) (မတရ) (၇၆)နှစ်

တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းကျေးရွာနေ (ဦးသော့-ဒေါ်ဖွားဆိုင်) တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ သုခိတာလမ်း၊အမှတ်(၁၄)နေ (ဒေါ်အုန်းသန်း)၏ခင်ပွန်း၊ဦးဇော်ဦး-ဒေါ်မီမီသန်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့နေ ဦးသန့်ဇော်ထူး-M.S Hashimoto Lisa၊ ဦးသန်းထိုက်အောင် တို့၏ဖခင်၊ မခင်ရု၊ မောင် Hashimoto Tigerတို့၏အဘိုး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံနေ (ဦးညိုဝိုင်း)-ဒေါ်စိန်ချုပ် တို့၏ ညီ၊ ဦးသန်းညွန့်-(ဒေါ်ခင်မြ)၊ (ဦးမောင်မောင်တာ)-ဒေါ်ခင်ထွေး တို့၏ အစ်ကို၊ ဦးသောင်းတင်-ဒေါ်ငွေးသန်း၊ ဦးတင်သိန်း-ဒေါ်ကြူကြူသန်း၊ ဦးအေးဝင်း-ဒေါ်စန်းရီ၊ ဦးစန်းမြင့်လွင်-ဒေါ်ညိုညိုဝင်း၊ ဦးသောင်းဒန်-ဒေါ်ဥမ္မာဝင်းတို့၏အစ်ကို ဦးလှရွှေသည် ၁၈-၅- ၂၀၁၇ (ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းအေး (၆၆)နှစ်
**အကြီးတန်းလေယာဉ်မောင်(ငြိမ်း)**
**မြန်မာ့လေကြောင်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၆)၊ လေးလွှာ(G)နေ (ဦးလှထွန်း-ဒေါ်အေးစိန်)တို့၏သား၊ (ဦးအောင်မင်း)-ဒေါ်အမာကြူတို့၏ သားသမက်၊ ဒေါ်အေးအေးမူ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်ခင်စန်းရီ၊ ဦးပေါအင်-ဒေါ်ကြည်ကြည်၊ ဦးလေးဆွေ-ဒေါ်နီနီတို့၏မောင်၊ ဒေါ်အေးအေး၊ ဒေါ်အုန်းအုန်း၊ ဦးထွန်းဇော်၊ ဦးငွေအောင်-ဒေါ်မြတ်မြတ်စံ၊ ဒေါ်သန်းသန်းငွေတို့၏အစ်ကို ဦးထွန်းအေးသည် ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြစိန်
## အသက်(၉၆)နှစ်
**ဇင်းကျိုက်မြို့၊ မွန်ပြည်နယ်**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအေးကြည်၏ မိခင်သည် ၁၈-၅-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းထွန်း(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်**

ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်နုနုရီ (၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးသန်းဆင့်-ဒေါ်မြသိန်း)တို့၏ဒုတိယသမီး၊ လက်ပံတန်းမြို့၊ လက်ခုပ်ပင်ရပ်နေ (ဦးမြမောင်)-ဒေါ်စိန်မေတို့၏ သမီးချွေးမ၊ ဒေါ်ခင်စန်းမြင့်၊ (ဦးမျိုးအောင်)၊ (ဦးညီညီငွေ)-ဒေါ်ခင်သက်နှင်း၊ ဦးမြင့်သိန်းဖေ-ဒေါ်ခင်ချိုဝင်း၊ ဦးကြည်တိုး(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဘေဘီ၊ ဦးရဲသိန်း-ဒေါ်ခင်ငွေ (မြန်မာ့မီးရထား)၊ ဦးမြင့်သူ-ဒေါ်မာလာ (I.W.T)၊ (ဦးဝင်းအောင်)-ဒေါ်ရွှေစင် (ရန်ကုန်တက္ကသိုလ်)၊ ဦးစိုးသန်း-ဒေါ်သီတာ(ဆောက်လုပ်ရေး)တို့၏အစ်မ/ညီမ၊ မလှိုင်ဆက်ပိုင်(ဘဏ္ဍာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မဝင်းမင်းသန်း၊ မသီတာအောင်(Easy Go Travel and Tour)တို့၏မိခင်ကြီး၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ်(၈)၊ ငါးလွှာနေ (ဦးသန်းဝင်း)၏ဇနီးသည် ၁၇-၅-၂၀၁၇ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးနေဝင်း (၅၅)နှစ်
**C-D-C 27504**
**Chief Mate (N.C.V)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူ(၁၈)လမ်း၊ အမှတ်(၈၉၈)နေ (ဦးဘသိန်း)-ဒေါ်လှမြင့် တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကျမ်းစာသင်ကျောင်းလမ်း၊ အရှေ့ကြို့ကုန်း၊ အမှတ်(၉၀၄)နေ (ဦးထွန်းရွှေ)-ဒေါ်ညွန့်ညွန့် တို့၏ သားသမက်၊ (ဦးထွန်းဦး)-ဒေါ်စန္ဒာချစ်၊ ဦးထွန်းရ-(ဒေါ်မွှေးမွှေး)၊ ရဲမှူးရဲကြည်-ဒေါ်ဝင်းဝင်းသိန်း၊ (ဦးသိန်းဝင်း)-ဒေါ်အိမွန်ခိုင် တို့၏မောင်၊ တိုက်(၆)၊ အခန်း(၂၀၂)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့နေ ဒေါ်စိုးစိုး၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး ဦးနေဝင်းသည် ၁၇-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တိုက်(၆)၊ အခန်း(၂၀၂)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်
ဒါယိကာမကြီး
## ဒေါ်မြစိန် (၉၇)နှစ်
**(ဇင်းကျိုက်မြို့)**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့နေ (ဦးဘိုးချစ်-ဒေါ်ထားခင်) တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးဇော်လင်း၊ ဦးကျော်သိန်း-ဒေါ်ရီရီဇော်၊ ဒေါက်တာစုစုထွေး၊ ဦးသော်တာစုမောင်-ဒေါ်ယဉ်မျိုးမျိုးအောင်၊ ဦးစံသာစုမောင်-ဒေါ်အိအိထွန်း၊ (ဦးတာရာစုမောင်)-ဒေါ်မြတ်လေးနွယ်၊ ဦးဧရာစုမောင်-ဒေါ်မာလာစိုးမြင့်၊ဦးအာကာမင်း- ဒေါ်မေစုမောင်၊ ဦးလင်းထက်အောင်-ဒေါ်ကေသီမွန်၊ မောင်စိုးသီဟအောင်၊ မောင်မြတ်ကောင်းခန့်၊ ဦးဇော်ထက်အောင်-ဒေါ်နုနုဝါ၊ ဦးမြင့်မြတ်အောင်-ဒေါ်ချမ်းချမ်းမွန်၊ မဟန်နီဦး၊ မောင်ကောင်းထက်စံ၊ မခိုင်စုမွန်ဦး၊ မဝင်းပပအောင်၊ မောင်ဖြိုးသီဟထွန်း၊ မဝင်းလဲ့လဲ့မေတို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ဇင်းကျိုက်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## Rev.Sui Cung
**(ကလေးမြို့)**
**အသက်(၅၃)နှစ်**
**B.E (လျှပ်စစ်) M.Div (MEGST)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နေ (ဦးပက်အော်ရ်)-ဒေါ်ညာနူးတို့၏စတုတ္ထမြောက်သား၊ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်နေ (ဦးဇုံမာန်-ဒေါ်နီပဲင်း)တို့၏သား၊ သမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊အထက်ပုဇွန် တောင်လမ်းနေ ဒေါ် Thai Vang (Lecturer ဇေဝိဂေလီမွမ္မကောလိပ်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဗန်ထာကျဲ(အိုကြူး (အထက-၃၊ ဗိုလ်တထောင်)၏မွေးသဖခင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာယာရပ်ကွက် နေ ဒေါ်ဇင်ကြွယ်-ဦးမျိုးသန့်၊ ဦးကျော်ကျော်-ဒေါ်ခင်ထွေးရီ၊ ဦးမောင်မောင်ကျော်၊ ဒေါ်တင်တင်လှ တို့၏ညီ/မောင် ရန်ကုန်မြို့၊ (၁၀)မိုင်ကုန်း၊ အင်းစိန်မြို့နယ်နေ သိက္ခာတော်ရဆရာဦးဗန်ကျဲအို-ဒေါ်ဇာနီဝင်း တို့၏ညီ၊ ဒေါ်မိချို-ဦးဗျက်လျန်ထန်(ကနေဒါ)၊ ဒေါ်မေနှင်းမူ-ဦးစောထွန်းတို့၏အစ်ကိုသည် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ခရစ်တော်၌ ဘုန်းတော်ဝင်စားသွားပါသဖြင့် ၂၀-၅-၂၀၁၇(စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုအစီအစဉ်နှင့် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (ပုဇွန်တောင်၊ ဒေါ်ပုံ၊ ယုဇနဥယျာဉ်မြို့တော် ဇေဝိဂေလိမွမ္မကောလိပ်နှင့် မ/ဒဂုံ ၄၆ ရပ်ကွက်၊ အအေးဆိုင်မှတ်တိုင်တို့မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်ထွန်းအေး
**အသက် (၄၄)နှစ်**
**စနဲမြို့၊အလယ်ပိုင်းရပ်ကွက်**

အမှတ်(၁၆)၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးမောင်မွှေးအေး)-ဒေါ်ကြည်ကြည် တို့၏သား၊ ဦးဇော်လွန်း၏ ညီ၊ ဦးစန္ဒာကြည်၊ မနီလာကြည် တို့၏အစ်ကို၊ ဒေါ်နွယ်နွယ်သိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မချိုမာမြင့်၏ဖခင်ဦးဇော်ထွန်းအေးသည် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) ညနေ ၅း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် ရန်ကုန်ဆေးရုံကြီး အအေးတိုက်တို့မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ (၉၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၀၃)နေ (ဦးထွန်းစိန်-ဒေါ်အုန်းမေ)တို့၏သမီး၊ (ဗိုလ်မှူးလှမြင့်-ငြိမ်း)၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်အေးအေးမြင့်၊ ဦးကျော်ဦး-ဒေါ်ခတ္တာမြင့်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းရီ (၇၇)နှစ်
**ပ/၂၅၂၀ အောင်ဆန်းအပတ်စဉ်(၄)**
**ခရိုင်အုပ်ချုပ်ရေးမှူး(ငြိမ်း)**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ် (၈၈)နေ (ဦးဘဆိုင်-ဒေါ်မြရီ)တို့၏ သား၊ ဒေါ်ညိုညိုခင် (အထပြ-ငြိမ်း၊ ကြည့်မြင်တိုင်)၏ ခင်ပွန်း၊ ဒေါ်တင်ညိုထွန်း (ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးသက်အောင်စိုး (2nd mater FG)-ဒေါ်ဇင်ညိုထွန်းတို့၏ဖခင်၊ မောင်မြတ်သုတ (Grade-8၊ အလက-၁၊ ဒဂုံ)၊ မနှင်းအာရုဏ်လင်း(Grade-3၊ အလက-၁၊ ဒဂုံ) တို့၏အဘိုးသည် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၇ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းအေး (၆၆)နှစ်
**အကြီးတန်းလေယာဉ်မောင်(ငြိမ်း)၊ မြန်မာ့လေကြောင်း**
**AGM (Catering Dept)**
**Air KBZ Ltd**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၆)၊ လေးလွှာ(G)နေ (ဦးလှထွန်း-ဒေါ်အေးစိန်)တို့၏သား၊ (ဦးအောင်မင်း)-ဒေါ်အမာကြူတို့၏သားသမက်၊ ဒေါ်အေးအေးမူ၏ ချစ်လှစွာသော ခင်ပွန်း၊ ၊ (ဦးမျိုးမြင့်စိုး)၊ (ဦးမျိုးထွန်း)-ဒေါ်ကြည်ခင်၊ ဦးစိုးစိုး-ဒေါ်ခင်နန်းအေး၊ ဦးဆန်နီ-ဒေါ်ဥမ္မာ၊ ဦးသိန်းထွန်းလှ-ဒေါ်ချိုချိုသက်၊ ဦးခင်ဝင်း-ဒေါ်မြမြသိန်း၊ ဦးတီးတိုး-ဒေါ်တင်မို့မို့ဝင်း၊ ဦးငွေအောင်၊ ဦးခင်ဇော်တို့၏အစ်ကို/ညီ ဦးထွန်းအေးသည် ၁၆-၅-၂၀၁၇(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅- ၂၀၁၇(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်
ဒါယိကာမကြီး
## ဒေါ်မြစိန် (၉၇)နှစ်
**(ဇင်းကျိုက်မြို့)**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့နေ (ဦးဘိုးချစ်-ဒေါ်ထားခင်) တို့၏ သမီး၊ ရန်ကုန်မြို့နေ ဒေါက်တာမိုးဇော်-ဒေါက်တာစုစုရီ၊ ဦးလှမြင့်မောင်(MPPE-ငြိမ်း၊ Managing Director - New Day Energy Co.,Ltd.) - ဒေါ်စုစုတီ၊ (ဦးငွေးကြည်-ဒေါ်တင်မြင့်)၊ ဦးအေးကြည် (စိတ်တိုင်းကျ)-ဒေါ်ငွေးငွေးဝင်း၊ ဒေါ်အုန်းမြင့်၊ ဦးလှမြင့်အောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးငွေးအောင်၊ ဦးဝင်းဗိုလ်၊ ဦးညဏ်သိန်း-ဒေါ်စုစုလွင်၊ ဦးညဏ်ထွန်း-ဒေါ်သုဇာထွန်း တို့၏ မွေးသမိခင် ကျေးဇူးရှင်၊မြေး ၁၉ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး၊ (ဦးကျင်စု)၏ ချစ်လှစွာသောဇနီးသည် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ဇင်းကျိုက်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဆန်နီ (၇၂)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊တိုက်(၂)၊အခန်း(၄၂)၊ ရွှေအုန်းပင်အိမ်ရာ၂ နေ ဒေါ်အေးသိန်း၏ ခင်ပွန်း၊ (ဦးဘသန်း-ဒေါ်တင်ရီ)၊ (ဦးစိမြင့်-ဒေါ်စောကြည်)တို့၏သားသမက်၊ ဦးရွှေအောင်-(ဒေါ်သိန်းသိန်း)တို့၏ ညီ/မောင်၊ (ဦးငွေထွန်း-ဒေါ်ဝင်းသန်း)၊ (ဦးလှချို-ဒေါ်သန်းမြင့်)၊ ဦးမြင့်ကြည်-ဒေါ်ခင်အေး၊ ဦးမြင့်စိုး-(ဒေါ်နွဲ့နွဲ့ရီ)၊ ဦးခင်မောင်ဝင်း-ဒေါ်ဝင်းမာတို့၏ အစ်ကို၊ မဖြူဖြူခင်၊ မကြူကြူလွင်၊ မမြတ်မြတ်သူ၊ ကိုမျိုးကိုကို-မရတနာလွင်တို့၏ဖခင်၊ မထက်အိန္ဒြေသျှင်၊ မောင်သိက္ခာမောင်တို့၏ အဘိုးသည် ၁၆-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၇(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်မြသန်း (၉၁)နှစ်
**ပဲခူးမြို့**

ပဲခူးမြို့၊ သနပ်ပွင့်လမ်း၊ အမှတ်(၅၇)၊ မော်ကွန်းနှင့်အမျိုးသားမန့်တိုက်နေ (ဦးလှမောင်-ဒေါ်အေးခင်)တို့၏ သမီး၊ [(ဦးတင်မောင်လေး (လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်)]၏ ဇနီး၊ ဦးစောလွင်-ဒေါ်တင်တင်ဝေ၊ ဦးမောင်မောင်-ဒေါ်ဝင်နီသိန်း၊ (ဒေါက်တာမြင့်သန်းဝင်း)-ဒေါ်ကေသီဦး၊ ဒေါ်ခိုင်ခိုင်ဆွေ၊ ဦးတင်ထွန်းလွင်-ဒေါ်ခင်ဆွေဇင်ထွန်း၊ ဒေါ်စန္ဒာထေရီ၊ ဦးဟန်ဝင်းအောင်-ဒေါ်ခိုင်သီတာဆွေ တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်၏ ဘွားဘွားကြီးသည် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်မေ (ဗိုလ်ကြီး-ငြိမ်း) တဆရ(၂)
**အသက် (၆၃) နှစ်**

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်နေ (ဦးသန်းဖေ-ဒေါ်ပြုံးကြည်)တို့၏သမီး၊ ဒေါ်တင်တင်အုန်း၊ ဒေါ်စောစံစိန်တို့၏ တူမ၊ ဦးမြဆောင်-ဒေါ်ကြူကြူဆွေ၊ ဒေါ်မူမူဆွေ၊ ဦးအောင်နိုင်-ဒေါ်အေးအေးဖြူတို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၄၅)နေ ဦးထွန်းရွှေ(ဒုရဲမှူး-ငြိမ်း၊ CID)၏ချစ်လှစွာသောဇနီး၊ ကိုကောင်းမြတ်ထွန်း-မသုဇာထွန်းမယဉ်မင်းထွန်းတို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) နံနက် ၄ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇(စနေနေ့) မွန်းတည့် ၁၂ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၄၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကာရုညမဟာထေရ်
## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်
**မူလဓမ္မာစရိယ သိန်ကျွန်းသံဃာ့ပဝါရဏာဂဏာဓိပတိ**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ကျုံလမုကျေးရွာအုပ်စု၊ ကျုံလမုကျေးရွာ၊ ကျုံလမုကျောင်း ပဓာန နာယက ထိန်ကျွန်းသံဃာ့ပဝါရဏာဂဏာဓိပတိ ဂိုဏ်းချုပ်ဖြစ်တော်မူသော ဘဒ္ဒန္တကာရုည မဟာထေရ် အရှင်သူမြတ်သည် (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်နေ့)၊ ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄၊၁၅ နယုန်လဆန်း ၁ ရက်)၊၂၄၊ ၂၅၊ ၂၆၊ (၅)လ ၂၀၁၇ ရက်နေ့များတွင် အန္တိမဈာပနအကြို ဓမ္မပူဇာတရားပွဲများ ကျင်းပပြီး နယုန် လဆန်း(၂)ရက် ၂၇-၅-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် စံကျောင်းမဏ္ဍပ်သို့ ပင့်ဆောင်၍ ယောဉ်တော်ကျူး ပူဇော်ပြီး နယုန်လဆန်း ၃ ရက်၊ ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်၍ ကြွင်းကျန်ရစ်သော သရီရဓာတ်တော်ကို ကွန်ပလိုင်းမြစ်အတွင်း ဓာတုဒကပူဇာ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ ဆွေတော်မျိုးတော်များအား အသိပေး အကြောင်းကားအပ်ပါသည်။

**ဈာပနကော်မတီ**
**ကျုံလမုကျောင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ရေကန်၊ ဇရပ် ဒါယကာကြီး
## ဦးအေးသန့် (၈၂)နှစ်
**အထွေထွေမန်နေဂျာ(ငြိမ်း)**
**ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်း**
**ကုန်သွယ်ရေးဝန်ကြီးဌာန**
**ဥက္ကဋ္ဌ(ငြိမ်း)၊ နာရေးကူညီမှုအသင်း၊ ရန်ကုန်မြို့**
**Chairman**
**Prime-Boss Company Limited.**

သထုံမြို့နေ ဦးချိန်ဝမ်-ဒေါ်ကျင်ယုံ တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာလမ်း(ရွှေမင်းဝံကျောင်းတိုက်ရှေ့)၊ အမှတ်(၈၂/၃)၊ ဗဟန်းမြို့နယ်နေ ဒေါ်အေးရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမင်းနိုင်သန့် (Australia)၊ ဦးဝင်းနိုင်သန့်၊ ကိုဆန်းနိုင်သန့်၊ မသက်လျာဦး(Singapore) တို့၏ ချစ်လှစွာသောဖခင်၊မြေးခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြသောင်း(ခ)ဦးခင်မောင်မြင့် အသက်(၇၀)
**Harry Sein**
**(B.A,R.L)**
**St.Paul ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ တိုက်(၁)၊ အခန်းအမှတ်(၁/ဘီ)နေ (ဦးစိန်-ဒေါ်စောညွန့်)တို့၏သား၊ (ဦးဘို-ဒေါ်ထား) တို့၏သားသမက်၊ ဒေါက်တာခင်မောင်သွင်-ဒေါက်တာမမြင့်ဦးတို့၏ညီ၊ ဦးကိုကို-ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာလဲ့၊ ဦးခင်မောင်ဝင်း-ဒေါ်ခိုင်အေး၊ ဦးခင်မောင်ထွေး-ဒေါ်ငွေးငွေးရီတို့၏အစ်ကို၊ ဒေါ်ဝင်းရွှေ၏ခင်ပွန်း၊ ဦးနေလင်းထွန်း (ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ကြည်လင်းသန်း၊ ဦးဇော်ဝင်းသောင်း(2nd Officer)-ဒေါ်အိရွှေစင်နိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) နံနက်၇း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်ကန်တော်လေး၊ ဖို့မြေဓမ္မာရုံ၊ မင်္ဂလာတောင်ညွန့်မှကားများ နံနက်၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်အေး(အိုးသည်ကုန်း) (၆၉)နှစ်
**ဦးစီးအရာရှိ (ငါးလုပ်ငန်းဦးစီးဌာန)**
**အုတ်ဖိုမြို့နယ်အသင်း(မြန်မာစာ ၁၉၇၀-၇၄)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ်(၁၅)၊ ဇလွန်လမ်းနေ (ဦးဇော်ဖေ-ဒေါ်ခင်ညွန့်)တို့၏သား၊ ဦးသာညွန့်- ဒေါ်လှလှ တို့၏သားသမက်၊ ဦးခင်ဇော်-ဒေါ်ခင်လေးနွယ်၊ ဒေါ်ခင်သန်းဆွေ (ကြံလုပ်ငန်း၊ ငြိမ်း (First Top Co.,Ltd)တို့၏ညီ/မောင်၊ မဇာဇာဇော်၊ မစိမ့်စိမ့်ဇော်၊ ကိုဖြိုးအောင်ဇော်-မအိမွန်ဖြိုး၊ ကိုမိုးအောင်ဇော်-မမေသူအုန်းလွင်ထူးတို့၏ဦးလေး၊ မောင်အောင်အံ၊ မကောင်းရွှေရည်ဇော်တို့၏ချစ်လှစွာသောဘိုးဘိုးလေးသည် ၁၇-၅-၂၀၁၇ ရက် မွန်းလွဲ ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးအေးဆွေ (၆၅)နှစ်
**B.Ag (၁၉၇၇ မတ်လ)**
**မြန်မာအာရစ္စတားကုမ္ပဏီ**

သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ရွာနေ (ဦးအုန်းမောင်-ဒေါ်သန်းညွန့်) တို့၏သား၊ မန္တလေးမြို့၊ လမ်း(၈၀)နေ (ဦးရွှေ-ဒေါ်ငွေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အမှတ်(၃၀၆-၆ဘီ)နေ ဒေါ်မြမြ (စိုက်ပျိုးရေးဦးစီးဌာန-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မဖြိုးဖြိုးထွန်း၊ မောင်မိုးထက်ကျော်တို့၏ချစ်လှစွာသောဖခင်သည် ၁၇-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) ည၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇(စနေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါသည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
## ဦးစိုးမြင့် (၆၂)နှစ်
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ညောင်ဦးမြို့၊အိုရင်းရွာနေ(ဦးအောင်ရှိန်-ဒေါ်တင်နု)တို့၏သား၊ ညောင်ဦးမြို့၊ ကန်သာယာရပ်နေ (ဦးအောင်ငွေ-ဒေါ်ခင်စန်းမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဈေးမြောက်လမ်း၊ E-ကွန်ဒို၊ အခန်းအမှတ်(A-1/1)နေ ဒေါ်ခင်နီလာ(အလပြ၊ အထက-၂ လသာ)၏ ချစ်လှစွာသောခင်ပွန်း၊ မသန္တာဆွေ(ဆေးတက္ကသိုလ်-၁၊ Final Part II)၏ချစ်လှစွာသောမွေးသဖခင်သည် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၁၅ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကျပ် ၅၀၀ တန် အောင်ဘာလေထီ ဆုမဲများ တိုးမြှင့်ရန် ဆောင်ရွက်နေ

**ရန်ကုန် မေ ၁၈**

ကျပ် ၅၀၀ တန် အောင်ဘာလေထီဆုမဲများကို တိုးမြှင့်ချီးမြှင့်ပေးရန် ဆောင်ရွက်နေကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

လက်ရှိတွင် ကျပ် ၅၀၀ တန် အောင်ဘာလေထီဆုမဲများကို အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းအပါအဝင် ကျပ်သိန်းငါးထောင်စု တစ်ဆု၊ ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု၊ ဆုတစ်ဆုချင်း စနစ်တွင် ကျပ်သိန်းတစ်ရာဆု၊ ကျပ်သိန်းငါးဆယ်ဆု၊ ကျပ်ဆယ်သိန်းဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု၊ ကျပ်နှစ်သိန်းဆု၊ ကျပ်တစ်သိန်းဆု၊ ကျပ်ငါးသောင်းဆုတို့ဖြစ်ပြီး ထီလက်မှတ် ရောင်းချခဲ့သည့်အပေါ်မူတည်၍ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ခွဲဝေပေးရာ ဆုမဲပေါင်းတစ်သိန်းဝန်းကျင်ခန့် ပေးအပ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆုမဲများခွဲဝေပေးအပ်လျက်ရှိရာတွင် အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းဆုအပြင် ကျပ်သိန်း ငါးထောင်ဆု နှစ်ဆုခန့်၊ ကျပ်သိန်း သုံးထောင်ဆု သုံးဆုခန့်၊ ကျပ်သိန်း တစ်ထောင်ဆုတို့အပြင် ဆုမဲများကို ဝေဝေဆာဆာတိုးမြှင့်ပေးအပ်သွားရန် စီစဉ်လျက်ရှိသည်ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောသည်။

"ထီဆုမဲတွေကို ပိရမစ်ပုံစံမျိုးနဲ့ အပေါ်က ဆုကြီးကနေ အောက်မှာ ဆုမဲတွေ ဝေဝေဆာဆာနဲ့တိုးမြှင့်ပေးအပ်ဖို့ ရည်ရွယ်ထားပါတယ်။ အကွာအလုံးရေတိုးတာနဲ့အမျှ ထီဆုမဲတွေကိုလည်း တိုးမြှင့်ပေးအပ်မယ်။ နောက်လာမယ့် (၄)ကြိမ်မြောက်

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✻**



မဟာယူနိုက်တက်နှင့်ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။

# ရတနာပုံအသင်း ကွာတားဖိုင်နယ်တက်

**ရန်ကုန် မေ ၁၈**

၂၀၁၇ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ဒုတိယအဆင့် စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

ရတနာပုံ - ငါးဂိုး
မဟာယူနိုက်တက် - ဂိုးမရှိ

နာမည်ကြီး ကစားသမားများ အစုံအလင်ပါဝင်လာသည့် ရတနာပုံအသင်းသည် မဟာယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ကွာတားဖိုင်နယ်တက်ရောက်သွားသည်။ ရတနာပုံအသင်းသည် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း မဟာယူနိုက်တက်အသင်း၏ ရုန်းကန်မှုကြောင့် မိနစ် ၆၀ ကျော်အထိ ခက်ခက်ခဲခဲကစားခဲ့ရသည်။

ရတနာပုံအသင်းသည် ပထမတန်းအသင်းနှင့်တွေ့ဆုံသော်လည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မဟာယူနိုက်တက်အသင်းနည်းပြချုပ် ဦးဇော်လင်းထွန်းသည် ကစားသမားဘဝနောက်ဆုံးကစားခဲ့သော ရတနာပုံအသင်းနှင့် ပြန်လည်တွေ့ဆုံသောပွဲတွင် အတောင့်တင်းဆုံး

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○**




# နန့်စီပွန်ကျောက်စိမ်းလုပ်ကွက်၌ တိုင်းဒေသကြီးအစိုးရက လုပ်ငန်းစဉ် လေးရပ်ဖြင့် ဆက်လက်ဆောင်ရွက်မည်

**ခန္တီး မေ ၁၈**

ခန္တီးမြို့နယ် နန့်စီပွန်ဒေသ မကျန်ခကျောက်စိမ်းလုပ်ကွက်ဖြစ်သည့် မြန်မာအင်ပီရီရယ်ဂျိတ်ကုမ္ပဏီတွင် မေ ၁၇ ရက် နံနက် ၈ နာရီခွဲက ရေမဆေးကျောက်ရှာသူများနှင့် လုံခြုံရေးတာဝန်ယူထားသူများကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ရာ မေ ၁၈ ရက်မွန်းလွဲပိုင်းအထိ အတည်ပြုသတင်းအရ ရေမဆေးကျောက်ရှာသူ သုံးဦးသေဆုံးခဲ့ပြီး မြန်မာအင်ပီရီရယ်ဂျိတ်ကုမ္ပဏီ၏ မီးရှို့ခံရသောဆီလှောင်ကန်အရေအတွက်သည် ဂါလန် ၁၃၀၀ ဆံ့ ၃၈ လုံးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏အတည်ပြုထုတ်ပြန်သောသတင်းအရ သိရသည်။ သေဆုံးသူ ရေမဆေးကျောက်ရှာသူသုံးဦးသည် ဟုမ္မလင်းမြို့နယ် ကြက်ရှာစွန်းရွာ၊ ယင်းမာပင်မြို့နယ် ကျောက်မှော်ရွာနှင့် နန်ဖီးလင်းချောင်းဝရွာတို့တွင် နေထိုင်သူများဖြစ်ကြောင်း သိရသည်။

တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရှိရေးနှင့် ကုမ္ပဏီနှင့် ရေမဆေးကျောက်ရှာသူများအကြား ပဋိပက္ခဖြစ်ပွားမှုဖြေရှင်းရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခန္တီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မေ ၃၀ ရက် နောက်ဆုံးထား၍ ရေမဆေးကျောက်ရှာဖွေသူများထွက်ခွာရန်နှင့် ကုမ္ပဏီများ၏ကျောက်တူးဖော်နေမှုများ ရပ်ဆိုင်းထားရန်ဆိုသောအချက်များကို အကောင်အထည်ဖော်ရန် ဒေသန္တရတားမြစ်မိန့်ပုဒ်မ ၁၄၃ ကို ထုတ်ပြန်ကြေညာပြီးနောက် မေ ၁၆ ရက်မှ စတင်ကာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

